# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ ရက်တွင် စတင် တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၀ ပြည့်နှစ် ဝါခေါင်လဆန်း ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday 23 August 2018 ၉၃၈၇


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

စင်ကာပူနိုင်ငံသို့ အလုပ်သဘောချစ်ကြည်ရေး ခရီးသွားရောက်ခဲ့သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဩဂုတ် ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အထူးလေယာဉ်ဖြင့် စင်ကာပူနိုင်ငံမှ ပြန်လည်ထွက်ခွာသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဝါရင့်ဒုတိယဝန်ကြီး Dr.Mohamad Maliki Bin Osman၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးငွေအောင်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး Ms.Vanessa Chan၊ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းမြတ်နှင့် ဇနီး၊ မြန်မာ သံရုံးဝန်ထမ်းမိသားစုများနှင့် တာဝန်ရှိသူများက စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံး ယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

သတင်းစဉ်



**ပို့ဆောင်နှုတ်ဆက်**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

သတင်းစဉ်

**ရာနှုန်းပြည့်**

(၂၂-၈-၂၀၁၈)

**နေပြည်တော်**
မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။
**ရန်ကုန်**
မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။
**မန္တလေး**
မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ စင်ကာပူနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်နှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်

စာမျက်နှာ » ၄


KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ရှေ့ခရီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံး၏ ဖိတ်ကြားချက်အရ စင်ကာပူနိုင်ငံသို့ အလုပ်သဘောချစ်ကြည်ရေးခရီး ဩဂုတ်လ ၁၉ ရက်နေ့က သွားရောက်ခဲ့သည်။ ခရီးစဉ်အတွင်း စင်ကာပူနိုင်ငံသမ္မတနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့သည်။

ထို့အပြင် စင်ကာပူဝန်ကြီးချုပ် လီရှန်လုံးနှင့်တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ရေး၊ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ စင်ကာပူနိုင်ငံမှ အပြုသဘောဆောင် ဆက်လက်ထောက်ခံအားပေးရေး၊ အာဆီယံအပါအဝင် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

စင်ကာပူနိုင်ငံချစ်ကြည်ရေးခရီးစဉ်၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ရာ "အသွင်ကူးပြောင်းရေးတစ်ရပ်ဆိုသည်မှာ အရှင်းလင်းဆုံးပြောရလျှင် တစ်နေရာမှ အခြားတစ်နေရာသို့ ကူးပြောင်းသွားသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ရောက်ရှိရမည့် အကွာအဝေးနှင့် လျှောက်လှမ်းဖြတ်သန်းရမည့်ခရီးကြမ်း၏ သဘောသဘာဝက ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ၏ အတိုင်းအတာနှင့် ရှုပ်ထွေးမှုကို ပြဋ္ဌာန်းပေးပါကြောင်း" ဦးစွာပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ကာလရှည်ကြာ အခြေခိုင်မာနေသော အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ ဖြတ်သန်းလျှောက်လှမ်းရာတွင် လက်ရှိကာလအသွင်ကူးပြောင်းရေးမှာ အရှုပ်ထွေးဆုံးနှင့် စိန်ခေါ်မှုအများဆုံး ကာလဖြစ်သည်။ အစတွင် ပီပြင်မှုမရှိ၊ စတင်တာဝန်ယူသည့်အခါတွင်လည်း တိကျရေရာမှု မရှိခဲ့ချေ။ အခက်အခဲများ၊ စိန်ခေါ်မှုများနှင့်ကြုံတွေ့ခဲ့ရသည်။ ယင်းတို့နှင့်ပတ်သက်၍ "မိမိတို့ပြည်သူများ၏ အသိအမြင်အထူးသဖြင့် ဒီမိုကရေစီအသိအမြင်များမှာ ဆက်စပ်မရနိုင်အောင် ကွဲပြားခြားနားနေကြသည့်အလျောက် အဆိုပါ ကွဲပြားခြားနားမှုများသည် ယနေ့မိမိတို့နိုင်ငံက ဖြတ်သန်းနေရသည့် အသွင်ကူးပြောင်းမှုအပေါ်တွင် အကျိုးသက်ရောက်မှု ဖြစ်နိုင်ပါကြောင်း" အခြေအနေမှန်ကို ပြောကြားခဲ့သည်။

ဒီမိုကရေစီအသွင်ကူးပြောင်းမှု၌ ပြည်သူ့ဆန္ဒနှင့်အညီ လမ်းကြောင်းတစ်ခုကိုချမှတ်ခဲ့ပြီး ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ဒီမိုကရေစီပန်းတိုင်ကိုဦးတည်လျက်ရှိသည်။ ပြည်သူများသည် ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေး၊ ရုပ်ပိုင်း၊ စိတ်ပိုင်းလုံခြုံရေးနှင့် ကလေးငယ်များအနာဂတ်အခွင့်အလမ်းများရရှိရေးကို လိုလားနေကြသည်။ ယခုအသွင်ကူးပြောင်းရေးဖြစ်စဉ်၏ အောင်မြင်မှုအတိုင်းအတာကို ပြည်သူများနှင့်အတူ ပြည်သူ့ဆန္ဒများအား မည်မျှအထိ ဖြည့်စွမ်းပေးနိုင်ခဲ့သည်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားချက်နှင့်အညီ သုံးသပ်ကြည့်ရမည်ဖြစ်သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်တွင် ကြုံတွေ့နေရမှုများနှင့် စိန်ခေါ်မှုများကို ရှင်းရှင်းလင်းလင်း ပြောကြားခဲ့ပြီး ဖြစ်သည်။ မြန်မာနိုင်ငံ၏ရှေ့ခရီးအတွက် အာဆီယံနိုင်ငံများ၏ တူညီသောအတွေ့အကြုံ၊ စည်းလုံးညီညွတ်မှု၊ ကူညီရိုင်းပင်းမှု၊ စုပေါင်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ကြိုးပမ်းအားထုတ်မှု စသည်တို့မှာ နမူနာယူစရာသာဓကများ ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်၏ အောင်မြင်မှုကိုတိုင်းတာရာတွင် အရှုပ်ထွေးဆုံး၊ စိန်ခေါ်မှုအများဆုံးကာလများကို ဖြတ်သန်းလာခဲ့ရသည့်ကြားမှ ပြည်သူ့ဆန္ဒများအား မည်မျှအထိ ဖြည့်စွမ်းပေးနိုင်ခဲ့သည်၊ ပြည်သူများကလည်း မည်မျှအထိ ပါဝင်ဆောင်ရွက်ခဲ့ကြသည်တို့ကို ကိုယ်စီကိုယ်စီ ဆန်းစစ်သုံးသပ်၍ ရှေ့ခရီးဆက်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
အခြေခံပညာဦးစီးဌာနနှင့် မင်းဘူးခရိုင်စီမံခန့်ခွဲမှုကော်မတီတို့
ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်



ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( မင်းဘူးမြို့ )

၂၀၁၈ ခုနှစ်၊ဩဂုတ်လ(၂၅ / ၂၆)ရက် စနေနေ့၊ တနင်္ဂနွေနေ့ များတွင်
နံနက်(၉) နာရီမှ ညနေ (၅) နာရီ အထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
အ . ထ . က (၁)၊ မင်းဘူးမြို့

## ပဲခူးမြစ်ရေ အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၂**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သဖြင့် အဆိုပါ မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။ **မိုး/ဇလ**

# မင်းဘူးမြို့တွင် ကလေးစာပေပွဲတော် စည်ကားစွာ ကျင်းပနိုင်ရေး ဗီနိုင်းပိုစတာများ တပ်ဆင်

**မင်းဘူး ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့ အထက(၁) ကျောင်းတွင် ကလေးစာပေပွဲတော်ကို ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကဏ္ဍစုံလင်စွာဖြင့် ကျင်းပသွားမည်ဖြစ်ရာ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဗီနိုင်းပိုစတာများဖြင့် တပ်ဆင်လျက်ရှိကြောင်း သိရသည်။

ကလေးစာပေပွဲတော်ကျင်းပမည့် ကြော်ငြာဗီနိုင်းဆိုင်းဘုတ်များကို မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ခရိုင်လမ်းဦးစီးဌာနတို့က မင်းဘူးမြို့ရှိ လူစည်ကားရာ နေရာများဖြစ်သည့် တောင်လှည်းကောက်၊ မြောက်လှည်းကောက်အပိုင်းတို့တွင် မြေစိုက်ဗီနိုင်းပိုစတာများ စိုက်ထူပြီး မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးရှေ့တွင် လမ်းဖြတ်ဗီနိုင်းပိုစတာများ ချိတ်ဆွဲကာ ခရိုင်အတွင်း မြို့နယ်များရှိ လူစည်ကားရာ နေရာများ၌ မြေစိုက်ဗီနိုင်းပိုစတာများစိုက်ထူထားကြောင်း သိရသည်။

ထို့အပြင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ခရိုင်/ မြို့နယ် လမ်းဦးစီးဌာနဝန်ထမ်းများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကလေးစာပေပွဲတော် ကျင်းပမည့် အထက (၁) ကျောင်းဝင်းတွင် မုခ်ဦး ဆောက်လုပ်ခြင်း၊ ဖျော်ဖြေရေးစင်မြင့် ဆောက်လုပ်ခြင်း၊ ဦးသြဘာသခန်းမ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါ ကလေးစာပေပွဲတော်ကို မင်းဘူးမြို့ အထက (၁) ကျောင်းတွင် ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက်တို့၌ ပြိုင်ပွဲများ၊ ပြခန်းများ၊ အားကစားပြိုင်ပွဲများ၊ အသိပညာပေးဟောပြောပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**

# ကံမမြို့နယ် ရေနံ့သာတံတား ပြန်လည်ဆောက်လုပ်ပြီးစီး

**ကံမ ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် သရက်-ကံမ ကားလမ်းပေါ်ရှိ ရေနံ့သာကျေးရွာ၏ မြောက်ဘက်ကပ်လျက် မိုင်တိုင်အမှတ်(၂၀/၀) အနီး မင်းတုန်းချောင်းကူး ရေနံ့သာဘေလီတံတားသည် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇွန် ၁၂ ရက်က ချောင်းရေနှင့်အတူ မျောပါပျက်စီးသွားသဖြင့် တံတားဦးစီးဌာန တံတားတည်ဆောက်ရေး (၃) မှ ပြန်လည်ဆောက်လုပ်ခဲ့ရာ ပြီးစီးသွားပြီဖြစ်သည့်အတွက် ဩဂုတ် ၂၂ ရက်မှစတင်၍ ပြည်သူများ အဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ပြီ ဖြစ်သည်။ ထိုသို့ပြန်လည်တည်ဆောက်ခဲ့ရာတွင် ချောင်းရေလျှံသည့်အချိန်များ၌ ခံနိုင်ရည်ရှိရန်အတွက် မူလတံတားအရှည် ပေ ၇၂၀



အား ပေ ၃၀၀ ထပ်မံတိုးချဲ့၍ စုစုပေါင်းအရှည် ပေ ၁၀၂၀ နှင့် မူလအမြင့်ထက် သုံးပေ မြှင့်တင်တည်ဆောက်ခဲ့ပြီး အဆိုပါရေနံ့သာတံတားသည် မကွေး-သရက်-ကံမ-ပြည် ကားလမ်းပေါ်၌ အရေးပါသော ဘေလီတံတားတစ်စင်း ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

ကြေးမုံ

ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၇ ရက် ၁၇ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၂

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဩဂုတ် ၂၁ ရက်တွင် စင်ကာပူနိုင်ငံ Grand Hyatt ဟိုတယ်၌ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်း ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။**

**(ယမန်နေ့မှ အဆက်)**

မိမိတို့၏ အသွင်ကူးပြောင်းရေးအတွက် လမ်းပြမြေပုံအဖြစ် ရှုမြင်နိုင်သော မြန်မာနိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွင် မဏ္ဍိုင်သုံးခုက အထောက်အပံ့ပြုထားသည့် ရည်မှန်းချက်ငါးခုရှိပါကြောင်း။

ပထမရည်မှန်းချက်မှာ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးဖြစ်ပြီး ဒုတိယရည်မှန်းချက်မှာ စီးပွားရေးတည်ငြိမ်မှုနှင့် အကြီးစားစီးပွားရေး စီမံခန့်ခွဲမှုများအားကောင်းလာရေးဖြစ်ပါကြောင်း၊ ယင်းတို့မှာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဟူသော မဏ္ဍိုင်အပေါ် တည်မှီနေပါကြောင်း၊ တတိယရည်မှန်းချက်မှာ သာယာဝပြောမှုနှင့် မိတ်ဖက်ဖြစ်မှုဟူသော မဏ္ဍိုင်နှင့်သက်ဆိုင်သည့် အလုပ်အကိုင်ဖန်တီးမှုနှင့် ပုဂ္ဂလိကကဏ္ဍဦးဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပါကြောင်း၊ ပြည်သူနှင့် ကမ္ဘာကြီးပါဝင်သော တတိယမဏ္ဍိုင်က ၂၁ ရာစု လူမှုအသိုက်အဝန်းအတွက် လူသားအရင်းအမြစ်နှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် စတုတ္ထရည်မှန်းချက်ကို အထောက်အပံ့ပြုကြောင်း၊ ပဉ္စမရည်မှန်းချက်မှာ နိုင်ငံသာယာဝပြောမှုအတွက် သဘာဝအရင်းအမြစ်များနှင့် ပတ်ဝန်းကျင်ဖြစ်ပါကြောင်း။

ရည်မှန်းချက် တစ် နှင့် နှစ်မှာ အပြန်အလှန် အမှီသဟဲပြုကြပြီး ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုမဏ္ဍိုင်သာမရှိပါက ၎င်းတို့ရပ်တည်၍မရနိုင်ပါကြောင်း၊ မိမိတို့အနေဖြင့် အသွင်ကူးပြောင်းရေး လမ်းကြောင်းပေါ် ရောက်ရှိခဲ့ပြီဖြစ်ရာ ယင်းမဏ္ဍိုင် တည်ဆောက်ရေးသည် မိမိတို့ ဖော်ဆောင်ရမည့် ပထမဦးဆုံးတာဝန်ဖြစ်ပါကြောင်း၊ မိမိတို့ အစိုးရသစ် စတင်တာဝန်ယူခဲ့သော ၂၀၁၆ ခုနှစ် မတ် ၃၀ ရက် အစပိုင်းကစ၍ ယခင်အစိုးရက ဖော်ဆောင်ခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စီမံကိန်းချကာ ဆက်လက်အကောင်အထည် ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

လွတ်လပ်ရေးနှင့်အတူ မွေးဖွားလာခဲ့ပြီး နိုင်ငံတော်ကို ယိုယွင်းပျက်စီးစေသည့် လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်ရေးနှင့် မတူကွဲပြားခြားနားမှုမှ ဖော်ဆောင်ယူခဲ့သော ရေရှည်ခိုင်မြဲသည့် စည်းလုံးညီညွတ်မှုအပေါ် အခြေခံသည့် ခိုင်မာသော ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကို တည်ထောင်ရန် (၂၁) ရာစုပင်လုံညီလာခံကို ကျင်းပခြင်းဖြင့် ကြိုးပမ်းခဲ့ကြောင်း။




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်း ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးစဉ်။**

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များသည် ချောမွေ့သည်ဟူ၍မရှိဘဲ အဟန့်အတားများနှင့် ပြည့်နှက်နေလေ့ရှိသည်ကို အခြားနိုင်ငံများ၏ အတွေ့အကြုံများမှ မိမိတို့ လေ့လာသိရှိခဲ့ရပါကြောင်း၊ မိမိတို့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် ဆွေးနွေးညှိနှိုင်းရမည့် အဖွဲ့အစည်းများစွာ ပါဝင်ပတ်သက်နေသည့်အတွက် အလွန့်အလွန် ရှုပ်ထွေးပါကြောင်း၊ မိမိတို့အနေဖြင့် အခက်အခဲများ၊ စိတ်ပျက်စရာများ၊ နှောင့်နှေးကြန့်ကြာမှုများအတွက်ပါ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားခဲ့ပါကြောင်း။

သို့သော် မိမိတို့အနေဖြင့် လုံ့လမလျှော့ရန် စိတ်ပိုင်းဖြတ်ထားကြပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ငြိမ်းချမ်းမှုမရှိလျှင် မိမိတို့ အသွင်ကူးပြောင်းရေး လုပ်ငန်းသည် အောင်မြင်မှု မရရှိနိုင်ပါကြောင်း၊ ကြိုတင်မျှော်မှန်းထားခဲ့သကဲ့သို့ အခက်အခဲများနှင့် စိတ်ပျက်စရာများ ရှိခဲ့ပါကြောင်း၊ သို့သော်လည်း အဆက်မပြတ် ညှိနှိုင်းဆွေးနွေးမှုများ၊ ထာဝရစိတ်ရှည်သည်းခံမှု၊ ဆွေးနွေးဖက်များ၏ စိတ်ရင်းစေတနာကောင်းမွန်မှု၊ ပြည်သူများနှင့် မိတ်ဆွေများ၏ အားပေးကူညီမှုတို့ဖြင့် မိမိတို့ ရှေ့ဆက်လျှောက်လှမ်းနိုင်ခဲ့ပါကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်အတွင်း ပင်လုံအစည်းအဝေးသုံးကြိမ် ကျင်းပခဲ့ရာ ကျင်းပသည့်အကြိမ်တိုင်းတွင် အဖိုးတန်သည့် တိုးတက်မှုများ ရရှိခဲ့ပါကြောင်း၊ ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အဆင့် ၇ ဆင့်ရှိသော လမ်းပြမြေပုံကို ရရှိခဲ့ပါကြောင်း။

ဒုတိယအစည်းအဝေးတွင် အခြေခံမူဝါဒ ၃၇ ချက်ကို ချမှတ်နိုင်ခဲ့ပါကြောင်း၊ တတိယအစည်းအဝေး မစတင်မီ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနှစ်ခုနှင့် ထပ်မံ၍ လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ အစည်းအဝေးကျင်းပစဉ်ကာလအတွင်း ထပ်မံ၍ အခြေခံမူဝါဒ ၁၄ ချက် ချမှတ်နိုင်ခဲ့ပါကြောင်း၊ ကြီးမားသော စိန်ခေါ်မှု ရှိနေဆဲဖြစ်ပြီး တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား တိုက်ပွဲများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြားတွင်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပါကြောင်း၊ မိမိတို့အနေဖြင့် စိန်ခေါ်မှုများအပေါ် အမြဲသတိရှိနေပြီး ယင်းတို့ကို အပြန်အလှန် ယုံကြည်မှုနှင့် နားလည်မှုတို့ တည်ဆောက်ရန် ကြိုးစားရင်း တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် ဖြေရှင်းရန် ရည်ရွယ်ထားပါကြောင်း။

ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ခိုင်မာသည့် အခြေခံအုတ်မြစ်တစ်ခုကို ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်းသည် မိမိတို့ မဏ္ဍိုင် ၁ တည်ဆောက်ရေး၏ အခြေခံကျသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့ စတင်တာဝန်ယူသည့် နှစ်လအတွင်း မိမိတို့အနေဖြင့် ရခိုင်ပြည်နယ် တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး သဘာဝသယံဇာတကြွယ်ဝသည့် ရခိုင်ပြည်နယ်၏ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖျက်ဆီးနေသည့် ပြဿနာများကို ထာဝရဖြေရှင်းပေးမည့်အဖြေများ ကူညီရှာဖွေပေးရန်အတွက် အကြံပေးကော်မရှင်ကို ဦးဆောင်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာကိုဖီအာနန်ကို ချဉ်းကပ်ခဲ့ပါကြောင်း။

ဤနေရာတွင် ကျေးဇူးပြု၍ မိမိအား ဒေါက်တာကိုဖီအာနန်ကို ချီးကျူးဂုဏ်ပြုခွင့်ပေးစေလိုပါကြောင်း၊ ၎င်း၏ အရည်အချင်းနှင့် အောင်မြင်မှုများသည် မရေမတွက်နိုင်ပါကြောင်း၊ သို့သော် မိမိတို့ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းရန် ဆွေးနွေးနေခိုက် မိမိတို့အတွက် ယင်း၏အရေးပါခဲ့ပုံကိုသာ အဓိကတင်ပြရန်သင့်တော်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ အမြစ်တွယ်နေသော ပြဿနာများကို ဖြေရှင်းရာတွင် မိမိတို့အား အကြံဉာဏ်ပေးမည့်တာဝန်ကို လက်ခံရယူရန် စိတ်သဘောထားကောင်းမွန်ပြီး အကောင်းမြင်စိတ်ဓာတ်ရှိသည့် ဒေါက်တာကိုဖီအာနန်က သဘောတူညီခဲ့ပါကြောင်း။

မြန်မာနိုင်ငံအပေါ် ရခိုင်ပြည်နယ်မှ အဖြစ်အပျက်များကြောင့် ပြင်းထန်သော ဝေဖန်ပြစ်တင်မှုများရှိနေချိန်တွင် မိမိတို့နိုင်ငံကို ငြိမ်းချမ်းလုံခြုံတိုးတက်အောင်မြင်စေလိုသော ဒေါက်တာအာနန်အနေဖြင့် မိမိတို့အားကူညီရန် ၎င်း၏ဆုံးဖြတ်ချက်အတိုင်း လုပ်ဆောင်ခဲ့ပါကြောင်း၊ ကိုဖီအာနန်၏ လုပ်ဆောင်ချက်နှင့် ၎င်းကော်မရှင်၏ အကြံပြုချက်များမှ တွေ့ရသော ၎င်း၏ ကရုဏာ၊ ရိုးသားဖြောင့်မတ်မှုနှင့် ရဲစွမ်းသတ္တိတို့သည် ၎င်း၏ပညာပြည့်ဝမှု၊ အတွေ့အကြုံကြွယ်ဝမှုတို့ကို ထင်ဟပ်ခဲ့ပါကြောင်း၊ ၎င်း၏ ချဉ်းကပ်မှုနည်းလမ်းမှာ အပြုသဘောဆောင်ပြီး ကရုဏာတရားရှိပါကြောင်း၊ အလုပ်တာဝန်များပြားသည့်ကြားမှပင် အချိန်ယူကာ မိမိအား တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းပြီး ကူညီအားပေးခဲ့ပါကြောင်း။

ယခုနှစ်အစောပိုင်းတွင် ရခိုင်ပြည်နယ်အတွင်းရရှိခဲ့သော သင်ခန်းစာများ ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ၎င်းအနေဖြင့် နောက်ဆုံးလူထုအခမ်းအနားအဖြစ် ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ ၎င်း၏ဘဝသည် မိမိတို့အကျိုးအတွက် လေ့လာစရာ သင်ခန်းစာတစ်ခုပင် ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂကို တည်ဆောက်ထားသည့် အခြေခံသဘောများနှင့် တန်ဖိုးများ ထင်ဟပ်နေသည်ကို တွေ့ရပါကြောင်း၊ ကမ္ဘာတစ်လွှားတွင် ငြိမ်းချမ်းသာယာမှုရရှိနိုင်ကြောင်း မိမိတို့အား ယုံကြည်မျှော်လင့်စေသည့် စံတန်ဖိုးများပင် ဖြစ်ပါကြောင်း။

ဒေါက်တာကိုဖီအာနန် ကော်မရှင်၏ အကြံပြုချက် ၈၈ ချက်မှ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး ဖော်ဆောင်ရန် ရည်ရွယ်သည့် အကြံပြုချက် ၈၁ ချက်ကို မိမိတို့အနေဖြင့် အကောင်အထည်ဖော်ပြီးဖြစ်ပါကြောင်း၊ သို့သော် ရခိုင်ပြည်နယ်ရှိ စိန်ခေါ်မှုများမှာ ဘက်ပေါင်းစုံမှဖြစ်ရာ အဘက်ဘက်မှ လုပ်ဆောင်စရာများစွာ လိုအပ်နေပါကြောင်း၊ ပြီးခဲ့သည့် နိုဝင်ဘာလက မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်ကို အကောင်အထည်ဖော်ခြင်းဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်ရှိသော နေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားရေးကို လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။

ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ရန်အတွက် မြန်မာအစိုးရသည် UNDP နှင့် UNHCR တို့နှင့် နားလည်မှုစာချွန်လွှာ(MoU) တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ နေရပ်စွန့်ခွာသွားသူများ ပြန်လည်နေရာချထားရေးအတွက် နေရာများကို စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း၊ ကုလသမဂ္ဂတာဝန်ရှိ ပုဂ္ဂိုလ်များအား ကျေးရွာအုပ်စု ၁၃ အုပ်စုအတွင်းရှိ ကျေးရွာ ၂၃ ရွာကိုရှေ့ပြေးအကဲဖြတ်စီမံကိန်းအဖြစ် ဝင်ရောက်ခွင့်ပြုခဲ့ကြောင်း၊ နယ်နိမိတ်မျဉ်းအနီး နေထိုင်သော နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးအတွက် ထပ်မံ၍ ကျေးရွာ ငါးရွာကို သတ်မှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်ပြီး ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း (UEHRD) ကော်မတီအနေဖြင့် ဘက်ပေါင်းစုံ၊ အဆင့်ပေါင်းစုံတွင် ပါဝင်ခဲ့ပါကြောင်း။

စာမျက်နှာ ၅ သို့

> ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ခိုင်မာသည့် အခြေခံအုတ်မြစ်တစ်ခုကို ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်းသည် မိမိတို့မဏ္ဍိုင် ၁ တည်ဆောက်ရေး၏ အခြေခံကျသော အစိတ်အပိုင်းတစ်ရပ်ဖြစ်. . .

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ စင်ကာပူနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်နှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်



ဩဂုတ် ၂၁ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူနိုင်ငံသမ္မတ မစ္စစ် ဟာလီမာ ရာကော့ဗ်တို့ တွေ့ဆုံစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး၏ ဖိတ်ကြားချက်အရ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ စင်ကာပူနိုင်ငံသို့ အလုပ်သဘော ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ဩဂုတ်လ ၂၂ ရက်နေ့တွင် နေပြည်တော်သို့ ပြန်လည် ရောက်ရှိခဲ့သည်။

### သွားရောက်လေ့လာ

၂၀-၈-၂၀၁၈ ရက်နေ့ ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လီကွမ်ယူပြည်သူ့မူဝါဒရေးရာ ကျောင်းသို့ သွားရောက်လေ့လာခဲ့ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား လီကွမ်ယူပြည်သူ့မူဝါဒရေးရာကျောင်းမှ စင်ကာပူသမ္မတနိုင်ငံ၏ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်နှင့် လီကွမ်ယူ ပြည်သူ့မူဝါဒရေးရာကျောင်း၏ မဟာဌာနမှူး Professor Danny Quah တို့က ကြိုဆိုခဲ့ကြသည်။ ထို့နောက် မဟာဌာနမှူး Professor Danny Quah က ကျောင်း၏သမိုင်းကြောင်း၊ အနာဂတ်မျှော်မှန်းချက်များ၊ လုပ်ငန်းစဉ်များ၊ သင်ကြားပို့ချပေးလျက်ရှိသည့် ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားခဲ့သည်။ ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းအတွင်း စာသင်ကြားပို့ချနေမှုများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ သည်။ ထို့နောက် စင်ကာပူသမ္မတနိုင်ငံ၏ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား လက်ဖက် ရည်ဝိုင်းဖြင့် ရင်းနှီးချစ်ကြည်စွာ ဧည့်ခံခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၂၁-၈-၂၀၁၈ ရက်နေ့ နံနက်ပိုင်းတွင် အီစတာနာနန်းတော်၌ စင်ကာပူနိုင်ငံ သမ္မတ မစ္စစ် ဟာလီမာ ရာကော့ဗ် အားလည်းကောင်း၊ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးအားလည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စရပ်များ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန်ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုစာချုပ် ချုပ်ဆိုနိုင်ရေး ကိစ္စရပ်များ၊ မြန်မာလူငယ်များအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပို့ချရေးကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ် တားဆီး ကာကွယ်ရေးနှင့်ပတ်သက်၍ အာဆီယံမူဘောင်အတွင်းမှ ပူးပေါင်းဆောင်ရွက် မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်နေမှုများနှင့် မကြာမီကရရှိခဲ့သည့် တိုးတက်မှုအခြေအနေ များ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက်နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် စင်ကာပူဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက် ခဲ့ကြသည်။

### ဆွေးနွေးပို့ချ

ယင်းနေ့ ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် စင်ကာပူ နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စင်ကာပူအမျိုးသားလုံခြုံရေး ညှိနှိုင်းရေးဝန်ကြီး မစ္စတာ တိုချီယန်းအား Grand Hyatt Hotel ၌ တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယင်းဟိုတယ်၌ The 43rd Singapore Lecture အဖြစ် Democratic Transition in Myanmar: Challenges and Way Forward ခေါင်းစဉ်ဖြင့် ဆွေးနွေးပို့ချခဲ့သည်။ ယင်းသို့ပို့ချရာတွင် မြန်မာနိုင်ငံဖြတ်သန်းခဲ့ရသော မတူကွဲပြားသည့် အသွင် ကူးပြောင်းမှုဖြစ်စဉ်များ၊ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၊ (၂၁)ရာစုပင်လုံဆွေးနွေးပွဲများ၊ ရခိုင်ပြည်နယ်အရေးကိစ္စအား ဖြေရှင်းနိုင်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်နေမှုများ၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုမြှင့်တင်နိုင်ရေး အတွက် ပတ်ဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးဖော်ဆောင်နေသည့်ကိစ္စများ စသည့် ကဏ္ဍပေါင်းစုံတွင် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထိုသို့ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု နှင့်ပတ်သက်၍ လွန်ခဲ့သည့် ရာစုနှစ်တစ်စု၏ ၄ ပုံ ၃ ပုံကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ်တွင် ကိုလိုနီအုပ်ချုပ်ရေးမှ လွတ်လပ်ရေး ရရှိသည်အထိ၊ ၁၉၆၂ ခုနှစ်တွင် ပါလီမန်ဒီမိုကရေစီစနစ်မှ စစ်အုပ်ချုပ်ရေး ကာလအထိ၊ ၁၉၈၈ ခုနှစ် စစ်အုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီစနစ်သို့ ပြီးဆုံးမှု မရှိသေးဘဲ ကူးပြောင်းနေဆဲဖြစ်သည့် ယနေ့ခေတ်ကာလအထိ အဓိက ကျသည့် အသွင်ကူးပြောင်းရေးကာလ ၃ ကြိမ် ကြုံတွေ့ခဲ့ရကြောင်း၊ ပထမအကြိမ် အသွင်ကူးပြောင်းစဉ်က ကိုလိုနီစနစ်မှ အချုပ်အခြာအာဏာ ပိုင်ဆိုင်သည့် လွတ်လပ်သောနိုင်ငံအဖြစ်သို့ အခက်အခဲများစွာဖြင့် ရုန်းကန် ခဲ့ရကြောင်း၊ ဒုတိယအကြိမ် အသွင်ကူးပြောင်းစဉ်ကမူ မြို့တော်လမ်းမပေါ်တွင် တင့်ကားများဖြန့်ချထားပြီး ရေဒီယိုမှ ကြေညာချက်တစ်ရပ်ဖြင့် ရှင်းလင်း ပြတ်သားစွာ ကူးပြောင်းခဲ့ကြောင်း၊ လက်ရှိ တတိယအကြိမ်မြောက် အသွင် ကူးပြောင်းမှုဖြစ်စဉ်တွင်မူ ရှုပ်ထွေးမှုနှင့် စိန်ခေါ်မှုများစွာရှိနေကြောင်း၊ မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းမှု၏ တိုးတက်မှုအရှိန်အဟုန်ကို တိုင်းတာရာတွင် ရည်မှန်းချက်များကို ပြည်သူများနှင့်အတူ မည်မျှလက်တွေ့ အကောင်အထည်ဖော်နိုင်သည်ဆိုသည့်အချက်နှင့်သာ တိုင်းတာရမည် ဖြစ်ကြောင်း၊ အသွင်ကူးပြောင်းရေးလမ်းပြမြေပုံအဖြစ် ရေးဆွဲထားသည့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် ရည်မှန်းချက်(၅)ရပ်နှင့် မဏ္ဍိုင်ကြီး(၃)ရပ်တို့ကို ချမှတ်ထားကြောင်း၊ ရည်မှန်းချက်(၁)တွင် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သည့် အုပ်ချုပ်ရေး စနစ်၊ ရည်မှန်းချက်(၂)တွင် စီးပွားရေးတည်ငြိမ်မှုနှင့် မက်ခရိုစီးပွားရေးစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်ရေးတို့ဖြစ်ပြီး ၎င်းရည်မှန်းချက်(၂)ရပ်သည် ငြိမ်းချမ်းရေး နှင့် တည်ငြိမ်ရေးမဏ္ဍိုင်အောက်တွင်ရှိကြောင်း၊ ရည်မှန်းချက်(၃)တွင် အလုပ် အကိုင်အခွင့်အလမ်းများ ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍမှ ဦးဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဖြစ်ပြီး ယင်းရည်မှန်းချက်သည် ဒုတိယမဏ္ဍိုင်ဖြစ်သည့် သာယာဝပြောရေးနှင့် မိတ်ဖက်ဆက်ဆံရေးမဏ္ဍိုင်အောက်တွင်ရှိကြောင်း၊ ရည်မှန်းချက်(၄)တွင် (၂၁)ရာစု လူမှုအဖွဲ့အစည်းတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး၊ ရည်မှန်းချက်(၅)တွင် နိုင်ငံ၏ အနာဂတ်မျိုးဆက်များအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်အား နိုင်ငံသာယာဝပြောရေးအတွက် အသုံးချခြင်းတို့ ပါဝင်ပြီး ၎င်းရည်မှန်းချက် (၂)ရပ်သည် မဏ္ဍိုင်(၃)ဖြစ်သည့် ပြည်သူနှင့် ပတ်ဝန်းကျင်အသိုင်းအဝန်း အောက်တွင်ရှိကြောင်း၊ ငြိမ်းချမ်းရေးမရရှိပါက အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် များ အောင်မြင်မှုမရရှိနိုင်သည့်အတွက် မြန်မာအစိုးရအနေဖြင့် ငြိမ်းချမ်းရေး ကို ထိန်းသိမ်းဖော်ဆောင်ရန် ဆုံးဖြတ်ထားကြောင်း၊ (၂၁)ရာစုပင်လုံညီလာခံကို လွတ်လပ်ရေးရစဉ်ကပင် ပေါ်ပေါက်ခဲ့သည့် လက်နက်ကိုင်ဆူပူမှုများကို အဆုံးသတ်စေရန် ဖြစ်သကဲ့သို့ မတူကွဲပြားမှုများကို ဖယ်ရှားနိုင်ပြီး စည်းလုံး ညီညွတ်ပြီး ခိုင်မာသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင် နိုင်ရန်အတွက် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ခက်ခဲသည့်စိန်ခေါ်မှုများ ကျန်ရှိနေဆဲဖြစ်ပြီး မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များအကြား၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချင်းချင်းအကြား တိုက်ခိုက်မှု များမှာ ဆက်လက်ဖြစ်ပွားလျက်ပင်ရှိနေကြောင်း၊ မြန်မာအစိုးရအနေဖြင့် ယင်းစိန်ခေါ်မှုများအပေါ် စဉ်ဆက်မပြတ် သတိထားစောင့်ကြည့်လျက်ရှိပြီး အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုများကို ကြိုးပမ်းတည်ဆောက်၍ ဆွေးနွေးပွဲနှင့် စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းမှတစ်ဆင့် ဖြေရှင်းရန် ရည်မှန်းချက် ချမှတ်ထားကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

### ၈၁ ချက်ကို အကောင်အထည်ဖော်

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်နေခြင်းသည် မဏ္ဍိုင်(၃) ရပ်မှ ပထမမဏ္ဍိုင်ကို တည်ဆောက်ရာတွင် အဓိကကျသော အစိတ်အပိုင်း ဖြစ်ကြောင်း၊ ဒေါက်တာကိုဖီအာနန်အနေဖြင့် မြန်မာအစိုးရ၏ ရည်မှန်းချက် ဖြစ်သည့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တို့ကို အောင်မြင်ရရှိစေလိုသည့် ဆန္ဒရှိကြောင်း၊ ဒေါက်တာ ကိုဖီအာနန် ကော်မရှင်၏ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက် ၈၈ ချက်အနက် မြန်မာ အစိုးရအနေဖြင့် ၈၁ ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ အဆိုပါ အကြံပြုချက်များသည် ရခိုင်ပြည်နယ်တွင် ရေရှည်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး တည်ဆောက်နိုင်ရန်အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ မြန်မာ အစိုးရအနေဖြင့်လည်း ရခိုင်ပြည်နယ်တွင် ထိရောက်မြန်ဆန်စွာ ပြန်လည် နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် UNDP၊ UNHCR တို့နှင့် MoU လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ UEHRD သည် ကဏ္ဍပေါင်းစုံနှင့် အဆင့်အသီးသီးတွင် တာဝန်ယူဆောင်ရွက်လျက် ရှိကြောင်း၊ ထို့ပြင် အာဆီယံမှ ထင်ရှားသည့် သံအမတ်ကြီး Rosario Manalo ဦးဆောင်သည့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းထူထောင်ခဲ့ကြောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ နေရပ်စွန့်ခွာသွားသူ များ မိမိဆန္ဒအလျောက် လုံခြုံဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားနိုင်မည်ဟု မြန်မာအစိုးရ အနေဖြင့် မျှော်လင့်ကြောင်း၊ ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှုဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာစေရန် စတင်ခဲ့သည့် အကြမ်းဖက်လှုပ်ရှားမှု များ၏ အန္တရာယ်သည် ယခုအချိန်အထိ အမှန်တကယ် တည်ရှိနေဆဲ ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

### လေ့လာကြည့်ရှု

ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဆောင်ရွက်ရာတွင် လူသား အရင်းအမြစ်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုသည် လွန်စွာအရေးကြီးကြောင်း၊ မြန်မာ အစိုးရ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများတွင် လူသားအရင်း အမြစ်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုသည် အခြေခံကျသည့် အချက်တစ်ရပ်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရာတွင် အမြင့်မားဆုံးအင်အားသည် ပြည်သူများကိုယ်တိုင် ပါဝင်လာရေးဖြစ်ပြီး ပြည်သူများ ပါဝင်လာရေးသည် လည်း အကြီးမားဆုံး စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ကြောင်း၊ သန်းပေါင်းများစွာသော ပြည်သူများ၏ဆန္ဒနှင့် ရည်မှန်းချက်များကို တစ်ခုတည်းအဖြစ် ပေါင်းစည်း နိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ မတူကွဲပြားမှုများကို တောက်ပလင်းလက်လာနိုင် စေရေးမှာ လွယ်ကူသောလုပ်ငန်းမဟုတ်ကြောင်း၊ မြန်မာပြည်သူများ အနေဖြင့် ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် စွမ်းဆောင်ရည်ရှိသည်ဟု ယုံကြည်ကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းမှာ မြန်မာနိုင်ငံ၏ ကောင်းမွန်သော အနာဂတ်ဘဝ အတွက် အစပျိုးနိုင်ခြင်းပင်ဖြစ်ကြောင်း ဆွေးနွေးပို့ချခဲ့သည်။

ဆက်လက်၍ ယင်းနေ့ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နှင့် ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ သွားရောက်ခဲ့ကြပြီး သံရုံးဧည့်ခန်းမတွင် သံအမတ်ကြီးအပါအဝင် မြန်မာ သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံခဲ့သည်။ ထို့နောက် မြန်မာသံအမတ်ကြီးမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ ညစာစားပွဲအပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စင်ကာပူရှိ Gardens by the Bay သို့ သွားရောက် လေ့လာကြည့်ရှုခဲ့သည်။

### ပြန်လည်ရောက်ရှိ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါသွားခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ သည် ၂၂-၈-၂၀၁၈ ရက်နေ့ နံနက်ပိုင်းတွင် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည် ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာခဲ့ရာ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန်(၁၀း၃၀) နာရီအချိန်တွင် ပြန်လည်ရောက်ရှိခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်**

○ စာမျက်နှာ ၃ မှ

UEHRD သည် နိုင်ငံအနှံ့မှ ပြည်သူများ နှင့် အဖွဲ့အစည်းများကို ရခိုင်ပြည်နယ်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အစိုးရ နှင့်အတူ ပါဝင်လာရန် ပေါင်းစည်းပေးသည့် အဖွဲ့အစည်း ဖြစ်ပါကြောင်း။

နိုင်ငံအနှံ့အပြားရှိ ပြည်သူများနှင့် အဖွဲ့အစည်းများ အစိုးရနှင့် ပါဝင်ပူးပေါင်းပြီး ရခိုင်ပြည်နယ်အား စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်သည့် အမျိုးသားစီမံကိန်းအတွင်း ပါဝင်လာအောင် ဖော်ဆောင်စေခဲ့သည်မှာ UEHRD ပင်ဖြစ်ပါကြောင်း။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်း ဒေါက်တာ ဆူရာကရက် ဆာသီရာထိုင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ဒေါက်တာ ကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက်များ အပေါ် အကောင်အထည်ဖော်ရေးဆိုင်ရာ အကြံပေးအဖွဲ့သည် ပြီးခဲ့သော သီတင်းပတ် က ၎င်း၏ အပြီးသတ်အစီရင်ခံစာကို တင်သွင်းခဲ့ပါကြောင်း၊ မျှတမှုရှိပြီး အလွန် အလာကောင်းသော ယင်းအစီရင်ခံစာအတွက် အကြံပေးအဖွဲ့ဝင်အားလုံးကို အထူးကျေးဇူး တင်ရှိသည်ဟု ပြောကြားလိုပါကြောင်း။

၎င်းတို့၏ အကြံပေးချက်များအပေါ် အခြေခံပြီး အာဆီယံမှ ထင်ရှားကျော်ကြား သည့် သံတမန်တစ်ဦးဖြစ်သော သံအမတ် ရီဆာရီယို မယ်နာလို ဦးဆောင်သည့် လွတ် လပ်သော စုံစမ်းရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ယင်းကော်မရှင်သည် ဩဂုတ် ၁၅ ရက်က နေပြည်တော်တွင် ပထမဆုံးအကြိမ် အစည်းအဝေး ကျင်းပခဲ့ကြ ပြီး လာမည့်သီတင်းပတ်တွင် လုပ်ငန်းစတင် ကြတော့မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နေရပ်စွန့်ခွာ ထွက်ပြေး သူများအားလုံး အထူးသဖြင့် အမျိုးသမီးနှင့် ကလေးများအပေါ် သနားကြင်နာစိတ်၊ စိုးရိမ် စိတ်များ ကြီးစွာဖြစ်ပေါ်နေပါကြောင်း၊ ယခု အခါ ထိုင်းနိုင်ငံတွင် မြန်မာရွှေ့ပြောင်းလုပ်သား များနှင့် နေရပ်စွန့်ခွာထွက်ပြေးသူများ လေးသန်းခန့်ရှိပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံ သည် အိမ်နီးချင်းကောင်းပီသမှုကို အခြေခံ ကာ အဆိုပါပြဿနာကို ချစ်ခင်ရင်းနှီးစွာ ဖြေရှင်းရန် ကြိုးပမ်းရာတွင် အောင်မြင်မှုများ ရရှိခဲ့ပါကြောင်း၊ ယခုအခါ မိမိတို့အလုပ်သမား များထဲမှ အများစုမှာ တရားဝင်အသိအမှတ်ပြု ခံရသဖြင့် ထိုတိုးတက်မှုရလဒ်များအပေါ် အလုပ်ရှင်ရော အလုပ်သမားများပါ အကျိုး ဖြစ်ထွန်းစေခဲ့ကြောင်း၊ ထိုင်းနှင့် မြန်မာနိုင်ငံ အကြား ရင်းနှီးစွာညှိနှိုင်းတိုင်ပင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးသူများ မိမိတို့နိုင်ငံသို့ ပြန်လာရေး အစီအစဉ်မှာ ချောမွေ့လာခဲ့ပါကြောင်း။

ထိုနည်းတူ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ နေရပ်စွန့်ခွာထွက်ပြေးသူများ ဘေးကင်းပြီး သိက္ခာရှိရှိဖြင့် မိမိတို့ဆန္ဒအလျောက် ပြန်လာ နိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နှင့် ပူးပေါင်း ဆောင်ရွက်ရန် မိမိတို့မျှော်လင့်ပါကြောင်း၊ ဒါကာမြို့သို့ ဝန်ကြီးအဆင့် ကိုယ်စားလှယ် များ စေလွှတ်ခြင်းဖြင့် ဘင်္ဂလားဒေ့ရှ်ဘက်ကို မိမိတို့က လက်ကမ်းခဲ့ပြီး ပြန်လည် ရောက်ရှိလာမည့်သူများအား နေရာချထားရေး အတွက် မိမိတို့၏ စီစဉ်ထားရှိမှုများကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ရန် ဘင်္ဂလား ဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးကို ပြီးခဲ့သော သီတင်းပတ်က ဖိတ်ကြားခဲ့ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး ရောက်ရှိ လာစဉ် ပေးထားသည့်ကတိကဝတ်များကို အကောင်အထည်ဖော်ရေး၊ နေရပ်စွန့်ခွာ ထွက်ပြေးသူများ ပြန်လည်ခေါ်ယူရေးဆိုင်ရာ နှစ်နိုင်ငံသဘောတူညီချက်များကို အရှိန် အဟုန်မြှင့်ဖော်ဆောင်ရေးနှင့် နှစ်နိုင်ငံ အကြား ဝန်ကြီးအဆင့် အရေးပေါ်တယ်လီဖုန်း လိုင်းတစ်ခု တည်ထောင်ရေးစသည်တို့နှင့် ပတ်သက်ပြီး နှစ်နိုင်ငံအကြား သဘောတူညီမှု ရရှိခဲ့ကြကြောင်း။

ယခုလိုမျိုးပြဿနာတစ်ရပ်ကို ကိုင်တွယ် ဖြေရှင်းနေသည့် ကုလသမဂ္ဂ၏ အရေးကြီး သော အခန်းကဏ္ဍကိုလည်း မိမိတို့ အသိ အမှတ်ပြုပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံဥက္ကဋ္ဌနိုင်ငံမှ ကိုယ်စားလှယ်များနှင့် အတူ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အမြဲတမ်း ကိုယ်စားလှယ်များ လာရောက်နိုင်ရေး အတွက် မိမိတို့စီစဉ်ဆောင်ရွက်ခဲ့ပါ ကြောင်း။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူး ကိုယ်စားလှယ်အဖြစ် သံအမတ် Christine Burgener ကို ခန့်အပ်လိုက်မှုအပေါ် မိမိတို့ ကြိုဆိုပါကြောင်း၊ အဆိုပါ အထူး ကိုယ်စားလှယ်သည် နေပြည်တော်တွင် ရုံးခန်း ဖွင့်လှစ်လိုက်ပြီဖြစ်ပါကြောင်း၊ သံအမတ် Christine Burgener နှင့် မိမိတို့ ထိတွေ့ ဆက်ဆံမှုသည် အပြုသဘောဆောင်ပြီး အကျိုးများမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်းတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဩဂုတ် ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နိပ္ပွန် ဖောင်ဒေးရှင်း (BAJ အဖွဲ့)တို့ ပူးပေါင်း၍ ရခိုင်ပြည်နယ် တွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ငါးနှစ်တာကာလ အတွင်း ရန်ပုံငွေအမေရိကန်ဒေါ်လာ ၁၁ သန်းဖြင့် စာသင်ကျောင်း ၈၀ ဆောက်လုပ်ရေးစီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲအောင်က အမှာစကားပြောကြားပြီး နိပ္ပွန် ဖောင်ဒေးရှင်းမှ Executive Director , Mr. Yuji Mori က နားလည်မှုစာချွန်လွှာနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ နိပ္ပွန်ဖောင်ဒေးရှင်းမှ Executive Director, Mr. Yuji Mori နှင့် BAJ အဖွဲ့မှ Country Representative, Ms. Akiko Mori တို့က စာသင်ကျောင်း ၈၀ ဆောက်လုပ်ခြင်းစီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ ကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ခဲ့ကြ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## ဒလမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်း နိုဝင်ဘာလတွင် အကောင်အထည်ဖော်မည်

**ရန်ကုန် ဩဂုတ် ၂၂**

ကိုရီးယား-မြန်မာ(ချစ်ကြည်ရေး) ဒလ မြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းကို အစောဆုံး နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပြီး ပြည်သူများ မျှော်လင့်နေကြသော ရန်ကုန်-ဒလ မြစ်ကူးတံတားကြီးကို တည်ဆောက်သွားမည် ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကောင်းချို (တံတားစီမံကိန်း စီမံခန့်ခွဲရေးကော်မတီ အဖွဲ့ခေါင်းဆောင်)က ယနေ့မွန်းတည့် ၁၂ နာရီတွင် ပြောကြားသည်။

"လက်ရှိဆောင်ရွက်နေတာက တံတား တိုင် မီတာ ၃၂၀ ကနေ မီတာ ၃၇၀ ခွဲ့တဲ့အတွက် ကျွန်တော်တို့က ဒီဇိုင်းပုံစံကို ပြန်လုပ်နေရပါတယ်။ အနည်းဆုံး နှစ်လ လောက်ကြာမှာဖြစ်ပြီး တံတားဒီဇိုင်းပြန်လည် ပြင်ဆင်တည်ဆောက်ရာမှာ လိုအပ်တဲ့ ဒေါ်လာသန်း ၂၀ ကိုလည်း ကိုရီးယားချေးငွေ ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်နေပါ တယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံ ဆိုင်ရာ ကိုရီးယားသံရုံးမှတစ်ဆင့် ကိုရီးယား နိုင်ငံမှာရှိတဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်နေပါတယ်။ ၎င်းတို့က ပြန်လည်သုံးသပ်ပြီး ဒေါ်လာသန်း ၂၀ ထပ် ချေးဖို့ သဘောတူညီချက် ပြန်လုပ်နေပါတယ်။ နှစ်လလောက်ကြာမှာ ဖြစ်ပါတယ်။ ဟိုဘက် ဒီဘက် တစ်ပြိုင်တည်း လုပ်နေရတာကြောင့် အချိန်ကြန့်ကြာနေတာ ဖြစ်ပါတယ်။ စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကနေ နိုင်ငံခြားရေး ဝန်ကြီးဌာနကို တင်ပြဆောင်ရွက်ပြီး ဖြစ်ပါ တယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

တံတားတည်ဆောက်ရေး စီမံကိန်း စတင်တော့မည်ဖြစ်ရာ တံတားအူကြောင်းနှင့် မလွတ်သဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာ နှစ်အတွင်းက မြေယာလျော်ကြေးနှင့် မြေငှား ရမ်းခများ ပေးချေခဲ့ပြီးဖြစ်သော ဗိုလ်မင်းရောင်လမ်းပေါ်ရှိ မြေကွက် ၆၅ ကွက်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းက မြေငှားရမ်းခ၊ မြေယာလျော်ကြေးနှင့် ကရုဏာ ကြေးများ ပေးချေခဲ့ပြီးသော မြေကွက်များ၊ ဆိုင်ခန်းများ၊ နေအိမ်များနှင့် အဆောက် အအုံများကို ပြောင်းရွှေ့ဖယ်ရှားပြီး ယခုအခါ စီမံကိန်းခြံစည်းရိုးကာရံခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်-ဒလ မြစ်ကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၈ ခုနှစ် အစောဆုံး အောက်တိုဘာလနှင့် နောက်ကျဆုံး ဒီဇင်ဘာလတွင် စတင်နိုင် အောင် ကြိုးစားဆောင်ရွက်နေကြောင်း၊ တံတားတိုင်ခွဲ့ခြင်းကြောင့် အချိန်နှောင့်နှေး ကြန့်ကြာမှုများ ဖြစ်သွားရကြောင်း၊ နိုင်ငံတော်မှ တည်ဆောက်ပေးသွားမည်ဖြစ် ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဒလမြစ်ကူးကြိုးတံတားကို ရန်ကုန်မြို့ ဘက်တွင် လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း နှင့် ဒလမြို့နယ်ဘက်တွင် ဗိုလ်မင်းရောင်လမ်း တို့ကို ဆက်သွယ်တည်ဆောက်သွားမည်ဖြစ်ပြီး လမ်းအူကြောင်းအနေဖြင့် ထိခိုက်မှု အနည်းဆုံးလမ်းကြောင်းကို ရွေးချယ် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## ခင်ဦးမြို့နယ်၌ သက်ကြီးဘိုးဘွားများအား အခမဲ့ဆေးဝါးကုသပေး

**ခင်ဦး ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပ၍ ဌာနပေါင်းစုံမှ အငြိမ်းစားသက်ကြီးဘိုးဘွား ၇၀ ခန့်အား ဩဂုတ် ၂၂ ရက်က အာဟာရ တိုက်ကျွေးခြင်းနှင့် အခမဲ့ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ရုံးအတွင်း နံနက် ၈ နာရီက အငြိမ်းစားသက်ကြီးဘိုးဘွားများအား အာဟာရကြက်သားဆန်ပြုတ် တိုက်ကျွေးကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးအိမ်ဝင်းအတွင်း၌ နံနက် ၁၁ နာရီတွင် ခင်ဦးပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာ မေစိုးအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဒုံစေ့နှင့် အသင်းဝင်များက အငြိမ်းစား သက်ကြီးဘိုးဘွားများအား အခမဲ့ဆေးဝါးများကုသပေးခြင်းများ ဆောင်ရွက် ခဲ့ကြကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**

## သီပေါ၌ ရှေးခေတ်ရှမ်းစာဆိုတော်ကြီးများပူဇော်ပွဲနှင့် ရှမ်းဇာတ်သဘင်စိန်ရတုပွဲ ကျင်းပမည်

**သီပေါ ဩဂုတ် ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့၌ ရှေးခေတ်ရှမ်းစာဆိုတော်ကြီးများ ပူဇော်ပွဲနှင့် ရှမ်းဇာတ်သဘင်ယဉ်ကျေးမှုအနုပညာ စတင်တည်ထောင်သည့် ၇၅ နှစ်မြောက် စိန်ရတုသဘင်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၂ ရက် မွန်းလွဲ ၂ နာရီက သီရိမင်္ဂလာအောင်မင်္ဂလာဘိုးတော် ကျောင်းတိုက်မွှာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တမိလိန္ဒအရှင်သူမြတ် ထံမှ ငါးပါးသီလနှင့်ဩဝါဒကထာခံယူ၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးက အမှာစကားပြောကြားပြီး ရှမ်းစာဆိုတော်ကြီးများ ပူဇော်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးစိုင်းစံတင့်က တိုင်းရင်းသားများ ရိုးရာယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းသောအားဖြင့် နှောင်းခေတ်လူငယ် လူရွယ်များ သိရှိလေ့လာမှတ်သားနိုင်ရေးနှင့် လက်ဆင့်ကမ်းကောင်းမွန်သော အမွေအနှစ်များ ပျောက်ကွယ်ခြင်းမရှိရေးရည်ရွယ်လျက် အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ သီပေါမြို့မှ စတင်ထူထောင်ပေါ်ပေါက်ခဲ့သည့် ရှမ်းဇာတ်သဘင်ယဉ်ကျေးမှုတည်ထောင်ခဲ့သည့် ၇၅ နှစ်မြောက်စိန်ရတုသဘင်ပွဲ ကို ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြခဲ့သည်။ **စိုင်း(သီပေါ)**

## ဒိုက်ဦး၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်

**ဒိုက်ဦး ဩဂုတ် ၂၂** အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံသံဂဟေဆက်နှင့် သံပန်းပြုလုပ်ခြင်း သင်တန်းကို ဩဂုတ် ၂၀ ရက်က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းမင်းသိမ်းက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် အခြေခံသံဂဟေဆက်နှင့် သံပန်းပြုလုပ်ခြင်းများကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ၂၀ အား ဩဂုတ် ၂၆ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော် (ဒိုက်ဦး)**

# သမားတို့၏ဖခင် ဆရာဇီဝကနှင့် ဆရာဟစ်ပိုကရေတီ

ယုဝတီခင်ဦး

" အန်တီရေ . . . ဘယ့်နဲ့လဲ၊ ဖြူဖြူ ဆံပင်ဒီလိုထားတာမျိုးကို သဘောကျပြီလား" ပန်းပွင့်လို နုနေသော မျက်နှာ၊ လိပ်ပြာတောင်ပံခတ်သလို ကော့ပျံ့နေသော မျက်တောင်နက်များ၊ ခါးအထိ ရှည်နွဲ့နက်မှောင်နေသော ဆံကေသာကို ဝေ့ကာ၊ ဝဲကာဝိုက်ကာဖြင့် ခါးကိုလာဖက်သော တူမလေး ဒေါက်တာမပွင့်ဖြူအား ကြည်နူးသောအပြုံးများဖြင့် ပြန်၍ဖက်လိုက်မိပါသည်။

"အေး . . . အန်တီက ဒီလိုမြန်မာဆန်ဆန်နဲ့ ယဉ်ကျေးတဲ့ ဆံပင်ရှည်မျိုးထားတာကိုမှ ကြိုက်တာ၊ ကိုယ်က သူတစ်ပါးအသက်ကို ကယ်တင်ကုသရမယ့် ဆရာသမားမဟုတ်လား၊ နေတာ၊ ထိုင်တာ၊ ဝတ်တာ၊ စားတာ၊ ပြောတာဆိုတာကအစ လူမမာတွေ ကိုယ့်ကိုမြင်ရင် လေးစားသွားအောင်၊ အားရှိသွားအောင်၊ တစ်ခါတည်း ယုံကြည်အားကိုးလာအောင် နေတတ်၊ ထိုင်တတ်ရမယ်။ ပြီးတော့ 'ဝတ်စားဆင်ယင်ထုံးဖွဲ့မှုဆိုတာကလည်း အလုပ်ဆင်းတဲ့အခါမှာ မြန်မာဆန်ဆန်ဝတ်စားပြီး ဆံပင်လေးကို အနောက်မှာ မြင့်မြင့်ထုံး၊ ဂျူတီကုတ်လေးဝတ်ထားလိုက်ရင် ကျောင်းဆရာမတွေကျောင်းမှာ အင်္ကျီအဖြူလက်ရှည်၊ ထဘီစိမ်းနဲ့ဂျူတီအရဝတ်သလိုမျိုးပဲ ကျက်သရေရှိတာပေ့ါ တူမရဲ့"

တူအရီးနှစ်ယောက် တစ်ယောက်ခါးကိုတစ်ယောက်ဖက်ပြီး ခြံထဲသို့ လမ်းလျှောက်ဆင်းခဲ့ကြသည်။ ပန်းဝတ်မှုန်ရနံ့သင်းနေသော လေချိုအေး၊ မြကော်ဇောရောင်စိမ်းနေသော မြက်ခင်း၊ ဟိုအဝေးကပိတောက်ပင်တွင် တကူးကူးကူ သီဆိုနေသောချိုးငှက်ကလေး။

"အန်တီရေ . . . သမားတော်ကြီးတွေ ပေါ်ပေါက်လာတဲ့အကြောင်းကို ဟစ်ပိုကရေတီတို့ကစတဲ့ သမိုင်းကြောင်းလောက်ကိုသာ နည်းနည်းပါးပါးသိတယ်၊ မြန်မာ့သမိုင်းမှာကျော်ကြားတဲ့ သမားတော်ကြီးတွေ အကြောင်းကောမသိဘူးလားဟင် "

"အေး. . . အန်တီလည်း သမားတော်ကြီးတွေ စပြီးပေါ်ပေါက်လာတဲ့အကြောင်း ဆောင်းပါးရေးထားတာနဲ့အတော်ပဲ၊ ဟောဒီဒန်းကလေးပေါ်မှာထိုင်ပြီး ဒီစားပွဲပေါ်က စာမူကလေးကို ယူဖတ်ကြည့်စမ်းပါ၊ ဟစ်ပိုကရေတီမပေါ်ခင်ကတည်းက လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော် ဘုရားရှင်လက်ထက်တော်ကတည်းက သမားတော်ကြီး ဆရာဇီဝကဆိုတာ ရှိခဲ့တယ်လေ "

## ကရုဏာနှင့် ယှဉ်

ဗိမ္ဗိသာရမင်းကြီး၏ သားတော်ဖြစ်သော ဆရာဇီဝကလောင်းလျာသည် ငယ်စဉ်ကတည်းကပင်-

"လူတို့ရှာ၌ အတတ်ပညာမရှိက အသက်မွေးခက်လှချေသည်၊ တစ်စုံတစ်ခုသောပညာတတ်မှ လူခပ်သိမ်းလည်းရိုသေမည်။ အသက်မွေးလည်းသက်သာမည်။ တစ်ခုခုသောပညာကို ငါသင်ဦးအံ့။ ဆေးအတတ်မူကား သတ္တဝါတို့အား သနားခြင်း၊ ကရုဏာနှင့် ယှဉ်၏။ သူတစ်ပါး အကျိုးစီးပွားကိုလည်း ဆောင်၏။ ကိုယ့်အကျိုးစီးပွားကိုလည်း ဆောင်၏။ ဘုရားသခင်တို့အားလည်း သူတစ်ပါးမလုပ်ကျွေးသောဆေးပစ္စည်းဖြင့် လုပ်ကျွေးပူဇော်ရာ၏။ ထို့ကြောင့် ဆေးအတတ်ကို သင်ရသော်ကောင်း၏" ဟု ကြံစည်ခဲ့ပြီး ဒိသာပါမောက္ခဆရာကြီးနှင့် ဆေးအတတ်ပညာကို ခုနစ်နှစ်သင်ကြားခဲ့ပေသည်။

ဆရာဇီဝကသည် ဆေးဝါးကုသသောပညာ၊ ခွဲစိတ်ကုသသောပညာတို့ကို သူမတူ အထူးကျွမ်းကျင်သော ဆရာကြီးဖြစ်ခဲ့သည်။ တစ်ခါက ရာဇဂြိုဟ်ပြည်၌ မြောက်မျက်နှာ၌နေသော "မသာသာကသူဌေးမင်း" သည် ခုနစ်နှစ်တိုင် ဦးခေါင်းခဲနာဖြစ်သည်ကို ညောင်စောင်းငယ်ထက် လဲလျောင်းစေပြီး "နှာ၏အာနုဘော်" ဖြင့်အိပ်ပျော်စေခဲ့လေသည်။ ထို့နောက် ဦးခေါင်းကိုခွဲဖြင့်ခွဲပြီး ကုသပေးခဲ့ရာ အနာရောဂါကို ပျောက်ကင်းသွားသည့် အကြောင်း ကျမ်းဂန်၌ အထင်အရှားရှိပေသည်။

တစ်ဖန် ဗာရာဏသီပြည်၌နေသော သူဌေးသားတစ်ယောက်သည် ဦးခေါင်းဖောက်ထိုးကစားရာ၌ အူထုံးနေသော ဝေဒနာဖြစ်သွားသည့်အခါတွင် မူးမော် မေ့လျော့စေသောဆေးကိုပေးပြီး ဝမ်းဗိုက်ဖောက်ခွဲ၍ ထုံးနေသော အူကိုအိမ်သူအိမ်သားတို့အား ပြလေသည်။

## သိပ္ပံနည်းကျကျ

"ကြည့်ကြကုန်လော့၊ ဤအူထုံးသောအနာကြောင့် အစားမဝင်၊ အော့အန်၊ ကျင်ကြီးကျင်ငယ် မဖြောင့်ဖြစ်ရသည်။ ဤအထုံးမပြေလျှင် မချွတ်သေရတော့မည်" ဟု ဆိုပြီးမှအူထုံးကို အသာဖြေပြီး ဝမ်းတွင်းသို့ သွင်းမြဲသွင်းစေလျက်အသားလွှာ၊ အဆီလွှာ၊ အပေါ်ရေလွှာများကို တစ်ထပ်ပြီးတစ်ထပ်ချုပ်ပြီး ဆေးဖြင့် လိမ်းကျံခဲ့၍ နှစ်ရက်၊ သုံးရက်အတွင်း ပကတိပျောက်ကင်းခဲ့ဖူးလေသည်။ ကျမ်းဂန်တို့တွင် ဖော်ပြထားသည့် ခွဲစိတ်ကုသနည်းတို့မှာ သိပ္ပံနည်းကျကျဖြင့် ပါရဂူများ၏ ခွဲစိတ်ကုသနည်းအတိုင်း လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းကပင် သမားတော်ဆရာဇီဝကမှ စတင်ခွဲစိတ်ကုသပေးခဲ့ပြီးဖြစ်ပေသည်။

ဆရာဇီဝကသည် ကံကုန်သောအနာကို ချန်ခြွင်း၍ အခြားသောစိတ္တဇ၊ ဥတုဇ၊ အာဟာရ အနာရောဂါတို့ကို တစ်ကြိမ်ဆေးပေးရုံမျှနှင့် ပျောက်ကင်းစေသော ဆေးအတတ်ကိုလည်း တတ်ပေသည်။ ဖျားနာခြင်း၊ အစာမကြေခြင်း အစရှိသည့် ရောဂါဝေဒနာများကိုလည်း ခဏချင်းပင်ပျောက်ကင်းအောင် ကုသနိုင်စွမ်းရှိခဲ့၏။ ရရှိခဲ့သောကြေးငွေတို့မှာ သမာအာဇီဝဖြစ်ပြီး

> ❝ ဆရာဇီဝကသည် ကံကုန်သောအနာကို ချန်ခြွင်း၍ အခြားသောစိတ္တဇ၊ ဥတုဇ၊ အာဟာရ အနာရောဂါတို့ကို တစ်ကြိမ်ဆေးပေးရုံမျှနှင့် . . . ❞

လှူဒါန်းခြင်း၊ သာသနာပြုခြင်း အစရှိသည့် လုပ်ငန်းတို့ကို ပြုလုပ်ခဲ့ပေသည်။

သမားတို့၏ဖခင် ဟစ်ပိုကရေတီသည် ခရစ်တော်မပေါ်မီ ၄၆၀ ပြည့်နှစ်တွင် အေးရှားမိုင်းနားရှိ(ကော့စ်)ခေါ်သော ကျွန်းကလေးတွင် ဖွားမြင်ခဲ့ပေသည်။ ထိုခေတ် ထိုအခါတွင် သိပ္ပံလက်နက်ကိရိယာဆန်းများ မရှိသော်ငြားလည်း ဟစ်ပိုကရေတီ၏ ဦးနှောက်အတွေးအခေါ်သည် သိပ္ပံဆန်၏။

လူနာကိုစမ်းသပ်စစ်ဆေးရာတွင် "အလွယ်တကူမြင်နိုင်သောအရာများနှင့် အရေးကြီးသောအချက်တို့ကို ရှေးဦးစွာစမ်းရမည်။ မြင်နိုင်၊ ကြားနိုင်၊ တွေ့နိုင်၊ ကိုင်တွယ်နိုင်သောအရာများကို အရင်စမ်းသပ်ရမည်။ ဆီးနှင့်ဝမ်းတို့ကိုလည်း စစ်ဆေးရမည်။ အသက်ရှူပုံ၊ ချွေးထွက်ပုံ၊ လူနာနေထိုင်ပုံတို့ကိုလည်း စမ်းသပ်ရမည်"ဟု သင်ကြားခဲ့ပေသည်။

တစ်ခုသောဒေသတွင် လူနာကိုစမ်းသပ်ကုသရန် ရည်ရွယ်လျှင် ၎င်းဒေသ၏အလုပ်အကိုင်၊ အနေအထိုင်၊ ရာသီဥတု၊ နေပူမိုးရွာ၊ လေတိုက်ခတ်ပုံ၊ မြေကြီးအင်္ဂါရပ်တို့ကို ဦးစွာလေ့လာပါဟု သွန်သင်ခဲ့ပေသည်။

## ဝင်ရောက် စွက်ဖက်ခြင်းမပြု

ရောဂါကုသရာတွင် သဘာဝကိုအလေးတကြီးဝင်ရောက် စွက်ဖက်ခြင်းမပြုဘဲ အစားအသောက်၊ အနေအထိုင်ပြုပြင်ပေးပြီး ဆေးဝါးအနည်းငယ်ဖြင့် ရောဂါမြောက်မြားစွာ အလိုအလျောက် ပျောက်ကင်းစေသည်ကို ပိုမို၍နှစ်သက်ခဲ့ပေသည်။ ဓာတ်စာအဖြစ်အသုံးပြုသည်မှာ ဆန်ပြုတ်နှင့် ပျားရည်တို့ဖြစ်သည်။

ဟစ်ပိုကရေတီသည် ဦးခေါင်းကိုခွဲစိတ်ကုသပေးခြင်း၊ အရိုးကျိုးသည်ကိုပြန်ဆက်စေခြင်း၊ ခွဲစိတ်ရာတွင် ရေနွေးအသုံးပြုပုံ၊ အလင်းရောင်အနေအထား၊ ခွဲစိတ်ကိရိယာများ၊ ဆေးဝါးများ ကူညီသူများ အကြောင်းတို့ကို ကျမ်းဂန်ပြုစုခဲ့ပေသည်။

ဟစ်ပိုကရေတီပြုစုခဲ့သော ကျမ်းများတွင်အသုံးအကျဆုံးသောကျမ်းမှာ ဆေးပညာသစ္စာတရား ညွှန့်ပေါင်းကျမ်းပင်ဖြစ်ပေသည်။ ၁၉ ရာစုအထိ သမားတို့၏လက်သုံးစာပေဖြစ်ခဲ့ပေသည်။ သမားအစဉ်အဆက်တို့ ယနေ့ထက်တိုင် အသုံးပြုနေသော ဟစ်ပိုကရေတီကျမ်းကျိန်ချက်မှာ ပထမဦးဆုံး နတ်ဒေဝါအပေါင်းတို့အား တိုင်တည်ရပါမည်။ ထို့နောက် သမားအဖြစ်တည့်မတ်ဖြောင့်မှန်စွာ ကျင့်ဆောင်ပါမည်။ လိမ်ခြင်း၊ ခိုကပ်ခြင်း၊ အတင်းအဖျင်းပြောခြင်းမပြုလုပ်ပါ၊ သားလျှောစေခြင်း၊ အဆိပ်ကျွေးခြင်း၊ မတရားကျင့်ခြင်းစသည့်မသမာသော အပြုအမူတို့ကို ရှောင်ကြဉ်ပါမည်။ ဆရာသမားတို့အား ရိုသေ၍သမာအာဇီဝ ကောင်းမြတ်သောအသက်မွေးဝမ်းကျောင်းကို ပြုလုပ်ပါမည်ဟု ကျမ်းကျိန်ရပေသည်။

ဆေးပညာရပ်တို့တွင် သိပ္ပံနှင့်လျော်ညီသောလက်ရှိအခြေအနေတို့ကို တိုးတက်ထွန်းကားလာစေခဲ့သည်မှာ ဟစ်ပိုကရေတီ၏ကျေးဇူးပင်ဖြစ်ပေသည်။ ဖြူဖြူသည် ဒန်းကလေးလွှဲ၍ စိတ်ဝင်စားစွာဖြင့် ဖတ်နေသော စာမူကြမ်းကို မြတ်နိုးစွာဖြင့်ရင်ဝယ်ပိုက်ထွေးပြီး

" အန်တီရေ . . . ဆရာဇီဝကတို့၊ ဆရာဟစ်ပိုကရေတီတို့လက်ထက်က သမာအာဇီဝ အသက်မွေးဝမ်းကျောင်းဟာ သိပ်ပြီးမွန်မြတ်တာပဲ၊ သမီးတို့ ကျမ်းကျိန်ခဲ့တာတွေကိုသာ ပီပီပြင်ပြင်နဲ့ လက်တွေ့ဆောင်ရွက်ရင် တစ်ရွာလုံး၊ တစ်မြို့လုံး၊ တစ်ပြည်လုံး၊ တစ်ကမ္ဘာလုံး၊ တစ်လောကလုံးအတွက် မေတ္တာတရား၊ သစ္စာတရားတွေဖုံးလွှမ်းပြီး ထာဝရကျန်းမာရွှင်လန်းနေမှာပဲနော်" ဟု အားရဝမ်းသာ ပြောနေပေသည်။ ။

# ပုဂံ မြစေတီဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို ရိုးရာအရုပ်သွန်းပွဲများဖြင့် ကျင်းပမည်

ညောင်ဦး ဩဂုတ် ၂၂

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ မြစေတီဘုရားကြီးအား ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် အသစ်တစ်ဖန် ပြန်လည်၍ စေတီတော်ကြီးအား ရတနာစိန်ဖူးတော် ငါးဆူ၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များ တင်လှူပူဇော်သွားမည်ဖြစ်ကြောင်းနှင့် စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကိုလည်း မြန်မာ့ရိုးရာအရုပ်သွန်းပွဲတော်များထည့်သွင်း၍ စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သမိုင်းဝင်မြစေတီဘုရားကြီးတည်ရှိရာ ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာမှ ဒေသခံပြည်သူများထံမှ သိရသည်။

ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာရှိ သမိုင်းဝင်မြစေတီဘုရားကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးဧည့်သည်များ ကြည်ညိုသဒ္ဓါပွားများနိုင်ရေးအတွက် ရတနာစိန်ဖူးတော် ငါးဆူ၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပူဇော်ပွဲကို ၁၃၈၀ ပြည့်နှစ် ဝါခေါင်လဆန်း ၁၂ ရက်၊ ၁၃ ရက်တို့တွင် ရတနာပန်းရထားများဖြင့် စည်ကားစွာ တင်လှူပူဇော်သွားမည်ဖြစ်ပြီး စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်အား နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဝါခေါင်လဆန်း ၁၄ ရက်၊ ၁၅ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဝါခေါင်လဆန်း ၁၄ ရက်တွင် မြင်းကပါ ကျေးရွာဒေသခံပြည်သူများ၏ ဖန်တီးပုံဖော်ထားသော မြန်မာ့ရိုးရာအရုပ်သွန်းပွဲများဖြင့် ဆင်ယင်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဝါခေါင်လဆန်း ၁၅ ရက် နံနက်ပိုင်းတွင် စေတီတော်ကြီး၌ ဆွမ်းသပိတ်လုံးများ ကပ်လှူခြင်း၊ မြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များကိုပင့်ဖိတ်၍ ငွေဆွမ်းလောင်းလှူခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြန်မာ့ရိုးရာအရုပ်သွန်းပွဲများအပြင် ဗလာအငြိမ့်ဇာတ်သဘင်ပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မြင်းကပါကျေးရွာရှိ မြစေတီဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်သည် နှစ်စဉ်နှစ်တိုင်း မြန်မာ့ရိုးရာအရုပ်သွန်းပွဲများ၊ ဗလာအငြိမ့်ဇာတ်ပွဲသဘင်များနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းချသည့် ဈေးဆိုင်ခန်းများဖြင့် စည်ကားစွာကျင်းပလေ့ရှိသည့် ဘုရားပွဲတော်ကြီး တစ်ခုဖြစ်ပြီး မြန်မာ့ရိုးရာအရုပ်သွန်းပွဲတော်မှာ ပြည်တွင်း၊ ပြည်ပဘုရားဖူးဧည့်သည်များနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံကျေးလက်နေပြည်သူများ ကြည့်ရှုကြသည့်အတွက် ကြိတ်ကြိတ်တိုးစည်ကားသည့် ဘုရားပွဲတော်ကြီး တစ်ခုဖြစ်ကြောင်း ညောင်ဦးမြို့နယ် မြင်းကပါ ကျေးရွာမှ ဒေသခံတစ်ဦးဖြစ်သူ ဦးဇော်ပွေးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဘားအံ မြို့ပေါ်ရပ်ကွက် ကိုးခု ရေကြီးနစ်မြုပ်

ဘားအံ ဩဂုတ် ၂၂

ဘားအံမြို့နယ်အတွင်း သံလွင်မြစ်ရေမြင့်တက်လာသည့်အတွက် ဩဂုတ် ၂၁ ရက် ၄ နာရီခွဲအထိ မြို့ပေါ်ရပ်ကွက် ကိုးခု၊ မြို့နယ်အတွင်း ကျေးရွာအုပ်စု ၂၆ စုတို့တွင် ရေအနက် သုံးပေမှ ခုနစ်ပေအထိ မြစ်ရေဝင်ရောက်လျက်ရှိပြီး ကျေးရွာအချို့တွင်လည်း ရေအနည်းငယ် စတင်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

"မြို့ပေါ် ရပ်ကွက် ကိုးခုမှာ မြစ်ရေဝင်ရောက်နေတယ်။ အမှတ် ၇ ရပ်ကွက်မှာဆို ရေကလမ်းပေါ်တင် သုံးပေကျော်နက်တဲ့အတွက် ဒီနေ့ မွန်းလွဲ ၁ နာရီခွဲမှာပဲ အထက-ခွဲ (၂) စာသင်ကျောင်းနှင့် အမက(၁၈) စာသင်ကျောင်းကို ယာယီပိတ်လိုက်ရတယ်။ ဒီနေ့ ညနေအထိ စာရင်းကောက်ယူထားတာ ကျေးရွာပေါင်း ၂၆ ရွာမှာ ရေအနက် သုံးပေကနေ ခုနစ်ပေအထိ ရေဝင်ရောက်နေတယ်။ တစ်ပြည်နယ်လုံးအနေနဲ့တော့ ရေနစ်မြုပ်တဲ့ကျေးရွာ ၄၇ ရွာရှိပြီ"ဟု ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ လိုက်ပါဆောင်ရွက်နေသည့် ကိုဖြိုးဝေဆက်က ပြောသည်။

ဘားအံမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရပ်ကွက်/ကျေးရွာများ ရေကြီးနစ်မြုပ်မှုများအပြင် အဓိကဆက်သွယ်ရေးလမ်းကြောင်းဖြစ်သည့် ဘားအံ-ဇာသပြင် အဖြောင့်လမ်းခလောက်နိုင်းရွာနှင့် ကော့မူးရာကျေးရွာအကြား တံတားအမှတ် ၂/၄ အနီး ခလောက်နိုင်းလမ်းပိုင်းတွင် ရေအနက် တစ်ပေခွဲခန့်ရှိပြီး ဘားအံ-သထုံလမ်း မိုင်တိုင်အမှတ် ၁/၀ နှင့် ၁/၂ အကြား မြိုင်ကလေးလမ်းဆုံနှင့် မြိုင်ကလေးရွာကြီးအကြား ရေကျော်နေသည့် နေရာအား ယာဉ်များဖြတ်သန်းရာတွင် အန္တရာယ်မဖြစ်စေရန် မာဃလူမှုကူညီရေးအသင်းနှင့်ရဲတပ်ဖွဲ့ဝင်တို့ပူးပေါင်း၍ ကတ္တရာလမ်းအစပ်ပြ မှတ်တိုင်များကိုလည်း စိုက်ထူထားရှိပေးခဲ့ကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို (၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာညီလာခံသို့ တက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ကျွမ်းကျင်ပညာရှင် ဦးအောင်သိန်းညွှန့် (ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း) တို့သည် ဩဂုတ် ၂၂ ရက်မှ ၂၆ ရက်အထိ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပမည့် (၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံသို့ တက်ရောက်ရန် ယနေ့မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ရာ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးအောင်နိုင်မြင့်နှင့် တာဝန်ရှိသူများ ပို့ဆောင်နှုတ်ဆက်သည်။

**သတင်းစဉ်**



# ဆန်သစ်မပေါ်မီ ကြားကာလအတွင်း ဝယ်လိုအားများ၍ ဆန်ဈေးမြင့်တက်

**မန္တလေး ဩဂုတ် ၂၂**

မန္တလေးဆန်ဈေးကွက်အတွင်း ဆန်အသစ်မပေါ်မီ ကြားကာလတွင် ပြည်တွင်း၊ ပြည်ပ ဝယ်လိုအားကြောင့် ယခုတစ်ပတ်အတွင်း ဆန်ဈေးနှုန်းမှာ တစ်အိတ်လျှင် ကျပ်တစ်ထောင်ခန့် မြင့်တက်လာကြောင်း မန္တလေးဆန်စပါး ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးကျော်ကျော်နိုင်က ပြောသည်။

လက်ရှိ မန္တလေးဆန်ဈေးကွက်တွင် ပြည်ပပို့ကုန်ဆန်များအနေဖြင့် ပိဿာချိန် ၃၀ ဒသမ ၇၅ တစ်အိတ်လျှင် 72 ဆန်အမျိုးအစားမှာ ကျပ် ၂၄၅၀၀၊ ရတနာတိုး ကျပ် ၂၄၀၀၀၊ BG တစ်အိတ်လျှင် ကျပ် ၂၄၀၀၀၊ နှာကောက် ကျပ် ၂၄၅၀၀ ဈေးရှိနေပြီး ပြည်တွင်းစားသုံးဆန်များအနေဖြင့် ပိဿာချိန် ၃၀ တစ်အိတ်လျှင် ရွှေဘိုပေါ်ဆန်း ကျပ် ၅၇၀၀၀၊ ရွှေသွယ်ရင် ကျပ် ၃၃၀၀၀၊ မနောသုခ ကျပ် ၃၀၀၀၀၊ မဂျမ်းတော ကျပ် ၄၂၀၀၀ ဈေးနှုန်းရှိနေကြောင်း သိရသည်။

ယမန်နှစ် မိုးစပါးပေါ်ချိန်တွင် ရာသီဥတုဖောက်ပြန်သဖြင့် အထွက်နှုန်းကောင်းသော်လည်း အရည်အသွေးကောင်းမွန်မှုမရှိခြင်းကြောင့် တောင်သူများ အရှုံးဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ယခုနှစ် လက်ရှိအချိန်တွင် ရာသီဥတုကောင်းမွန်နေမှုကြောင့် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်မည်ဖြစ်သဖြင့် ဈေးကောင်းရရန် မျှော်လင့်နေကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြိတ်မြို့ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းရှိ သင်တန်းသူများအား တွေ့ဆုံအားပေး

**မြိတ် ဩဂုတ် ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ လေးကျွန်းဆီမီး စေတီတော်ကြီးကို သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ဆီမီး၊ ရေချမ်း ဆက်ကပ်ခဲ့ပြီး အလှူငွေများ ပေးအပ်လှူဒါန်း၍ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြိတ်မြို့ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းသို့ ရောက်ရှိပြီး နိုင်ငံတော်က တာဝန်ယူစောင့်ရှောက်ထားသော အမျိုးသမီးများနှင့် ကလေးများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားပြောကြားကာ သင်ကြားပေးနေသည့် ပညာရပ်များနှင့် ပတ်သက်၍ ဆွေးနွေးသည်။ ထို့နောက် တာဝန်ရှိသူများက ကျောင်း၏ လိုအပ်ချက်များကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းတွင် နိုင်ငံတော်က တာဝန်ယူစောင့်ရှောက်ထားသော အမျိုးသမီး ၅၈ ဦးရှိပြီး အသက်အရွယ်အလိုက် ကျောင်းပညာသင်ကြားပေးခြင်း၊ 'အ' သုံးလုံးသင်ကြားပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးခြင်းနှင့် မိသားစုပြန်လည်ပေါင်းစည်းပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# စီးပွားရေးကဏ္ဍသတင်းပေးပို့မှုများ ပိုမိုကောင်းမွန်ရေးဆိုင်ရာဖိုရမ် ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၂**

အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) က စီစဉ်ကျင်းပသည့် စီးပွားရေးကဏ္ဍ သတင်းပေးပို့မှုများ ပိုမိုကောင်းမွန်ရေးဆိုင်ရာဖိုရမ်ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

ဖိုရမ်တွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အချက်အလက်သည် သတင်းအတွက် အရေးကြီးပါကြောင်း၊ စတုတ္ထမဏ္ဍိုင် သတင်းသမားများသည် ပြည်သူနှင့် မဏ္ဍိုင် သုံးရပ်အကြား ပေါင်းစပ်ပေးရပါကြောင်း၊ ထို့ပြင် ပြည်သူအချင်းချင်းအကြားတွင်လည်း သတင်းအချက်အလက်များကို ဖြန့်ဖြူးပေးရပါကြောင်း၊ စီးပွားရေးဆိုင်ရာ သတင်းများသည် နိုင်ငံတော်၏မူဝါဒကိုင်တွယ်ရသူများ၊ စီးပွားရေးလုပ်ငန်းရှင်များအပြင် ပြည်သူတစ်ဦးချင်းအတွက်ပါ အရေးကြီးပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများကို ဌာနအလိုက် ထုတ်ပြန်နိုင်သည့် သတင်းအချက်များ အချိန်မီထုတ်ပြန်နိုင်ရန် နှိုးဆော်ထားပါကြောင်း၊ မိမိတို့နိုင်ငံတွင် Right to Information Law ကို ရေးဆွဲနေပါကြောင်း၊ ယင်းဥပဒေ ရေးဆွဲပြီးပါက သတင်းသမားအတွက် သတင်းရယူရန် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ ယနေ့စကားဝိုင်းတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ ယခုအခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကို ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသည့် စီးပွားရေးလုပ်ငန်းရှင်များအတွက် မှန်ကန်စိတ်ချရသည့် သတင်းအချက်များ မြန်မြန်ဆန်ဆန်ရရှိရန် အရေးကြီးပါကြောင်း၊ နိုင်ငံတကာ အစိုးရများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတစ်ခုနှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်ချမည်ဆိုပါက သတင်းမီဒီယာများ၏ ရေးသားချက်များကို အဓိက အားထားပါကြောင်း၊



သို့ဖြစ်၍ သတင်းမီဒီယာသမားများအနေဖြင့် မိမိတို့နိုင်ငံ၏ အချက်အလက်၊ ကိန်းဂဏန်းများ ဖော်ပြရာတွင် မမှားယွင်းကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် USAID မှ Head Economist Mr. Paul Pleva က သတင်းမီဒီယာများအနေဖြင့် လူထုနှင့် ဆက်သွယ်ရာတွင် တိကျမှန်ကန်ရန် အရေးကြီးပါကြောင်း၊ USAID အနေဖြင့် မြန်မာပြည်သူများ မျှော်လင့်နေသည့် ဒီမိုကရေစီ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များတွင် ကူညီရန်အသင့်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲသည် ငြိမ်းချမ်းရေး၊ ကြွယ်ဝရေး၊ ဖွံ့ဖြိုးရေးအတွက် ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ သတင်းမီဒီယာများသည် စီးပွားရေးနှင့်ပတ်သက်သည့် စိန်ခေါ်ချက်များကို သတင်းပေးနေကြသူများဖြစ်ပါကြောင်း၊ သတင်းကဏ္ဍနှင့် အစိုးရက တရားဝင်ထုတ်ပြန်သည့် သတင်းအချက်အလက်များမှာ အရေးကြီးပါကြောင်း၊ သတင်းဆောင်းပါးရေးသားရာတွင် Data မှာအရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်ဝါဝါမောင်က ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် မှန်ကန်တိကျသည့် Data ရရှိအောင် ဆောင်ရွက်ခဲ့မှု၊ စာရင်းအင်းဥပဒေသစ်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခဲ့မှုနှင့် ကဏ္ဍအလိုက် Data များရရှိအောင် ဆက်လက်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖိုရမ်ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ လက်ရှိအခြေအနေကို သုံးသပ်ခြင်းခေါင်းစဉ်နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက သဘာပတိအဖြစ် လည်းကောင်း၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အကြံပြုချက်များ ခေါင်းစဉ်နှင့်စပ်လျဉ်း၍ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်ဝါဝါမောင်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးသိန်းနှင့် 7day သတင်းမီဒီယာ အမှုဆောင်အရာရှိချုပ်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်းဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းတို့က သဘာပတိအဖြစ် လည်းကောင်း ဆောင်ရွက်ကြပြီး သတင်းမီဒီယာများက အချက်အလက်အခြေပြု သတင်းများရေးသားရန်အတွက် သတင်းအချက်အလက်ရရှိရန် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ ဝန်ကြီးဌာနမှ သတင်းအချက်အလက် ရယူရသည့် အခက်အခဲများ၊ Data မရရှိသည့် ပြဿနာနှင့် သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အပြန်အလှန် ဆွေးနွေးကြသည်။

ယနေ့ ဖိုရမ်သို့ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် သတင်းဌာနများမှ သတင်းမီဒီယာသမားများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မော်တာစက်ချုပ်သင်တန်းဖွင့်

**သထုံ ဩဂုတ် ၂၂**

မွန်ပြည်နယ် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖြစ်သည့် မော်တာစက်ချုပ်သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၁ ရက်က ကျင်းပရာ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တပြည်နယ်ဦးစီးမှူး (ဒုတိယညွှန်ကြားရေးမှူး၊ နည်းပညာ) ဦးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်က အမှာစကားပြောကြားသည်။

သင်တန်းတွင် စက်ချုပ်ရိုးညီစေရန် လေ့ကျင့်ခြင်းနှင့် စက်၏အခြေခံသဘောတရားများ နားလည်စေရန် သင်ကြားခြင်း၊ လုံချည်ချုပ်နည်း၊ ထဘီချုပ်နည်း သင်ကြားပေးခြင်း၊ မိန်းမဝတ်ဘလောက်(စ်)(လည်ပင်းပုံစံအမျိုးမျိုးနှင့် လက်ပုံစံအမျိုးမျိုး) ချုပ်နည်းသင်ကြားခြင်း၊ မိန်းမဝတ်ခါးတိုအခြေခံရင်စေ့ချုပ်နည်း၊ မိန်းမဝတ်ခါးတို အခြေခံရင်ဖုံးချုပ်နည်း သင်ကြားခြင်း၊ အမျိုးသားဝတ် ရှပ်လက်ရှည်/တိုချုပ်နည်း သင်ကြားခြင်းတို့ကို သထုံခရိုင်အတွင်း မြို့နယ် လေးမြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသူ ၂၅ ဦးအား အခမဲ့စရိတ်ငြိမ်း သင်ကြားသွားမည်ဖြစ်သည်။

**မိုးဝင်း(ခရိုင်ကျေးလက်)**

■

# အကျဉ်းထောင်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည့် အကျဉ်းထောင်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ မိတ်ဆက်ခြင်းအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဆိုင်ရာ ကျင့်ဝတ်များအရ အကျဉ်းသားများကိုလည်း နိုင်ငံအတွင်းရှိ ပြည်သူများနည်းတူ တန်းတူညီမျှသော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်ရမည်ဖြစ်ကြောင်း၊ အကျဉ်းထောင်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ဆောင်ရွက်ရာတွင် အကျဉ်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှု ခံစားပိုင်ခွင့်၊ ကျန်းမာရေးဝန်ထမ်းများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်၊ အကျဉ်းကျလူနာများ၏ မိမိကျန်းမာရေးအတွက် မိမိကိုယ်တိုင်ဆုံးဖြတ်နိုင်ခွင့်၊ အကျဉ်းသားများ၏ ကျန်းမာရေးအချက်အလက်များ လုံခြုံစိတ်ချရမှု၊ ကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေးနှင့် ကျွမ်းကျင်မှုတို့သည် အထူးအရေးကြီးပြီး လိုက်နာကျင့်သုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အကျဉ်းထောင်ကျန်းမာရေးစောင့်ရှောက်မှု မကောင်းပါက တီဘီ၊ HIV/ AIDS၊ အသည်းရောင်အသားဝါရောဂါစသည့် ကူးစက်ရောဂါဖြစ်ပွားနေသော အကျဉ်းသားများ အကျဉ်းထောင်မှ လွတ်မြောက်လာပြီး ပြည်သူများအကြား ပြန်ရောက်လာသည့်အခါ မိသားစုဝင်များနှင့် အခြားပြည်သူများသို့ ရောဂါကူးစက်ပြန့်ပွားနိုင်သောကြောင့် အကျဉ်းထောင်ကျန်းမာရေးစောင့်ရှောက်မှုသည် အလွန်အရေးကြီးကြောင်း။

အကျဉ်းသားများသည် သာမန်ပြည်သူများထက် ပိုမို၍ ရောဂါဖြစ်ပွားနိုင်ခြေပိုများသော ထိခိုက်လွယ်အုပ်စုများဖြစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အလေးပေးဆောင်ရွက်ရန် လိုကြောင်း၊ ယခု အကျဉ်းထောင်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ စာအုပ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ပူးပေါင်း၍ UNODC၊ WHO၊ UNAIDS၊ 3MDG Fund တို့၏ ကူညီပံ့ပိုးမှုဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးရှိ အကျဉ်းထောင်များတွင် တစ်ပြေးညီ အသုံးပြုနိုင်ရန်နှင့် နိုင်ငံ၏ အခြေအနေနှင့်ကိုက်ညီစေရန် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုကို အကျဉ်းသားများ လက်လှမ်းမီရရှိစေရန် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်ကြောင်း။

ယခု စံလုပ်ထုံးလုပ်နည်းများစာအုပ်တွင် အထွေထွေကျန်းမာရေးစောင့်ရှောက်မှု၊ ကူးစက်ရောဂါနှင့် မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေး၊ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ကျန်းမာရေးပြဿနာများ၊ နာတာရှည်ရောဂါများ စောင့်ရှောက်မှု အပါအဝင် ရောဂါများအား ကုသနိုင်ရေးအပြင် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ညွှန်းပို့ကုသပေးနိုင်ရေးအတွက် စံလုပ်ထုံးများပါဝင်ပြီး အလွန်ကောင်းမွန်ပြည့်စုံသည်ကို တွေ့ရှိရကြောင်း။




အဆိုပါစံပြလုပ်ထုံးလုပ်နည်းများကို စာအုပ်အဖြစ်သာမဟုတ်ဘဲ လက်တွေ့လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အဆင့်လိုက်၊ အပိုင်းလိုက် ဦးစားပေးလုပ်ငန်းများသတ်မှတ်၍ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့အနေဖြင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ INGO/NGO များ၊ ICRC၊ IRC၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းစသော အဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုအောင်မြင်ထိရောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က အမှာစကားပြောကြားပြီး UNODS မှ Ms. Marie Cauchois Pegie နှင့် 3MDG Fund မှ Fund Director Mr. Oren Ginzburg တို့က ကျေးဇူးတင်စကားများ အသီးသီး ပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်က အကျဉ်းထောင်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ စာအုပ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ရေဘေးသင့်အိမ်ထောင်စုများနှင့် ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

**ဘားအံ ဩဂုတ် ၂၂**



ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီခန့်မှ စတင်၍ ဘားအံမြို့ပေါ် ရပ်ကွက်များနှင့် ဘားအံမြို့နယ်အတွင်းမှ ရေကြီးနစ်မြုပ်သည့် ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်အိမ်ထောင်စုများနှင့် ရေဘေးကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့်ပြည်သူများကို လိုက်လံကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေး ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပေးအပ်ရာတွင် ဘားအံမြို့ အမှတ်(၇) ရပ်ကွက်အတွင်းရှိ ရေဘေးသင့်အိမ်ထောင်စု ၂၅၀ အတွက် အိမ်ထောင်တစ်စုလျှင် ဆန်သုံးပြည်၊ ဆီတစ်လီတာဘူး တစ်ဘူး၊ ခေါက်ဆွဲခြောက် သုံးထုပ်၊ ငါးသေတ္တာ သုံးဘူး၊ မတ်ပဲ တစ်ဘူး၊ အချိုရည် နှစ်ဘူး၊ မုန့်တစ်ထုပ် စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၂၅၀၀၀၀ ခန့်ကိုလည်းကောင်း၊ ထောင်ဝိဘုန်းကြီးကျောင်း ရေဘေးရှောင်စခန်းရှိ အိမ်ထောင်စု ၁၀၉ စုအတွက် တစ်အိမ်ထောင်လျှင် ဆန်သုံးပြည်၊ ငါးသေတ္တာ နှစ်ဘူး၊ ဆီဘူးသေးတစ်ဘူး၊ ခေါက်ဆွဲခြောက်ထုပ် အသေးငါးထုပ်၊ ပဲလွှမ်းဖြူ အထုပ်သေး တစ်ထုပ်တို့ကိုလည်းကောင်း၊ ဘားအံမြို့ အမှတ် (၄) ရပ်ကွက်ရှိ မြမြင့်မိုရ်လမ်း၊ မြစိန်လင်းလမ်း၊ မြသစ္စာလမ်းနှင့် သုခလမ်းအတွင်းရှိ အနိမ့်ပိုင်းမှ ရေဘေးသင့်အိမ်ခြေ ၄၀၀ အား တစ်အိမ်လျှင် ဆန် သုံးပြည်၊ ဆီ တစ်လီတာဘူး၊ ပဲတစ်ထုပ်၊ ခေါက်ဆွဲခြောက် ငါးထုပ်၊ ငါးသေတ္တာ သုံးဘူး၊ အချိုရည်နှစ်ဘူး၊ မုန့်နှစ်ထုပ်တို့ကိုလည်းကောင်း၊ ဘားအံမြို့ အမှတ် ၁ ရပ်ကွက် မိုးလုံလေလုံအားကစားရုံ ရေဘေးကယ်ဆယ်ရေးစခန်းရှိ ၁၂ နှစ်အောက်ကလေးများအတွက် စောင်္ဂမြင့်ကုမ္ပဏီနှင့် ပူးပေါင်းပြီး ၁၂ နှစ်အောက် ကလေးငယ်များအတွက် မုန့်များနှင့် မွေးကင်းစကလေးများအတွက် ကလေးအိပ်ခြင်ထောင်များကိုလည်းကောင်း၊ ဘားအံမြို့ အောင်သံလွင် အားကစားကွင်းအတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းမှ ၁၂ နှစ်အောက် ကလေးငယ်များနှင့် အထက ၃ ကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းမှ ၁၂ နှစ်အောက် ကလေးငယ်များအတွက် မုန့်များကိုလည်းကောင်း လိုက်လံထောက်ပံ့ပေးခဲ့ပြီး အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

ထို့အတူ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး ဦးဆောင်သည့် အဖွဲ့ဖြင့် ဘားအံမြို့နယ်အတွင်း ရေကြီးနစ်မြုပ်လျက်ရှိသော ခဲတောက်ကျေးရွာအုပ်စု ခဲတောက်ကျေးရွာရှိ အိမ်ထောင်စု ၃၉၄ စုအတွက် ဆန် ၃၁ အိတ်၊ ရေသန့်ကတ် ၅၀၊ ကုလားပဲ ထုပ် ၂၅၀၊ ဆီ ၂၅၈ ဘူး၊ ကြက်သွန်နီ ၁၁ အိတ်၊ ငါးသေတ္တာဘူး ၇၅၀ တို့ကိုလည်းကောင်း၊ မုက္ကဒိကျေးရွာအုပ်စု မုက္ကဒိကျေးရွာရှိ အိမ်ထောင်စု ၄၄၆ စုအတွက် ဆန် ၅၆ အိတ်၊ ရေသန့် ၈၉ ကတ်၊ ဆီ ၄၄၉ ဘူး၊ ကြက်သွန်နီ ၂၃ အိတ်၊ ငါးသေတ္တာ ၁၃၃၈ ဘူး၊ ကုလားပဲ ၄၄၆ ထုပ်အားလည်းကောင်း၊ မုက္ကဒိကျေးရွာအုပ်စု ဖားနွဲ့ကျွန်းကျေးရွာရှိ အိမ်ထောင်စု ၁၆၁ စု အတွက် ဆန်အိတ် ၂၀၊ ရေသန့် ၃၂ ကတ်၊ ဆီ ၁၆၁ ဘူး၊ ငါးသေတ္တာ ၄၈၃ ဘူး၊ ကြက်သွန်နီ ရှစ်အိတ်၊ ကုလားပဲ ၁၆၁ ထုပ်တို့ကိုလည်းကောင်း၊ လှာကာကျေးရွာအုပ်စု ဖားပုကျေးရွာ ကူးဆိပ် ၂ အမက ကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၂၄ စုနှင့် ဖားပုရွာအတွင်း ရေနစ်မြုပ်နေသော အိမ်ထောင်စု ၁၈၈ စုအတွက် ဆန် ၁၈ အိတ်၊ ရေသန့် ၂၄ ကတ်၊ ကုလားပဲ ၁၄၆ ထုပ်၊ ဆီ ၁၄၅ ဘူး၊ ကြက်သွန် ရှစ်အိတ်၊ ငါးသေတ္တာ ငါးဖာတို့ကိုလည်းကောင်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

❖ **ဝူရှူးပြိုင်ပွဲမှ**

ယခုပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့သည် အားကစားနည်းရှစ်မျိုးတွင် ယှဉ်ပြိုင်လျက်ရှိပြီး ဆုတံဆိပ်များချီးမြှင့်သည့် ဩဂုတ် ၁၉ ရက်မှစ၍ သုံးရက်ဆက် ဆုတံဆိပ်နှင့် လွဲချော်ခဲ့သော်လည်း လေးရက်မြောက်နေ့တွင် ကြေးဆုရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ငြိမ်းချမ်းကိုကိုသည် အမျိုးသားထိုက်ချိချွမ် + ထိုက်ချိကျန့်ပြိုင်ပွဲ နှစ်ခုပေါင်းတွင် စုစုပေါင်းရမှတ် ၁၉ ဒသမ ၄၀ မှတ်ဖြင့် ကြေးတံဆိပ်ရခဲ့ခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲတွင် တရုတ်ကစားသမားက ရွှေတံဆိပ်၊ ဂျပန်ကစားသမားက ငွေတံဆိပ်ရခဲ့သည်။ ငြိမ်းချမ်းကိုကိုသည် ပထမနေ့ ထိုက်ချိချွမ်ပြိုင်ပွဲတွင် ၉ ဒသမ ၆၉ မှတ်သာရသော်လည်း ဒုတိယနေ့တွင် အကောင်းဆုံးကစားနိုင်ပြီး ၉ ဒသမ ၇၁ မှတ်ရကာ ဆုတံဆိပ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ငြိမ်းချမ်းကိုကိုက "ပထမနေ့မှာ ရမှတ်သိပ်မကောင်းခဲ့ပေမယ့် ဒုတိယနေ့မှာ ရမှတ်ကောင်းဖို့ အစွမ်းကုန်ကြိုးစားခဲ့ပါတယ်။ ဆုတံဆိပ်ရယူနိုင်လို့ ဝမ်းသာပေမယ့် ရွှေဆုနဲ့ လွဲချော်ခဲ့လို့ စိတ်မကောင်းဖြစ်ရပါတယ်" ဟု ပြောကြားသည်။

မြန်မာဝူရှူးအဖွဲ့ ယှဉ်ပြိုင်သည့် ပြိုင်ပွဲအမျိုးအစားများ ပြီးဆုံးသွားပြီဖြစ်ပြီး ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# အပြည်ပြည်ဆိုင်ရာလှေပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယနေ့ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်း နှစ်ပွဲယှဉ်ပြိုင်ရမည်

**ဂျကာတာ ဩဂုတ် ၂၂**

အာရှအားကစားပြိုင်ပွဲ၏ အပြည်ပြည်ဆိုင်ရာလှေပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းမှစ၍ ပလန်ဘမ်မြို့ရှိ ဂျာကာဘာရင်း Sports Complex ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာလှေလှော်အဖွဲ့အနေဖြင့် ပြိုင်ပွဲနှစ်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ဗိုလ်လုပွဲအဖြစ် ပြိုင်ပွဲအမျိုးအစား ရှစ်မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာလှေလှော်အဖွဲ့သည် ပြိုင်ပွဲနှစ်မျိုး၌ လက်ရည်စစ်ပွဲအောင်မြင်ထားသည်။ မြန်မာလှေလှော်အဖွဲ့သည် အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲနှင့် လေးယောက်တွဲပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ဩဂုတ် ၂၂ ရက်က ကျင်းပသည့် လက်ရည်စစ်ပွဲ နောက်ဆုံးနေ့တွင် မြန်မာလှေလှော်အဖွဲ့သည် အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲ၌ လက်ရည်စစ်ပွဲ ထပ်မံအောင်မြင်ခဲ့သည်။ မြန်မာအသင်းသည် နောက်ဆုံးနေ့တွင် လက်ရည်စစ်ပွဲနှစ်ပွဲ၌ ထပ်မံယှဉ်ပြိုင်ခဲ့ရာ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်သော်လည်း အမျိုးသားရှစ်ယောက်တွဲပြိုင်ပွဲတွင် လက်ရည်စစ်ပွဲ အောင်မြင်ခဲ့ခြင်း မရှိပေ။ မြန်မာအသင်းသည် အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲတွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ အိန္ဒိယတို့နှင့် ယှဉ်ပြိုင်ခဲ့ပြီး ထိုင်းအသင်းသာ လက်ရည်စစ်ပွဲ မအောင်မြင်ဘဲ ကျန်လေးသင်း အောင်မြင်ခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်**

# နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းတွေနဲ့တွေ့ပြီး ရင်းနှီးမြှုပ်နှံမှုအတွက် လုပ်ပေးနိုင်တဲ့ကိစ္စတွေကို ရှင်းလင်းဆွဲဆောင်တယ်

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်

## (ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ တိုးမြင့်လာအောင် ဆောင်ရွက်နေသည့် MIC ၏ ဆောင်ရွက်ချက်၊ ရေရှည်စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံသူများ၏ အခြေအနေ)

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ စိန်ခေါ်မှုများခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် စီးပွားရေးစကားဝိုင်း ဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည်များကို ဆက်လက်ဖော်ပြအပ်ပါသည်။**

ရဲခေါင်ညွှန့်၊ ဇော်ကြီး
ဓာတ်ပုံ-ဖိုးဇော်

**(ယမန်နေ့မှအဆက်)**

**မေး။ ။ လက်ရှိမြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု အခြေအနေနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုရှိပါသလဲ ဆက်ပြီးတော့ ဆွေးနွေးပေးပါဦး။**

ဦးသန်းအောင်ကျော်။ ။ ၁၉၈၈ ခုနှစ်ကတည်းက ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခေါ်လာတာပါ။ ဇူလိုင်လကုန်လောက်အထိ ရရှိထားတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ ၇၆ ဘီလီယံကျော်ကျော် ခွင့်ပြုခဲ့တဲ့လုပ်ငန်းတွေရှိတယ်။ ဒီထဲကမှ တချို့လည်း သက်ပြည့်သွားလို့ပြန်သွားတာ၊ နှစ်ပြည့်လို့ ပြန်သွားတာတွေ အပါအဝင်ဆိုရင် ဒီနေ့အထိတော့ ၆၂ ဘီလီယံကျော်ကျော်လောက် လက်ရှိမြှုပ်နှံဆောင်ရွက်နေပါတယ်။ နောက်တစ်ခါ အစိုးရသစ်တက်လာပြီးတဲ့ကာလ နှစ်နှစ်ကျော်မှာ ၁၂ ဘီလီယံကျော်ကျော်ရထားတယ်။ တစ်နှစ်ကို ခြောက်ဘီလီယံဆိုတော့ ဝင်ရောက်မှုက များပါတယ်။ နောက်တစ်ခုကတော့ အစိုးရသစ်တက်လာတဲ့အခါ မူဝါဒပိုင်းမှာ ပြောင်းလဲတာတွေ အများကြီးရှိတယ်။ တိုင်းပြည်ကသွားမှာကိုက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆိုတော့ ရှေ့ပိုင်းမှာ ကော်မရှင်အဖွဲ့ဝင်တွေ ရှင်းပြသွားသလို ဖက်ဒရယ်သွားမယ်ဆိုကတည်းက တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေကို ရင်းနှီးမြှုပ်နှံမှုကိုစပြီး လုပ်ပိုင်ခွင့်ခွဲပေးလိုက်တဲ့ ဥပဒေပါ။ ဒေါ်လာငါးသောင်း၊ ကျပ်ငွေသန်းခြောက်ထောင်အောက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကလုပ်ဖို့ ဒီအခွင့်အလမ်းတွေကို သူတို့ရလာတယ်။

တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်တွေက နိုင်ငံခြားသွားမယ်။ ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်လာမယ်။ ကိုယ်တိုင်ခွင့်ပြုနိုင်တဲ့လုပ်ငန်းစဉ်ကို ပေးထားတယ်။ နောက်တစ်ခုကတော့ သဘာဝပတ်ဝန်းကျင်ကို ဆိုးဆိုးရွားရွားထိခိုက်တဲ့ လုပ်ငန်းတွေ၊ အရင်းအမြစ်ကိုတူးပြီးလုပ်တဲ့ လုပ်ငန်းတွေကို ဒီဘက်ပိုင်းမှာ အားမပေးတော့တဲ့အတွက် သတ္တုတူးတဲ့ လုပ်ငန်းတွေ၊ ရေနံတူးတဲ့လုပ်ငန်းတွေ၊ သဘာဝပတ်ဝန်းကျင်ကို တအားထိခိုက်တဲ့ ရေအားလျှပ်စစ်လို လုပ်ငန်းကြီးတွေ ဒါမျိုးတွေဟာ ဒီဘက်ခေတ်မှာ မလာတော့ဘူး။ အဓိကက ဘာကိုဦးစားပေးသလဲဆိုတော့ အခြေခံအဆောက်အအုံနဲ့ပတ်သက်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေ အားပေးလာတယ်။ Telecom တွေ၊ လမ်းဖောက်တဲ့ ကိစ္စတွေ၊ လျှပ်စစ်နဲ့ပတ်သက်တဲ့ ကိစ္စတွေ၊ လုပ်သားတွေ ကျွမ်းကျင်မှုတွေနဲ့ အလုပ်အကိုင်အခွင့်အလမ်းက အရေးကြီးတော့ ဒီဘက်မှာ ဝင်ရောက်လာတဲ့ ကဏ္ဍတွေမှာလည်း အိမ်ရာကဏ္ဍတွေမှာ များလာတယ်။ Telecom ကဏ္ဍတွေနဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍတွေမှာ များလာတယ်။ အဆက်ဆက် ရင်းနှီးမြှုပ်နှံမှုပုံစံနဲ့ ဒီဘက်နဲ့ကွာခြားလာတယ်။ ဒါလေးကိုလည်း ရှင်းပြလိုပါတယ်။

ဦးအေးလွင်။ ။ ကျွန်တော်တို့တိုင်းပြည်ဟာ သယံဇာတပေါကြွယ်တဲ့နိုင်ငံဆိုပေမယ့် သယံဇာတအများကြီးရှိတဲ့နိုင်ငံ မဟုတ်ပါဘူး။ သယံဇာတကို ထုတ်ဖော်တဲ့အခါမှာ ကျွန်တော်တို့တွေက နည်းပညာမြင့်မားတဲ့ သယံဇာတတွေကို မထုတ်ဖော်နိုင်သေးဘူး။ ပထမနှစ်မှာ သဘာဝပတ်ဝန်းကျင်ကို ဦးစားပေးတယ်။ ဒုတိယနှစ်ရဲ့နောက်ပိုင်းမှာတော့ National Economic မှာလည်းပြောပါတယ်။

Sustainable development (ရေရှည်ဖွံ့ဖြိုးတိုးတက်မှု) ကို သွားပါတယ်။ ဥပမာ- သတ္တုလုပ်ငန်းပဲဆိုပါစို့၊ သယံဇာတတူးဖော်ဖို့ဟာ ကျွန်တော်တို့တိုင်းပြည်မှာ လိုအပ်ပါတယ်။ ဒေါ်လာသန်းနဲ့ မီလီယံနဲ့ချီပြီးတော့ တန်ဖိုးရှိတဲ့ သယံဇာတတွေ ကျွန်တော်တို့မှာရှိတယ်။ တစ်ခေတ်တစ်ခါက စနစ်တကျ မလုပ်ခဲ့တဲ့အတွက်ကြောင့် သယံဇာတကြောင့် ပတ်ဝန်းကျင်ထိခိုက်တယ်လို့ အယူအဆလွဲမှားစွာ ယူဆသွားတယ်။ ကျွန်တော်တို့ ဆိုလိုချင်တာက သယံဇာတ တူးဖော်တယ်။ မြေကြီးအောက်မှာရှိတဲ့ သယံဇာတဆိုတာ ဖောက်ရမယ်၊ တူးရမယ်၊ ထုတ်ရမယ်၊ ဒါပေမယ့် အဲဒီဖောက်ခြင်း၊ တူးခြင်းသည် တစ်ဖက်ကိုမထိခိုက်အောင် ခေတ်ပေါ်နည်းစနစ်တွေနဲ့ သုံးနိုင်တဲ့နည်းပညာတွေ ဒီကိုလာတဲ့အခါမှာ တူးဖော်မှုပဲ ကျွန်တော်တို့တိုင်းပြည်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။

တစ်ခေတ်တစ်ခါ ဆိုရှယ်လစ်ခေတ်တုန်းက လုပ်ပါတယ်။ "မြေလွှာကိုဖွင့် ပြည်ကိုမြှင့်အံ့"ဆိုပြီးပြောပါတယ်။ ဒီဘက်နောက်ပိုင်းကျတော့မှ အဖွဲ့အစည်းအကြီးကြီးတွေကို ပေးလိုက်တယ်။ ကိုယ်စားပြုတဲ့အဖွဲ့အစည်းတွေက တစ်ဆင့်ခံတွေပေးတယ်။ ဒီကြားထဲ လုပ်ငန်းရှင်တွေကို ကြီးကြပ်တာ အားနည်းတဲ့အတွက်ကြောင့် တချို့ထိခိုက်မှုတွေရှိတာကိုလည်း လက်ခံပါတယ်။ ကျွန်တော်တို့ဆိုလိုချင်တာက သတ္တုပဲတူးတူး၊ စက်ရုံပဲဆောက်ဆောက်၊ ဘာပဲထုတ်ထုတ် ကြီးကြပ်တဲ့ စောင့်ကြည့်မှုတွေလုပ်တဲ့ ဌာနတွေရဲ့တာဝန်ဟာ ပိုပြီးတော့ အဓိကအရေးကြီးတယ်ဆိုတဲ့ အကြောင်း ပြောချင်ပါတယ်။

သဘာဝပတ်ဝန်းကျင်ဟာ အရေးကြီးတယ်။ ပတ်ဝန်းကျင်ကို ဂရုစိုက်ပြန်ရင်လည်း တကယ့်အရေးကြီးတဲ့၊ တန်ဖိုးကြီးတဲ့ပစ္စည်းတွေကို ထုတ်တဲ့အခါမှာ ထုတ်ရတာခက်ခဲတဲ့အတွက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးကြန့်ကြာတယ်။ ရောဂါသည်လိုပေါ့။ ကင်ဆာရောဂါသည် ကိုယ်ထဲမှာရှိတဲ့ အကျိတ်ကိုဖောက်ထုတ်မှ ဒီလူကအသက်ရှည်မှာ။ ဖောက်ထုတ်ဖို့ သွေးတွေလွန်မယ်၊ ဒဏ်ရာရမယ်။ ချုပ်ရိုးမလှမှာကြောက်လို့ မဖော်ထုတ်ရင်တော့ ဒီလူနာက သေဆုံးမှာပဲ။ သယံဇာတသည် မြေကြီးထဲကို ကျွန်တော်တို့က ဆရာဝန်ရောဂါရှာသလိုပဲ စနစ်တကျနဲ့ တူးဖော်ထုတ်လုပ်ပြီး သွေးထွက်နည်းအောင်၊ ချုပ်ရိုးလေးလှအောင် ကျွမ်းကျင်တဲ့ဆေးပညာနဲ့ ကုသမယ်ဆိုရင် လူလည်း အသက်ရှည်မယ်။ အလှလည်း မပျက်သလိုဘဲ သတ္တုလည်း တူးဖော်ထုတ်လုပ်မယ်။ ပတ်ဝန်းကျင်ကိုလည်း မထိခိုက်တဲ့ နည်းစနစ်တွေ ကမ္ဘာမှာပေါ်နေပါပြီ။ အရေးအကြီးဆုံးကတော့ စည်းကမ်းတကျ ထိန်းသိမ်းဖို့နဲ့ စနစ်တကျဆောင်ရွက်ဖို့၊ ကြီးကြပ်တဲ့ စောင့်ကြည့်ရေးအဖွဲ့တွေသည် ယခုထက်ပိုပြီးတော့ ဆောင်ရွက်ဖို့၊ မျှတဖို့၊ ကိုယ့်ဘက်ကို အတင်းမယက်ဖို့လိုမယ်လို့ ကျွန်တော်အကြံပြုပါရစေ။ ကျွန်တော်တို့ဆီမှာ မြေပေါ် မြေအောက် သယံဇာတပေါများပါတယ်။ သားငါးသယံဇာတများပါတယ်။ မွေးမြူရေးလုပ်လို့ရတယ်။ မြေပေါ်သယံဇာတ သစ်၊ ကြိမ်၊ ဝါးဆိုလည်း တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်ဖို့လိုပါတယ်။ စနစ်တကျစိုက်မယ်၊ စနစ်တကျထုတ်မယ်။ ရွှေ ငွေ၊ ကြေးနီ၊ ကျောက်သံပတ္တမြား၊ ခဲ၊ သွပ်၊ ရေနံ စသည်ဖြင့် ကျွန်တော်တို့မှာရှိပါတယ်။

နောက်မျိုးဆက်အတွက် ကျွန်တော်တို့က သယံဇာတချန်တာထက် နည်းပညာနဲ့ အရင်းအနှီးချန်ဖို့လိုတယ်လို့ မြင်ထားပါတယ်။ ကျွန်တော်တို့ဒီမှာထုတ်နေတဲ့ သယံဇာတသည် မြေအပေါ်ယံလွှာကိုထုတ်တဲ့ mining ပုံစံပဲရှိသေးတယ်။ ဩစတြေးလျတို့၊ ကနေဒါတို့လို တကယ့်ကို မြေအောက်အထိတူးဖော်တဲ့ mining စနစ်မရောက်သေးဘူး။ တကယ်တမ်းက ကျွန်တော်တို့တိုင်းပြည်မှာ သယံဇာတတွေ အများကြီးရှိပါတယ်။ စနစ်တကျထုတ်လုပ်မှု အားနည်းခဲ့လို့ဖြစ်တဲ့အတွက် ဘယ်သူနဲ့ပဲပေါင်းပေါင်း စနစ်တကျလုပ်တဲ့ စနစ်လေး တည်ဆောက်ပေးဖို့ပဲလိုတဲ့ အကြောင်း တင်ပြခြင်းဖြစ်ပါတယ်။

ဦးသန်းအောင်ကျော်။ ။ ဥပမာ-ကော်မရှင်ရဲ့ဒီဘက်ပိုင်း လုပ်ဆောင်ချက်မှာ သစ်နဲ့ပတ်သက်တဲ့ လုပ်ငန်းတွေအားလုံးကို ခွင့်မပြုဘူးလို့ တရားဝင်ကြေညာလိုက်တယ်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့ တိုင်းပြည်က ဦးစားပေးလာတယ်။ အခုဆိုရင် သစ်နဲ့ပတ်သက်လို့ ခွင့်ပြုထားတဲ့ လုပ်ငန်းတွေက သစ်တောဌာနကနေ သစ်ထုတ်လုပ်မှုကိစ္စတွေကို လျှော့လိုက်တဲ့အတွက် ကုန်ကြမ်းမရတဲ့အပေါ်မှာ တချို့ရပ်ဆိုင်းဖို့ လုပ်လာတယ်။ ဒါဟာ တိုင်းပြည်က သစ်တောရေးရာကိစ္စတွေကို ပြန်လည်ထိန်းသိမ်းမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ MIC ကလည်း ဒီပေါ်လစီကို Follow လုပ်တာပါ။ နောက်တစ်ခုက ဦးအေးလွင်ပြောသွားတဲ့ သတ္တုထုတ်တာပါ။ သတ္တုရှိတဲ့အတွက် တိုင်းပြည်စီးပွားရေးအတွက် သတ္တုထုတ်တဲ့ကိစ္စကို မထုတ်ရဘူးလို့တော့ ကန့်သတ်မထားဘူး။

သို့သော်လည်း တိုင်းပြည်က အားပေးမြှင့်တင်မယ့် လုပ်ငန်းအမျိုးအစားထဲမှာမပါဘူး။ အဲဒါတွေထုတ်မယ်ဆိုရင် စနစ်တကျထုတ်နိုင်ရင်ထုတ်၊ အခွန်ကင်းလွတ်ခွင့်တွေ၊ သက်သာခွင့်တွေ ဥပဒေအရ ထည့်မထားဘူး။




> ❛ ပြောင်းလဲလာတဲ့ ရင်းနှီးမြှုပ်နှံမှုမူဝါဒ၊ စီးပွားရေးမူဝါဒ၊ ပတ်ဝန်းကျင်အခြေအနေ၊ ကမ္ဘာ့အခြေအနေတွေနဲ့ လိုက်လျောညီထွေမှုရှိအောင် အခုအခါမှာတော့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအစီအစဉ်ကို ပြန်ဆွဲထားတယ်။ ❜

**မေး။ ။ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး ကာလတွေက ပြောင်းလဲလာတာနဲ့အမျှ ရင်းနှီးမြှုပ်နှံမှုပုံစံတွေ ပြောင်းလဲလာတာကို တွေ့ရပါတယ်။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေနဲ့ ပတ်သက်ပြီး ဘယ်လိုအကျိုးရလဒ်တွေ ရှိနေတယ်ဆိုတာကိုလည်း ဆွေးနွေးပေးပါဦး။**

ဒေါ်မြသူဇာ။ ။ ၁၉၈၈-၁၉၈၉ ကနေ ၂၀၁၀-၂၀၁၁ ကာလအထိက နိုင်ငံတော်က မြေငှားလုပ်တာတို့၊ နိုင်ငံတော်နဲ့ပဲ ဖက်စပ်လုပ်တာတို့ပဲ ရှိခဲ့ပါတယ်။ ၂၀၁၁ မှာစပြီး မြေကိုလည်း ပုဂ္ဂလိကကနေ ငှားရမ်းလုပ်ပိုင်ခွင့်ပေးလိုက်တယ်။ ၂၀၁၂ ရင်းနှီးမြှုပ်နှံမှု ဥပဒေထုတ်ပြန်တဲ့အခါမှာတော့ အရင်ပုံစံနဲ့ တော်တော်လေးကွာသွားပြီ။ အရင်လုပ်ငန်းအမျိုးအစားနဲ့ အခုလုပ်တဲ့ လုပ်ငန်းအမျိုးအစားလည်း ကွာသွားတဲ့အတွက်ကြောင့် လွန်ခဲ့တဲ့ ၂၃ နှစ်ကလုပ်ခဲ့တဲ့ စက်မှုကဏ္ဍထုတ်လုပ်မှုကို ကြည့်ရင် လေးရာခိုင်နှုန်းလောက်ပဲရှိတယ်။ အခုငါးနှစ်တာကာလ ၂၀၁၂ ကနေ ၂၀၁၅-၂၀၁၆ ဆို ပုဂ္ဂလိကမြေ ဆောင်ရွက်ခွင့်ရှိတဲ့အတွက် စက်မှုကဏ္ဍလုပ်ငန်းတွေ ကြီးထွားလာတယ်။ စက်မှုလုပ်ငန်းတွေမှာသာ လိုအပ်တဲ့ ဖြည့်ဆည်းမှု (facilities)သာ အပြည့်အဝရှိလာမယ်ဆိုရင် ဒီထက်ပိုတိုးတက်လာမယ်။ ပူးပေါင်းဆောင်ရွက်မှုက အရေးကြီးပါတယ်။

မွေးမြူရေးကဏ္ဍဆိုရင် အရင်က ရေငန်ငါး၊ ပုစွန်အအေးခန်းလောက်ပဲရှိတယ်။ အခုဆိုရင် ကုန်းသတ္တဝါတွေပါ နိုင်ငံသားတွေရော၊ နိုင်ငံခြားသားတွေပါ ဆောင်ရွက်လာတဲ့အတွက် ဆိတ်၊ ဝက်၊ နွား၊ ကြက်တွေ မွေးမြူရေးကဏ္ဍမှာ ပိုမိုမွေးမြူလာတဲ့အတွက် မွေးမြူရေးအစာစက်ရုံတွေလည်း အရေအတွက်များလာပါတယ်။

ဦးအေးလွင်။ ။ အရင်က နိုင်ငံခြားသားဟာ အစိုးရဆီကသာ မြေငှားရမ်းခွင့်ရှိတာ။ ၂၀၁၁ အစိုးရသစ် တက်လာပြီးနောက်ပိုင်းမှာ နိုင်ငံခြားသားဟာ မြေကို အစိုးရဆီကသာမကဘဲ ပုဂ္ဂလိကဆီကပါ ငှားရမ်းခွင့်ရှိလာတယ်။ အဲဒါက တည်ဆောက်ပြီးသား စက်မှုဇုန်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ အားသာချက်ဖြစ်သွားတယ်။ ဒါပေမယ့် အကြောင်းကြောင်းတွေဖြစ်တဲ့ မြေကစားတဲ့သူတွေကြောင့် မြေဈေးကြီးတော့ အခက်အခဲဖြစ်သွားတယ်။ နိုင်ငံခြားသားတွေလည်း ဒါကိုလက်မခံနိုင်ဘူး။ တစ်ပြိုင်တည်းလုပ်ဖို့ခက်ခဲပေမယ့် ဒါကို ပြန်လည်သုံးသပ်ဖို့လိုတယ်။ ဗီယက်နမ်မှာဆို ရင်းနှီးမြှုပ်နှံမယ့်လုပ်ငန်းရှင်က လုပ်ငန်းနဲ့ပတ်သက်တဲ့ အချက်အလက် တင်လိုက်တာနဲ့ လိုအပ်တဲ့မြေကို အစိုးရက ရှာပေးရတယ်။ လုပ်မယ်ပြောပြီးမလုပ်မှ ပြန်သိမ်းတယ်။ အရေးလည်း ယူတယ်။

ကျွန်တော်တို့ MIC က တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးကနေ အစိုးရရဲ့ စီမံခန့်ခွဲနိုင်တဲ့ မြေစာရင်းကို ဧက သောင်းနဲ့ချီပြီး ရထားပြီးပါပြီ။ အဲဒီမြေက လမ်းမရှိတာ၊ မီးမရှိတာဖြစ်ချင်ဖြစ်မယ်။ ဖြစ်နိုင်မယ်ဆို အစိုးရက လမ်းရော၊ မီးရော ဖန်တီးနိုင်တဲ့ပုံစံရအောင် ပြည်တွင်းလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး ဗီယက်နမ်လိုပဲ လုပ်လိုက်ရင် အခွင့်အလမ်းတွေအများကြီးရမယ်။ လက်ရှိကျွန်တော်တို့အနေနဲ့ လမ်းတွေ၊ တံတားတွေမှာ မောင်းတံတွေနဲ့ လမ်းကြေး၊ တံတားကြေးကောက်တဲ့စနစ်ကို ပြန်လည်သုံးသပ်ဖို့လိုပါတယ်။ ပြည်သူတွေကို သက်သာတဲ့နှုန်းထားနဲ့ ခရီးသွားခွင့်ပေးမယ်ဆိုရင် တောင်ကပစ္စည်း မြောက်ကိုပို့နိုင်မယ်။ အနောက်ကပစ္စည်း အရှေ့ကို ပို့နိုင်မယ်။ အဲဒီလိုတိုးတက်လာရင် လုပ်ငန်းရှင်က အမြတ်ရမယ်။ အဲဒီအမြတ်နဲ့ အစိုးရကို အမြတ်ခွန်ဆောင်နိုင်မယ်။ ရတဲ့အခွန်နဲ့ အစိုးရက လမ်းတွေ၊ တံတားတွေ လုပ်ဆောင်မယ်။ လက်ရှိအစိုးရက ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ လမ်းပန်းဆက်သွယ်ရေးကွန်ရက်ကို တစ်ပြည်လုံးအတိုင်းအတာနဲ့ လုပ်နေသလို လျှပ်စစ်တည်ဆောက်ဖို့ အမျိုးသားအဆင့် မဟာဓာတ်အားလိုင်းတွေ လုပ်နေပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေကို လမ်းအဆင်သင့်၊ မီးအဆင်သင့်ဆိုတာမျိုး တစ်ပြိုင်တည်း လုပ်ပေးလာနိုင်ရင် တိုးတက်မှာပါ။

စာမျက်နှာ ၁၀ သို့ ❍

# ကုန်သွယ်မှုလိုငွေ နှစ်အတော်ကြာ ပေါ်ပေါက်လာမယ်ဆိုရင် . . . ငွေတန်ဖိုးကို ကျဆင်းစေပါတယ်

**နိုင်ငံခြားငွေလဲလှယ်နှုန်းကိစ္စ၊ ကျပ်ငွေတန်ဖိုးကျဆင်းခြင်း၊ ကျပ်ငွေတန်ဖိုးလျော့ကျခြင်းကြောင့် နိုင်ငံ့စီးပွားရေးအပေါ် သက်ရောက်မှု စသည်တို့နှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည် -**

**သတင်းအဖွဲ့**

**မေး။ ။ လတ်တလော ပြည်သူတွေ စိတ်ဝင်စားမှုမြင့်တက်နေတဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်းနဲ့ပတ်သက်လို့ မေးချင်ပါတယ်။ အမေရိကန်ဒေါ်လာနဲ့ မြန်မာကျပ်ငွေလဲလှယ်ရာမှာ လွန်ခဲ့တဲ့လများအတွင်း မြန်မာကျပ်ငွေတန်ဖိုး သိသိသာသာကျဆင်းသွားခဲ့ပါတယ်။ ဒီလို မြန်မာကျပ်ငွေတန်ဖိုး သိသိသာသာ ကျဆင်းရခြင်းရဲ့အကြောင်းအရင်းတွေကို ဆွေးနွေးပေးစေလိုပါတယ်။**

ဖြေ။ ။ မြန်မာကျပ်ငွေတန်ဖိုးကျဆင်းတဲ့ အကြောင်းအရင်းများစွာ ရှိတဲ့ အနက် ကျပ်ငွေတန်ဖိုး သို့မဟုတ် ငွေလဲလှယ်နှုန်းကို လွှမ်းမိုးထားတဲ့ အဓိကအချက်တွေကတော့ ပထမအချက်က ကုန်သွယ်မှုလိုငွေ (နိုင်ငံခြားငွေပေးငွေယူရှင်းတမ်းရဲ့ သာမန်စာရင်းလိုငွေ)၊ ဒုတိယအချက်က အတိုးနှုန်း၊ တတိယအချက်က ငွေဖောင်းပွမှုနှုန်းနဲ့ စတုတ္ထအချက်ကတော့ တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုအလားအလာ စသည်တို့ဖြစ်ပါတယ်။

### ကုန်သွယ်မှုလိုငွေဆိုတာ

အဲဒီအချက်တွေကို အချုပ်အားဖြင့် ရှင်းပြရရင် ပထမအချက်ဖြစ်တဲ့ ကုန်သွယ်မှုလိုငွေဆိုတာက သွင်းကုန်က ပို့ကုန်ထက် ပိုမိုမြင့်မားနေတာ၊ ကုန်သွယ်မှုပိုငွေဆိုတာက ပို့ကုန်က သွင်းကုန်ထက် ပိုမိုများပြားတာကို ဆိုလိုပါတယ်။ ကုန်သွယ်မှုလိုငွေ နှစ်အတော်ကြာ ပေါ်ပေါက်လာမယ်ဆိုရင် သွင်းကုန်တွေအတွက် နိုင်ငံခြားငွေလိုအပ်ချက်မြင့်မားမှုကြောင့် ငွေလဲလှယ်နှုန်းအပေါ် ဖိအားဖြစ်လာပြီး ငွေတန်ဖိုးကို ကျဆင်းစေပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ အတိုးနှုန်းနဲ့ပတ်သက်ပြီး အတိုးနှုန်းမြင့်မားရင် ပြည်တွင်းကို ငွေကြေးတွေစီးဝင်လာဖို့ အခွင့်အရေးရှိလာတဲ့အတွက်ကြောင့် ပြည်တွင်းငွေကြေး ပိုမိုခိုင်မာလာနိုင်ပါတယ်။ နိုင်ငံတကာကူးလူးဆက်ဆံမှုများပြားပြီး Financial Integration မြင့်မားတဲ့နိုင်ငံတွေမှာ အတိုးနှုန်းမြင့်ချိန်မှာ တိုင်းပြည်ထဲကို ငွေကြေးစီးဝင်လာတဲ့အတွက်ကြောင့် သူတို့ရဲ့ ငွေကြေးတွေ ခိုင်မာလာတာကို တွေ့မြင်နိုင်ပါတယ်။ လက်ရှိအမေရိကန်နိုင်ငံရဲ့ အတိုးနှုန်းတွေ မြင့်တက်လာမှုကြောင့် ဒေါ်လာတန်ဖိုးပိုမိုခိုင်မာလာပြီး တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ တခြားနိုင်ငံတွေရဲ့ ငွေကြေးတန်ဖိုးတွေ ကျဆင်းခဲ့ခြင်း ဖြစ်ပါတယ်။ ဒီအချက်ကို Global Affect လို့ ဆိုနိုင်ပါတယ်။

အခုအခြေအနေမှာ ပြည်တွင်းစီးပွားရေးကိန်းဂဏန်းတွေကို မူတည်ပြောဆိုတာဖြစ်ပြီး ပြည်တွင်းနဲ့မပတ်သက်တဲ့ ပြည်ပအချက်တွေဖြစ်တဲ့ ပြည်ပနိုင်ငံရဲ့ နိုင်ငံခြားငွေကြေးတန်ဖိုးကျသွားခြင်း သို့မဟုတ် တန်ဖိုးတက်လာခြင်း၊ ရေနံဈေးတွေ တက်လာခြင်းကြောင့် ရေနံတင်သွင်းတဲ့ နိုင်ငံတွေအနေနဲ့ ရေနံတင်သွင်းတဲ့ Demand အရ မိမိနိုင်ငံရဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်းအပေါ် ဖိအားဖြစ်ပေါ်လာခြင်း၊ စစ်ဘေးကာလတွေမှာ မိမိရဲ့ နိုင်ငံခြားငွေအပေါ် ဖိအားဖြစ်ပေါ်လာခြင်း စသည်တို့ဖြစ်ပါတယ်။ ၎င်းအချက်တွေကို External Factors သို့မဟုတ် Global Factors လို့ ပြောဆိုနိုင်ပါတယ်။

### ရှောင်လွှဲ၍ မရနိုင်

မြန်မာနိုင်ငံမှာ ငွေလဲလှယ်နှုန်းမြင့်မားလာခြင်းဟာ External Factors က စတင်ခဲ့ခြင်းဖြစ်ပါတယ်။ အမေရိကန်ဒေါ်လာတန်ဖိုးက လွန်ခဲ့တဲ့ လေးလနဲ့ ခြောက်လကစပြီး အလွန်ခိုင်မာလာလို့ မြန်မာကျပ်ငွေတန်ဖိုးသာမက တစ်ကမ္ဘာလုံးရှိ ငွေကြေးတန်ဖိုးတွေလည်း ကျဆင်းလာခဲ့ပါတယ်။ ၎င်းကို External Affect or Global Affect လို့ခေါ်ဆိုပြီး ထိုသို့ဖြစ်ပေါ်ခြင်းကြောင့် ငွေကြေးတန်ဖိုးကျဆင်းခြင်းကို မည်သည့်နိုင်ငံမှ ရှောင်လွှဲ၍ မရနိုင်ပါ။ ဒါပေမယ့် မြန်မာနိုင်ငံအနေနဲ့ ကျပ်ငွေတန်ဖိုးကျဆင်းခြင်းဟာ တခြားနိုင်ငံတွေထက် ပိုမိုသက်ရောက်မှုရှိတာကို တွေ့မြင်နိုင်ပါတယ်။ လွန်ခဲ့တဲ့ ခုနစ်လတာကာလအတွင်း အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်နိုင်ငံအနေနဲ့ ကိုးရာခိုင်နှုန်းခန့်၊ အိန္ဒိယနိုင်ငံ ခုနစ်ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံ ခြောက်ရာခိုင်နှုန်း အသီးသီး ငွေကြေးတန်ဖိုးကျဆင်းခဲ့ပြီး မြန်မာနိုင်ငံမှာ ၁၂ ရာခိုင်နှုန်းကနေ ၁၃ ရာခိုင်နှုန်း ကျဆင်းခဲ့လို့ Global Factors ကြောင့် ကျဆင်းမှုမှန်ပေမယ့် မြန်မာနိုင်ငံရဲ့ ငွေကြေးတန်ဖိုးက ပိုမိုကျော်လွန်ကျဆင်းခဲ့ကြောင်း တွေ့မြင်နိုင်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံရဲ့ ငွေကြေးပိုမိုကျဆင်းခဲ့တဲ့ အကြောင်းအရင်းတွေကိုလည်း သုံးသပ်ပေးစေလိုပါတယ်။**

ဖြေ။ ။ ကျပ်ငွေတန်ဖိုးကျဆင်းခဲ့တာဟာ External Affect ကနေ စတင်ခဲ့ပေမယ့် ပြည်တွင်းအခြေအနေကို သုံးသပ်ရင် ပထမအချက်က မြန်မာနိုင်ငံမှာ စီးပွားရေးအခြေအနေအချိုးမညီမှုပြဿနာ သို့မဟုတ် စီးပွားရေးနဲ့ပတ်သက်တဲ့ အခြေခံပြဿနာတွေရှိနေတယ်လို့ ဆိုနိုင်ပါတယ်။ ကုန်သွယ်မှုကို ပြန်ကြည့်ရင် ပြီးခဲ့တဲ့နှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ကုန်သွယ်မှုလိုငွေဟာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံရှိခဲ့ပြီး ဒီတန်ဖိုးဟာ လျော့နည်းသွားတဲ့ ပမာဏဖြစ်ပါတယ်။ အဲဒီမတိုင်ခင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂ ဘီလီယံနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံခန့်ရှိကြောင်း တွေ့ရပါတယ်။

### ရာသီအလိုက် နိုင်ငံခြားငွေလိုအပ်ချက်

ဒီတန်ဖိုးတွေကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံရဲ့ ပြည်တွင်းငွေတန်ဖိုး အပေါ် ဖိအားများစွာသက်ရောက်ကြောင်း တွေ့မြင်နိုင်ပါတယ်။ ဒုတိယအချက်ကတော့ မြန်မာနိုင်ငံရဲ့ ရာသီအလိုက် နိုင်ငံခြားငွေလိုအပ်ချက်ဟာ ပြောင်းလဲမှုရှိတာကို တွေ့မြင်နိုင်ပါတယ်။ အထူးသဖြင့် ဇူလိုင်လကနေ ဒီဇင်ဘာလအထိ နိုင်ငံခြားငွေလိုအပ်ချက် မြင့်မားတဲ့အချိန်ကာလဖြစ်တာကို တွေ့နိုင်ပါတယ်။ အဆိုပါရာသီအလိုက် နိုင်ငံခြားငွေလိုအပ်ချက်ကတော့ နိုင်ငံခြားငွေနဲ့ ကျောင်းလခပေးခြင်း၊ ဘုရားဖူးသွားခြင်းတို့ ဖြစ်ပါတယ်။ တတိယအချက်က မကြာခင်က Re-Export ခွင့်ပြုပေးခဲ့တာဖြစ်ပြီး Re-Export ဆိုတာက ထိုင်းနဲ့ ဗီယက်နမ်ကနေ သကြားနဲ့ ဒီဇယ်ကို တင်သွင်းပြီး တရုတ်နိုင်ငံကို တစ်ဆင့်ပြန်လည်တင်ပို့ခြင်းကို ဆိုလိုပါတယ်။ အဆိုပါ Re-Export ပမာဏက အတော်ကြီးမားတာကို တွေ့ရပြီး Re-Export ပြုလုပ်ခြင်းက အမြတ်ငွေရရှိတဲ့အတွက် တိုင်းပြည်အတွက် အကျိုးရှိတာကို လက်ခံပါတယ်။ ဥပမာ သကြားတစ်တန် ၄၆၀ နဲ့ဝယ်ယူပြီး ၅၅၀ နဲ့ ပြန်ရောင်းလို့ အမြတ်ရပါတယ်။

### ငွေကြေးရောင်းဝယ်မှု ဈေးကစားခြင်း

ဒါပေမယ့် လက်တွေ့မှာ Re-Export ပြုလုပ်ဖို့ ပထမဆုံး နိုင်ငံခြားကနေ တင်သွင်းရတော့ မိမိတို့ရဲ့ နိုင်ငံခြားငွေစာရင်းကနေ ဦးစွာအမေရိကန်ဒေါ်လာဖြင့် ပေးချေရပြီး တရုတ်နိုင်ငံကို ပြန်လည်တင်ပို့ရတဲ့အတွက် ဝယ်ယူချိန်နဲ့ ရောင်းချချိန်အကြားမှာ Time lag ရှိတဲ့အပြင် တရုတ်နိုင်ငံ ငွေကြေးယွမ်နဲ့သာ ရရှိပါတယ်။ ဒါတောင် ယွမ်ငွေကြေးအားလုံးက အမေရိကန်ဒေါ်လာ ချက်ချင်း မဖြစ်လာသလို အမေရိကန်ဒေါ်လာဖြစ်လာနိုင်တဲ့ ယွမ်ငွေရရှိဖို့လည်း အချိန်စောင့်ဆိုင်းရပါတယ်။ Re-Export အတွက် အမေရိကန်ဒေါ်လာ Demand မြင့်တက်လို့ ငွေလဲလှယ်နှုန်းမြင့်တက်လာတာကို အခွင့်ကောင်းယူပြီး ငွေကြေးရောင်းဝယ်မှုမှာ ဈေးကစားခြင်း ပြုလုပ်လာကြလို့လည်း မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းခဲ့ရခြင်းဖြစ်ပါတယ်။

ဒီအချက်တွေကို ခြုံငုံကြည့်ပါက မြန်မာကျပ်ငွေ တန်ဖိုးကျဆင်းရခြင်းရဲ့ အဓိကအကြောင်းအရင်းက အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်ခြင်းက စခဲ့ပြီး အခြားနိုင်ငံတွေရဲ့ ငွေကြေးတန်ဖိုးက ပျမ်းမျှ ခြောက်ရာခိုင်နှုန်းကနေ ခုနစ်ရာခိုင်နှုန်းအထိ တန်ဖိုးကျဆင်းခဲ့သလို မိမိတို့ငွေကြေးလည်း တန်ဖိုးကျဆင်းခဲ့ရပါတယ်။ အခြား Factor ဖြစ်တဲ့ ပို့ကုန်/သွင်းကုန် မမျှတခြင်း၊ Temporary ဖြစ်တဲ့ Seasonal Demand အရ အမေရိကန် ဒေါ်လာလိုအပ်ချက် မြင့်မားခြင်း၊ Re-Export ကို ခွင့်ပြုခြင်းနဲ့အတူ Speculation ပြုလုပ်လာခြင်းတို့ကြောင့်လည်း မြန်မာကျပ်ငွေတန်ဖိုး သိသာစွာ ကျဆင်းခဲ့ရခြင်း ဖြစ်ပါတယ်။

**မေး။ ။ အခုလို မြန်မာကျပ်ငွေတန်ဖိုး လျော့ကျခြင်းကို သက်သာမှုရှိစေဖို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဘယ်လိုတုံ့ပြန်ဖြေရှင်းဆောင်ရွက်သွားမယ်ဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ မြန်မာကျပ်ငွေတန်ဖိုးလျော့ကျတာကို သက်သာမှုရှိစေဖို့ ဘယ်အချက်တွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြေရှင်းဆောင်ရွက်ပေးနိုင်တယ်၊ ဘယ်အချက်တွေက ရှိနေတဲ့ ပကတိအခြေအနေအတိုင်း လက်ခံရမယ်ဆိုတာ ခွဲခြားပြီး ပွင့်လင်းမြင်သာစွာ ရှင်းပြသွားမှာ ဖြစ်ပါတယ်။ ပထမအချက်က External Factor ဖြစ်တဲ့ အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်လာခြင်းကြောင့်ဖြစ်ပြီး ဒုတိယအချက်က ပို့ကုန်/ သွင်းကုန်မမျှတမှုကြောင့် စီးပွားရေးအခြေအနေအချိုးမညီမှုပြဿနာကို ထိန်းညှိမှုပြုလုပ်ဖို့ ဖြစ်ပါတယ်။ စီးပွားရေးအခြေခံတွေ မျှတလာစေအောင် စီးပွားရေးမူဝါဒတွေနဲ့ ထိန်းညှိပြီး ဝန်ကြီးဌာနတွေ ပေါင်းစပ်အကောင်အထည်ဖော်သွားရမယ့် အချက်ဖြစ်ပါတယ်။ ဒီကိစ္စက ရေရှည်ဆောင်ရွက်သွားရမယ့်အချက်ဖြစ်လို့ အချိန်ယူဖြေရှင်းရမှာဖြစ်ပါတယ်။ ခုကိစ္စမှာ ဗဟိုဘဏ်တစ်ခုတည်းကနေ အဓိကတာဝန်ယူဖြေရှင်းလို့ မရနိုင်ပါဘူး။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထက် အင်အားကောင်းတဲ့ ဗဟိုဘဏ်တွေတောင် ဒီကိစ္စကို ဝင်ရောက်ဖြေရှင်းလို့ မရနိုင်တာကို အားလုံးလက်ခံထားရမှာ ဖြစ်ပါတယ်။

ဒါပေမယ့် Temporary အမေရိကန်ဒေါ်လာလိုအပ်ချက်တွေဖြစ်တဲ့ Seasonal Demand အရ လည်းကောင်း၊ Re-Export ခွင့်ပြုပြီးလည်းကောင်း၊ Speculation ပြုလုပ်လာခြင်းကြောင့်လည်းကောင်း မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းခြင်းကို အတိုင်းအတာတစ်ခုအထိ သက်သာစေဖို့ ဗဟိုဘဏ်ကနေ ဖြေရှင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ Re-Export ကလည်း အကျိုးရှိတာမှန်သော်လည်း ရတဲ့အကျိုးနဲ့ ပြန်လည်ပေးဆပ်ရတဲ့ အချက်တွေကို ချိန်ထိုးစဉ်းစားဆောင်ရွက် သင့်ပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်၊ နှစ်နှစ်က ကားပါမစ်ကို ရပ်ဆိုင်းတော့လို့ ကြေညာခဲ့လို့ မော်တော်ယာဉ်တွေ များစွာတင်သွင်းခဲ့ခြင်းနဲ့ Re-Export ခွင့်ပြုခဲ့ခြင်းတို့ကြောင့် အမေရိကန်ဒေါ်လာ လိုအပ်ချက်မြင့်မားခဲ့ပြီး ငွေ လဲလှယ်နှုန်းတွေမြင့်တက်ခဲ့တဲ့ အတွေ့အကြုံတွေရှိခဲ့ပါတယ်။ Re-Export ရပ်ဆိုင်းခဲ့ချိန်မှာ ငွေလဲလှယ်နှုန်း ရုတ်တရက်ကျဆင်းခဲ့တာကို တွေ့မြင်နိုင်ပါတယ်။ Re-Export တစ်ခုတည်းကြောင့် ငွေလဲလှယ်နှုန်း မြင့်တက်ခဲ့တယ်လို့ မဆိုလိုပါဘူး။ ဒါပေမယ့် အခုအချိန်မှာ Re-Export ဟာ ငွေလဲလှယ်နှုန်း မြင့်မားစေတဲ့ Triggering Factor တစ်ခုဖြစ်ပါတယ်။

### ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်

Re-Export ကိစ္စရပ်ဆိုင်းခြင်းကို ဌာနချင်းပေါင်းစပ်ညှိနှိုင်း ဖြေရှင်းသွားမှာ ဖြစ်ပါတယ်။ ဗဟိုဘဏ်အနေနဲ့ မိမိထိန်းချုပ်လို့မရတဲ့ External Factor ကြောင့် ဖြစ်ပေါ်တဲ့အချက်တွေကို ဖြေရှင်းဆောင်ရွက်ပေးလို့ရမှာ မဟုတ်ပါဘူး။ Structural Problem ဖြစ်တဲ့ ပို့ကုန်/သွင်းကုန်မညီမျှမှုကိုလည်း ဝန်ကြီးဌာနတွေ အချိန်ယူ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်လို့ ဗဟိုဘဏ်အနေနဲ့ လိုအပ်တဲ့ဘက်က ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့် မိမိအထင်အရ Structu-ral Problem ကြောင့်ဖြစ်တဲ့ပြဿနာက နည်းပါးပါတယ်။ အခုလို ကျပ်ငွေတန်ဖိုး ရုတ်တရက်တစ်ဟုန်ထိုးကျသွားခြင်းမျိုး မဖြစ်နိုင်ပါဘူး။ ဗဟိုဘဏ်အနေနဲ့ Temporary အမေရိကန်ဒေါ်လာလိုအပ်ချက်ကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးသွားမှာဖြစ်ပါတယ်။ မိမိတို့ရဲ့ အရန်ငွေအင်အားနဲ့ ချင့်ချိန်ပြီး ဇူလိုင်လ ၂၆ ရက်ကနေစပြီး တစ်နေ့ကို အမေရိကန်ဒေါ်လာတစ်သိန်း ရောင်းချပေးခဲ့ပါတယ်။ ဩဂုတ်လ ၁၄ ရက်အထိ အမေရိကန် ဒေါ်လာ ၁ ဒသမ ၃ သန်း ရောင်းချပေးခဲ့ပါတယ်။

ဩဂုတ်လ ၁၅ ရက်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၅ သန်း၊ ဩဂုတ်လ ၁၆ ရက်မှာ အမေရိကန်ဒေါ်လာ လေးသန်းရောင်းချပေးခဲ့ပါတယ်။ မိမိတို့အနေနဲ့လည်း ဈေးကွက်တည်ငြိမ်မှု ဖြစ်ရေးကို အမြဲထည့်သွင်းစဉ်းစားလျက်ရှိပါတယ်။ ဒါပေမယ့် အခုလို ထုတ်ရောင်းလို့ နိုင်ငံတော်ရဲ့အရန်ငွေကြေး လျော့ကျသွားမှာကိုလည်း စိုးရိမ်ပါ တယ်။ မိမိတို့ရဲ့ အရန်ငွေကြေးအခြေအနေက လွန်စွာတောင့်တင်းတဲ့ အနေ အထားမျိုးမဟုတ်ဘဲ ထိုက်သင့်တဲ့အနေအထားမှာသာရှိပါတယ်။ နောက်ထပ် မိမိတို့စဉ်းစားထားတဲ့အစီအစဉ်က ဈေးကွက်ထဲကို နိုင်ငံခြားငွေအလုံးအရင်း ထည့်သွင်းပေးနိုင်တဲ့ Currency SWAP အစီအစဉ်ဖြစ်ပါတယ်။ Currency SWAP ဆိုတာ နိုင်ငံခြားငွေလိုအပ်တဲ့ ဘဏ်တွေကို စိစစ်ပြီး ဗဟိုဘဏ်ကနေ အမေရိကန်ဒေါ်လာ ထုတ်ချေးပေးမယ့် အစီအစဉ်တစ်ရပ်ဖြစ်ပါတယ်။

### ဈေးကွက်အနေအထား အနည်းငယ်ပြောင်းလဲသွားနိုင်

ဗဟိုဘဏ်ကနေ ဘဏ်တွေကို အမေရိကန်ဒေါ်လာ ထုတ်ချေးပေးပြီး ဘဏ်တွေက အဲဒီအမေရိကန်ဒေါ်လာနဲ့ညီမျှတဲ့ ကျပ်ငွေကို အပေါင်အဖြစ် ပြန်လည်ပေး ထားရမှာဖြစ်ပါတယ်။ SWAP ကာလက ၁၄ ရက် သို့မဟုတ် တစ်လဖြစ်ပြီး လိုအပ်ရင် ဗဟိုဘဏ်အနေနဲ့ စဉ်းစားပြီး သက်တမ်းတိုးပေးဖို့ ရှိပါတယ်။ ကျပ်ငွေအပေါ်မှာ အတိုးပေးမှာဖြစ်လို့ သင့်တင့်တဲ့အတိုးနှုန်း သတ်မှတ်ပေးသွားမှာဖြစ်ပါတယ်။ Currency SWAP မှာ အမေရိကန်ဒေါ်လာကို ရောင်းချပေးခြင်းမဟုတ်ဘဲ ခေတ္တထုတ်ချေးတာဖြစ်လို့ ပြန်လည်ရရှိမှာဖြစ်တဲ့အတွက် ဈေးကွက်ထဲကို ပမာဏများများ ထည့်ပေးနိုင်တာတောင် ဈေးကွက်အနေအထား အနည်းငယ်ပြောင်းလဲသွားနိုင်ပါတယ်။

Currency SWAP ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့အတွက် အခုအသေးစိတ်ညှိနှိုင်းနေပါတယ်။ ဒါ့အပြင် ဈေးကွက်မှာ ဗဟိုဘဏ်က ရောင်းချတဲ့ဈေးနဲ့ ပြင်ပပေါက်ဈေးအကြားမှာ Manipulate ပြုလုပ်သွားခဲ့တာတွေလည်းရှိပါတယ်။ ဥပမာ ဗဟိုဘဏ်က အမေရိကန်ဒေါ်လာ တစ်ဒေါ်လာကို ၁၅၀၀ ကျပ်နဲ့ ရောင်းချပေးပေမယ့် ၁၅၄၀ ကျပ်နဲ့ လွယ်ကူစွာ ပြန်လည်ရောင်းချသွားပါတယ်။ ဒီအချက်ကို ပြည်သူတွေက ဝေဖန်တာလည်းရှိပါတယ်။

အခု Currency SWAP ပြုလုပ်ချိန်မှာ ဘဏ်တွေအနေနဲ့ ချေးယူတဲ့ ဒေါ်လာငွေအပေါ်မှာ အတိုးနှုန်းတစ်ရပ် (ဥပမာအားဖြင့် LIBOR + Margin) တစ်ရပ်ကို ဒေါ်လာနဲ့ ဗဟိုဘဏ်ကို ပေးချေရမှာဖြစ်ပြီး အပေါင်ထားရှိတဲ့ ကျပ်ငွေတွေအပေါ် ဗဟိုဘဏ်ထံကနေ ကျပ်ငွေနဲ့ အတိုးပြန်လည်ရရှိမှာ ဖြစ်ပါတယ်။ ဒီလိုပြုလုပ်ခြင်းဖြင့် ဘဏ်တွေအနေနဲ့ မနစ်နာသလို ဈေးကွက်ရဲ့ လိုအပ်တဲ့ Liquidity ကို ထောက်ပံ့ပေးနိုင်မှာဖြစ်ပါတယ်။ အခုအစီအစဉ်ကို မကြာခင် စတင်မှာဖြစ်ပြီး နောင်မှာ Two Way နဲ့ နိုင်ငံခြားငွေ ဖြည့်ဆည်းပေးသွားမှာဖြစ်ပါတယ်။ တစ်ခုက Currency SWAP ဖြစ်ပြီး ကျန်တစ်ခုက FX Auction System ကနေ သင့်တင့်တဲ့ အမေရိကန်ဒေါ်လာပမာဏ တစ်ရပ်ကို ရောင်းချပေးသွားမှာဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

**Currency SWAP ဆိုတာ နိုင်ငံခြားငွေလိုအပ်တဲ့ ဘဏ်တွေကို စိစစ်ပြီး ဗဟိုဘဏ်ကနေ အမေရိကန်ဒေါ်လာ ထုတ်ချေးပေးမယ့် အစီအစဉ်တစ်ရပ်ဖြစ်ပါတယ်။ ဗဟိုဘဏ်ကနေ ဘဏ်တွေကို အမေရိကန်ဒေါ်လာ ထုတ်ချေးပေးပြီး ဘဏ်တွေက အဲဒီအမေရိကန်ဒေါ်လာနဲ့ညီမျှတဲ့ ကျပ်ငွေကို အပေါင်အဖြစ် ပြန်လည်ပေးထားရမှာဖြစ်ပါတယ်။ SWAP ကာလက ၁၄ ရက် သို့မဟုတ် တစ်လဖြစ်ပြီး လိုအပ်ရင် ဗဟိုဘဏ်အနေနဲ့ စဉ်းစားပြီး သက်တမ်းတိုးပေးဖို့ ရှိပါတယ်။**

# ရုရှားသင်္ဘောကုမ္ပဏီနှစ်ခုနှင့် သင်္ဘောခြောက်စင်းအား စီးပွားရေးပိတ်ဆို့မှု အမေရိကန်ချမှတ်

**ဝါရှင်တန် ဩဂုတ် ၂၂**
အမေရိကန်အစိုးရအဖွဲ့က မြောက်ကိုရီးယားနိုင်ငံသို့ ရေနံများပို့ဆောင်လျက်ရှိသည်ဟု ယူဆရသည့် ရုရှားသင်္ဘောကုမ္ပဏီနှစ်ခုနှင့် သင်္ဘောခြောက်စင်းကို စီးပွားရေးပိတ်ဆို့မှုများချမှတ်လိုက်ပြီဖြစ်ကြောင်း ယနေ့ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်ဟု အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အမေရိကန်က စီးပွားရေးပိတ်ဆို့မှုချမှတ်ရန် ကြေညာခဲ့သည့် အဆိုပါ သင်္ဘောကုမ္ပဏီများနှင့် သင်္ဘောများသည် မြောက်ကိုရီးယားသင်္ဘောများအား ရေနံထွက်ပစ္စည်းများ တင်ပို့ပေးခဲ့ခြင်းကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များကို ချိုးဖောက်ရာရောက်သဖြင့် ၎င်းတို့အား စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဌာနက ပြောကြားခဲ့သည်။

အဆိုပါ သင်္ဘောကုမ္ပဏီနှစ်ခုအနက်တစ်ခုသည် ယခုနှစ်အတွင်း မြောက်ကိုရီးယားနိုင်ငံသို့ ရေနံတန်ချိန် ၃၅၀၀ ခန့် တင်ပို့ပေးခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများက ဆိုသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များကို ချိုးဖောက်ခြင်းကြောင့် ချမှတ်ခဲ့သော စီးပွားရေးပိတ်ဆို့မှုများသည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်အပြီးသတ်စွန့်ပယ်ပြီးသည့်တိုင် အသက်ဝင်လျက်ရှိမည်ဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မျူချင်က ဆိုသည်။

ရုရှားနှင့် တရုတ်နိုင်ငံတို့က မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ပေးရန် တောင်းဆိုလျက်ရှိသည်။ သို့သော် ယခုလအစောပိုင်းကလည်း ရုရှားနှင့် တရုတ်နိုင်ငံပိုင်ကုမ္ပဏီများကို အမေရိကန်အစိုးရက စီးပွားရေးပိတ်ဆို့မှုအသစ်များ ထပ်မံချမှတ်ခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ သင်္ဘောကုမ္ပဏီများအပေါ် စီးပွားရေးပိတ်ဆို့မှုများချမှတ်လိုက်ခြင်းသည် အမေရိကန်အစိုးရ၏ အခြေအမြစ်မရှိသော မလိုမုန်းတီးသည့် လုပ်ရပ်များသာဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေး ဒုတိယဝန်ကြီး ဆာဂျီယာဘ်ကိုဗ်က ဆိုသည်။

လုံခြုံရေးကောင်စီအတွင်းရေးမှူး နီကိုလီ ပါထရူရှက်ဗ်က ဩဂုတ် ၂၃ ရက်တွင် ဂျီနီဗာမြို့၌ အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘောလ်တန်နှင့် စီးပွားရေးပိတ်ဆို့မှုများနှင့်ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




# အမေရိကန်၏ ဖိအားပေးမှုအရ ပြင်သစ် တိုတယ်လ်ကုမ္ပဏီ အီရန်မှ ထွက်ခွာ

**ပါရီ ဩဂုတ် ၂၂**
ပြင်သစ်နိုင်ငံ၏ အဓိကရေနံကုမ္ပဏီကြီးတစ်ခုဖြစ်သော တိုတယ်လ် ကုမ္ပဏီသည် အီရန်နိုင်ငံ၌ အကောင်အထည်ဖော်လျက်ရှိသော သဘာဝဓာတ်ငွေ့စီမံကိန်းမှ နုတ်ထွက်သွားကြောင်း အီရန်ရေနံလုပ်ငန်းဝန်ကြီးက ပြောကြားလိုက်သည်။ အီရန်အပေါ် အရေးယူပိတ်ဆို့မှုပြုလုပ်ရန် ယခုနှစ်အတွင်း အမေရိကန်က ဆုံးဖြတ်လိုက်ပြီးနောက် ယင်းသို့ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အေအက်ဖ်ပီ သတင်းဌာနက ဩဂုတ် ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။



အီရန်နိုင်ငံရှိ ပါးလ်ဒေသတောင်ပိုင်း သဘာဝဓာတ်ငွေ့လုပ်ကွက်မှ တိုတယ်လ်ကုမ္ပဏီ နုတ်ထွက်သွားကြောင်း ဝန်ကြီးဘီဂျန်ဇန်ဂါနဲက နိုင်ငံပိုင်သတင်းအေဂျင်စီသို့ ပြောကြားသည်။ တရုတ်စွမ်းအင်ကုမ္ပဏီများက ယင်းစီမံကိန်း၌ ပါဝင်လုပ်ကိုင်လာမည် ဖြစ်ကြောင်း အီရန်တာဝန်ရှိသူများက ပြောကြားကြသည်။

တိုတယ်လ်ကုမ္ပဏီသည် အီရန်ရှိသဘာဝဓာတ်ငွေ့လုပ်ကွက်တွင် ဓာတ်ငွေ့တူးဖော်ရန် ပြီးခဲ့သည့် ဇူလိုင်လက သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သည်။ အီရန်နိုင်ငံအပေါ် ဒဏ်ခတ်အရေးယူမှု ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ရုပ်သိမ်းလိုက်ပြီးနောက် အကြီးဆုံးနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည်။

ဒဏ်ခတ်အရေးယူမှုမှ ကင်းလွတ်ခွင့်ပေးရန် တိုတယ်လ်ကုမ္ပဏီက အမေရိကန်ကို တောင်းဆိုခဲ့သေးသည်။

ဩဂုတ် ၂၀ ရက်မှစပြု၍ အီရန်နိုင်ငံ၌ လုပ်ကိုင်လက်စလုပ်ငန်းများကို တိုတယ်လ်ကုမ္ပဏီက ရပ်ဆိုင်းခဲ့သည်။ အီရန်နိုင်ငံရှိ ပါးလ်ဒေသ တောင်ပိုင်း သဘာဝဓာတ်ငွေ့မြေ၌ တိုတယ်လ်ကုမ္ပဏီက စီမံကိန်းလုပ်ငန်း၏ အဆင့်-၁၁ အတွက် လုပ်ကိုင်ရန် သဘောတူညီချက်မှ နုတ်ထွက်သွားခြင်းဖြစ်သည်။

တိုတယ်လ်ကုမ္ပဏီနည်းတူ ဥရောပရှိ အခြားသော နိုင်ငံများမှ ကုမ္ပဏီများကလည်း အီရန်နိုင်ငံနှင့် စီးပွားရေး ဆက်ဆံမှုပြုလုပ်ခြင်းကို ရပ်ဆိုင်းထားရန် ဆုံးဖြတ်ခဲ့ကြသည်။ အီရန်မှ နုတ်ထွက်သွားသော ဥရောပထိပ်တန်းကုမ္ပဏီများတွင် သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီဖြစ်သော မက်စ်နှင့် မော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီပြူးရှော့တို့ ပါဝင်ကြသည်။

တိုတယ်လ်ကုမ္ပဏီသည် ပြင်သစ်နိုင်ငံရှိ စွမ်းအင်ကုမ္ပဏီများအနက် အကြီးဆုံးကုမ္ပဏီဖြစ်ပြီး သဘာဝဓာတ်ငွေ့စီမံကိန်းဆိုင်ရာ ကန်ထရိုက်လုပ်ငန်းစာချုပ်မှ နုတ်ထွက်မည်ဟု အီရန်အာဏာပိုင်များအား အသိပေးခဲ့သည်။

**အေအက်ဖ်ပီ**

# သင်္ဘောသား ၁၇ ဦး လိုက်ပါလာသော ရေနံတင်သင်္ဘောတစ်စင်း ပျောက်ဆုံးနေ

**လီဘရီဗီးလ် ဩဂုတ် ၂၂**
ဂါဘွန်နိုင်ငံ ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်ပင်လယ်ပြင်၌ ရေနံတင်သင်္ဘောတစ်စင်း ပျောက်ဆုံးလျက်ရှိကြောင်း၊ ယင်းရေနံတင် သင်္ဘောနှင့်အတူ ဂျော်ဂျီယာလူမျိုး သင်္ဘောသား ၁၇ ဦး လိုက်ပါလာခဲ့ကြကြောင်း တာဝန်ရှိသူများက ဩဂုတ် ၂၂ ရက်တွင် ပြောကြားကြသည်။

ပနားမားအလံ လွှင့်ထူထားပြီး ဂရိကုမ္ပဏီတစ်ခုဖြစ်သော လောတပ်စ် သင်္ဘောလုပ်ငန်းကုမ္ပဏီက ပိုင်ဆိုင်သည့် ရေနံတင်သင်္ဘောတစ်စင်းသည် ဩဂုတ် ၁၄ ရက်တွင် အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း၊ ဂါဘွန်ပင်လယ်ကမ်းရိုးတန်းဒေသမှသည် ဆာအိုတိုမီနှင့် ပရင်စီပယ် ကျွန်းစုအထိ အကျုံးဝင်သော ရေပြင်အတွင်း အဆိုပါရေယာဉ်ကို ရှာဖွေလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ပျောက်ဆုံးနေသော ရေနံတင်သင်္ဘောမှာ ပန်တယ်လီနာအမည်ရှိ ရေနံတင်သင်္ဘောဖြစ်ကြောင်း၊ တန်ချိန် ၇၀၀၀ ရှိ ယင်းသင်္ဘောသည် ရေနံ သို့မဟုတ် ဓာတုပစ္စည်း တင်ဆောင်နိုင်ပြီး သက်တမ်း ၁၂ နှစ်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

**အေအက်ဖ်ပီ**

# လာအိုတွင် နိုင်ငံအနှံ့ ရေလွှမ်းမိုးမှုကြောင့် လူ ၄၉ ဦး သေဆုံး၊ ၉၇ ဦး ပျောက်ဆုံးနေ

**ဗီယန်ကျင်း ဩဂုတ် ၂၂**
လာအိုနိုင်ငံတွင် မကြာသေးမီက တိုက်ခတ်ခဲ့သော မုန်တိုင်းများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ လူ ၄၉ ဦးထက်မနည်း သေဆုံးပြီး ၉၇ ဦး ပျောက်ဆုံးလျက်ရှိကာ လေးဦးထိခိုက်ဒဏ်ရာရခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေးကော်မတီက နောက်ဆုံးထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြသည်။

လာအိုနိုင်ငံရှိ ပြည်နယ် ၁၈ ခုအနက် ၁၄ ခုရှိ ခရိုင်ပေါင်း ၇၉ ခုတွင် ဇူလိုင်လလယ်မှ ဩဂုတ်လလယ်အတွင်း အပူပိုင်းမုန်တိုင်းများဖြစ်သည့် ဆွန်တင်နှင့်ဘီဘင်ကာတို့ကြောင့် မိုးအဆက်မပြတ် ရွာသွန်းမှုနှင့်အတူ ရေဘေးဒုက္ခများကို မိသားစု ၈၂၄၆၀ ၏ လူဦးရေ ၂၃၆၁၈၈ ဦးမှာ ခံစားကြရကြောင်း ဗီယန်ရှင်းတိုင်းမ်သတင်းစာက ဩဂုတ် ၂၂ ရက်တွင် ရေးသားဖော်ပြသည်။

ရေဘေးကြောင့် လူပေါင်း ၁၁၃၈၃ ဦးမှာ လတ်တလောတွင် ယာယီကယ်ဆယ်ရေးစခန်းများ၌ ခိုလှုံနေရကြောင်း၊ စာသင်ကျောင်း ၁၂၀ ခန့်မှာ ရေလွှမ်းမိုးမှုများကြောင့် ပျက်စီးခဲ့ပြီး စက်တင်ဘာ ၁ ရက်တွင် စတင်မည့် စာသင်နှစ်သစ်အတွက် အချိန်မီ ပြင်ဆင်ပြီးစီးရန် အခက်အခဲရှိကြောင်း သတင်းတွင် ဖော်ပြသည်။

စပါးစိုက်ပျိုးဧရိယာ ၆၂၉၈၀ ဟက်တာနှင့် အခြားသီးနှံစိုက်ဧရိယာ ၄၁၈၇၉ ဟက်တာ ရေလွှမ်းခံရပြီး ဆည်မြောင်းစနစ် ၂၀၈ ပျက်စီးခဲ့ကာ နွား၊ ကျွဲနှင့် ဝက်ကဲ့သို့သော ခြံမွေးတိရစ္ဆာန်နှင့် အသားစား ကြက်၊ ဘဲကောင်ရေ ထောင်ပေါင်းများစွာ သေဆုံးခဲ့ရသည်။

ထို့အပြင် လမ်းမကြီး ၁၃၈ လမ်းနှင့် တံတား ၂၆ စင်း ပျက်စီးခဲ့ပြီး ပျက်စီးဆုံးရှုံးမှု ခန့်မှန်းတန်ဖိုးမှာ လာအိုနိုင်ငံသုံးငွေ ကစ် ၁၅ ဒသမ ၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ သန်း) ရှိသည်။

နောက်ဆုံးကောက်ယူရရှိသည့် စာရင်းအရ ရေကြီးရေလျှံမှုကြောင့် မြေဆွဲအားသုံး ရေပေးဝေရေးစနစ် ၂၇ ခု၊ ဆေးပေးခန်း ၂၆ ခန်း၊ ဘုရားကျောင်း ၃၆ ကျောင်း၊ လျှပ်စစ်ဓာတ်အားတိုင် ၆၄ တိုင်နှင့် အခြားအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း သိရသည်။

လာအိုနိုင်ငံတွင် ဆယ်စုနှစ်များစွာအတွင်း အကြီးမားဆုံး သဘာဝဘေးဒုက္ခရောက်မှုအဖြစ် အတာပူးပြည်နယ် ဆာနမ်ရေးခရိုင်မှ ဆည်တစ်ခုကျိုးပေါက်ခဲ့မှုကြောင့် ပျက်စီးခဲ့ရမှုနှင့် ဆုံးရှုံးမှုတန်ဖိုးသတ်မှတ်ရန် ယခုချိန်အထိ လုပ်ဆောင်နေရဆဲဖြစ်သည်။ ယင်းဆည်ကျိုးပေါက်မှုကြောင့် အနီးအနားရှိ ကျေးရွာ ၁၃ ရွာမှာ ရေလွှမ်းမိုးခံရပြီး ရွာခြောက်ရွာမှာ ရေလွှမ်းမိုးမှုကြောင့် လုံးဝပျောက်ကွယ်သွားကာ လူဒါဇင်ပေါင်းများစွာသေဆုံးပြီး လူအများအပြား ပျောက်ဆုံးခဲ့သည်။

**ဆင်ဟွာ**



# စီရိုနယ်လ်ဒိုဝတ်ခဲ့သည့် နာမည်ကြီး ကျောနံပါတ် ၇ ကို တစ်လကျော်အထိ မည်သည့်ကစားသမားမှ ပေးခြင်းမရှိသေး

ရီးယဲလ်မက်ဒရစ်အသင်းသည် တိုက်စစ်မှူး စီရိုနယ်လ်ဒို ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီးနောက် တစ်လကျော်သည်အထိ စီရိုနယ်လ်ဒိုဝတ်ဆင်ခဲ့သည့် နာမည်ကြီး ကျောနံပါတ် ၇ ကို မည်သည့်ကစားသမားကိုမှ ပေးခြင်းမရှိသေးကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် တိုက်စစ်မှူး စီရိုနယ်လ်ဒိုအား ဂျူဗင်တပ်အသင်းသို့ နွေရာသီအပြောင်းအရွှေ့ကာလအစောပိုင်းက ပေါင်သန်း ၁၀၀ ဖြင့် ရောင်းချခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်အထိ စီရိုနယ်လ်ဒို၏ ကျောနံပါတ် ၇ မှာ လစ်လပ်နေဆဲဖြစ်သည်။

ထို့ကြောင့် စပိန်သတင်းစာ အေအက်စ်က ကျောနံပါတ် ၇ ကို ဝတ်ဆင်ကစားမည့် ကစားသမားတစ်ဦး ပေါ်ထွက်လာရန် မဲပေးမှုကို ပြုလုပ်မည်ဟု ဆိုထားသည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ဘောလုံးရာသီကိုးရာသီတွင် သွင်းဂိုး ၄၅၀ အထိသွင်းယူနိုင်ခဲ့သူဖြစ်ပြီး ၎င်းဝတ်ဆင်ခဲ့သည့် ကျောနံပါတ် ၇ ကို အဆန်စီယို၊ ဗီနီဆီးယပ်စ်နှင့် နောက်ထပ်ခေါ်ယူမည့် ကစားသမားသစ်တစ်ဦးဦးကို ဝတ်ဆင်စေမည်ဟု သတင်းများတွင် ဖော်ပြထားသည်။

ဂီတာဖေးကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သော်လည်း စီရိုနယ်လ်ဒိုမရှိတော့၍ အိမ်ကွင်းပရိသတ်လာရောက်ကြည့်ရှုမှုများ သိသိသာသာလျော့ကျသွားခဲ့ကြောင်း သိရသည်။ စီရိုနယ်လ်ဒိုရှိစဉ်က ပရိသတ် ၈၁၀၀၀ ဆံ့သည့် ဘာနေဗျူးကွင်းသို့ ပရိသတ် ၄၈၄၆၆ အထိ လာရောက် ကြည့်ရှုခဲ့ကြောင်းလည်းသိရသည်။




# တိုက်စစ်မှူး မာရှယ်အား ရောင်းချမည်ဟု မန်ယူအသင်းအကြီးအကဲကို မော်ရင်ဟို ပြောကြား

မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် တိုက်စစ်မှူး မာရှယ်အား ရောင်းချသွားမည်ဟု မန်ယူအသင်းအကြီးအကဲဖြစ်သူအက်ဒ်ဝုဒ်ဝက်ဒ်အား ပြောကြားခဲ့သည်။

ဥရောပအပြောင်းအရွှေ့ကာလသည် လာမည့်တစ်ပတ်အတွင်း ပိတ်သိမ်းတော့မည်ဖြစ်ရာ အဆိုပါအပြောင်းအရွှေ့မပိတ်မီ တိုက်စစ်မှူး မာရှယ်အား ရောင်းချလိုကြောင်း နည်းပြမော်ရင်ဟိုက ပြောကြားခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး မာရှယ်မှာ မန်ယူအသင်းအတွက် လုံလောက်သည့်တိုက်စစ်မှူး တစ်ဦးမဟုတ်သည့်အတွက် ရောင်းချရန်စီစဉ်လျက်ရှိကြောင်းနှင့် မာရှယ်အား ရောင်းချပြီးနောက် ဇန်နဝါရီဈေးကွက်အတွင်း ကစားသမားဖြည့်တင်းမှုများပြုလုပ်မည်ဖြစ်ကြောင်း နည်းပြမော်ရင်ဟိုက ဆိုသည်။

တိုက်စစ်မှူး မာရှယ်အား အမေရိကန်ခရီးစဉ်မှ ခွင့်ပြုချက်မရဘဲ အိမ်သို့ပြန်သွားခဲ့ခြင်းအတွက် နည်းပြမော်ရင်ဟိုက ဒဏ်တပ်ခဲ့သော်လည်း ဘရိုက်တန်အသင်းအား မန်ယူအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင်မူ အသင်းသို့ ပြန်လည်ခေါ်ယူခဲ့ကြောင်းလည်းသိရသည်။

မန်ယူအမှုဆောင်ဒုတိယဥက္ကဋ္ဌအက်ဒ်ဝုဒ်ဝက်ဒ်ကမူ မာရှယ်ကို ရောင်းချမည်ဟု ပြောကြားချက်ကို လျစ်လျူရှုပြီး နောက်တန်းခံစစ်ကြောင်းအတွက် မာကွီယာ၊ ပါရီဆစ်၊ ယယ်ယီမီနာနှင့် အယ်လ်ဒါဝီးလ်တို့ကို ခေါ်ယူလိုကြောင်း ပြောကြားခဲ့သည်။

ငွေကြယ် - ရေးသားသည်

# လာဇီယိုကို ခက်ခက်ခဲခဲ ကျော်ဖြတ်ရဦးမယ့် ဂျူဗင်တပ်

ရှိုင်းမင်းမင်း

## ၂၀၁၈-၁၉ စီးရီးအေရင်ခုန်သံ - ၂

စီးရီးအေအဖွင့်ပွဲမှာတော့ ဂျူဗင်တပ်တို့ နိုင်ပွဲရခဲ့ပေမယ့် စီရိုနယ်ဒိုလည်း ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သလို ချီယေဗိုကိုလည်း ခက်ခက်ခဲခဲ ကစားခဲ့ရပါတယ်။ ဒီတစ်ပတ်မှာလည်း ဂျူဗင်တပ်တို့ လာဇီယိုနဲ့ ရင်ဆိုင်ရမှာဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်အောင် ကစားသွားနိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။

## ဂျူဗင်တပ် - လာဇီယို | ည ၁၀း၃၀၊ ၂၅-၈-၁၈

အဖွင့်ပွဲမှာ ဂျူဗင်တပ်တို့ နိုင်ပွဲရခဲ့ပေမယ့် အသင်းလိုက်စွမ်းဆောင်ရည်ကတော့ တည်ငြိမ်မှုအားနည်းနေတာကိုတွေ့ရတယ်။ စီရိုနယ်လ်ဒိုနဲ့ ချိတ်ဆက်မိမှုအပိုင်းမှာ အားနည်းနေဆဲဖြစ်တယ်။ ဒါပေမယ့် ဒီပွဲက အိမ်ကွင်းဖြစ်သလို လက်ရှိအချိန်မှာလည်း လာဇီယိုခြေက အိမ်ကွင်းမှာတောင် နာပိုလီကိုရှုံးနိမ့်ခဲ့တဲ့အထိ အားနည်းနေတယ်။ ဂျူဗင်တပ်တို့ အနည်းငယ်အခက်တွေ့နိုင်ပေမယ့် အိမ်ကွင်းမှာနိုင်ပွဲတော့ ရသွားမှာပါ။

## နာပိုလီ - မီလန် | နံနက် ၁း၀၀၊ ၂၆-၈-၁၈

နာပိုလီက အဖွင့်ပွဲစဉ်မှာ လာဇီယိုကို အနိုင်ကစားနိုင်ခဲ့သလို ခြေစွမ်းလည်း ကောင်းမွန်ခဲ့တာ တွေ့ရတယ်။ ဒီပွဲကလည်း အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အဖွင့်ပွဲကို ရွှေ့ဆိုင်းခဲ့ရတဲ့ မီလန်ကလည်း ဒီပွဲမှာနိုင်ပွဲစတင်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် နာပိုလီကိုတော့ အသာရယူနိုင်ဖို့ ခက်မယ်။ အိမ်ကွင်းမှာ နိုင်ပွဲဆက်နိုင်ဖို့ အားစိုက်ကစားလာမယ့် နာပိုလီပဲ အနိုင်ရမယ်။

## SPAL - ပါးမား | ည ၁၀း၃၀၊ ၂၆-၈-၁၈

SPAL က အဖွင့်ပွဲစဉ်မှာ အဝေးကွင်းပွဲအဖြစ်ကစားခဲ့ရပေမယ့် ဘိုလော့နာကို အနိုင်ရယူနိုင်ခဲ့တဲ့အထိ ခြေစွမ်းပိုင်းထက်မြက်ခဲ့ပါတယ်။ ဒီပွဲကလည်း အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲဆက်နိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ပါးမားကလည်းအဖွင့်ပွဲမှာ အူဒီးနီးစ်ကို သရေကစားနိုင်ခဲ့ပြီး ခြေစွမ်းပိုင်းကောင်းမွန်ခဲ့တာ မှန်ပေမယ့် ဒီပွဲက အဝေးကွင်းဖြစ်နေပါတယ်။ အိမ်ကွင်းမှာ အားစိုက်ကစားလာမယ့် SPAL တို့ အနိမ့်ဆုံး သရေကစားနိုင်မှာပါ။

## ကယ်ဂလီယာရီ - ဆာစူအိုလို | နံနက် ၁း၀၀၊ ၂၇-၈-၁၈

ကယ်ဂလီယာရီက အဖွင့်ပွဲစဉ်မှာ အဝေးကွင်းပွဲကစားခဲ့ရပြီး အမ်ပိုလီကို အရေးနိမ့်ခဲ့ရတာကြောင့် ဒီအိမ်ကွင်းပွဲမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့် ဆာစူအိုလိုကလည်း ခြေစွမ်းပိုင်းကောင်းမွန်မှုရှိတဲ့ အသင်းဖြစ်ပြီး အဖွင့်ပွဲစဉ်မှာ အင်တာမီလန်လိုအသင်းကောင်းတစ်သင်းကိုတောင် အနိုင်ကစားနိုင်ခဲ့တယ်။ ကယ်ဂလီယာရီ သရေလောက်ပဲရမယ်။

## ဖီအိုရင်တီးနား - ချီယေဗို | နံနက် ၁း၀၀၊ ၂၇-၈-၁၈

ဖီအိုရင်တီးနားတို့ အိမ်ကွင်းမှာ ကစားရမှာဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဖီအိုရင်တီးနားအနေနဲ့ ရှေ့အဖွင့်ပွဲကိုမကစားခဲ့ရဘဲ ရက်ရွှေ့ခဲ့ရတာကြောင့်လည်း ဒီပွဲက အဖွင့်ပွဲလိုဖြစ်နေတာကြောင့် အမှားခံမှာမဟုတ်ပါဘူး။ ဒါ့အပြင် ချီယေဗိုကလည်း ခြေစွမ်းပိုင်းသာမန်သာရှိတဲ့ အသင်းဖြစ်တယ်။ ဒါကြောင့်လည်း ဖီအိုရင်တီးနားတို့ အခွင့်အရေးရနိုင်ကာ အိမ်ကွင်းနိုင်ပွဲရယူသွားနိုင်မှာပါ။

## ဖရိုစီနိုနီ - ဘိုလော့နာ | နံနက် ၁း၀၀၊ ၂၇-၈-၁၈

ဖရိုစီနိုနီအနေနဲ့လည်း အဖွင့်ပွဲကိုမကစားခဲ့ရဘဲ ရက်ရွှေ့ခဲ့ရလို့ ဒီပွဲက သူတို့အတွက် အဖွင့်ပွဲဖြစ်နေပါတယ်။ ဒါ့အပြင် အိမ်ကွင်းလည်း ဖြစ်နေတာကြောင့် ဖရိုစီနိုနီတို့ အမှတ်ရရှိအောင်အားစိုက်ကစားလာမယ့် အခြေအနေမှာ ရှိနေပါတယ်။ ဘိုလော့နာကလည်း ခြေစွမ်းပိုင်းသာမန်သာရှိတဲ့ အသင်းဖြစ်ပြီး အဖွင့်ပွဲစဉ်မှာ အိမ်ကွင်းပွဲကစားခဲ့ရပေမယ့် ရှုံးပွဲကြုံတွေ့ခဲ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာဖရိုစီနိုနီတို့ အမှတ်ခွဲယူသွားနိုင်ဖို့ရှိနေပါတယ်။

## ဂျီနိုအာ - အမ်ပိုလီ | နံနက် ၁း၀၀၊ ၂၇-၈-၁၈

အမ်ပိုလီရဲ့ ခြေစွမ်းပိုင်းက မဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ အဖွင့်ပွဲမှာ အိမ်ကွင်းအဖြစ် ကစားခဲ့ရပြီး ကယ်ဂလီယာရီကို အနိုင်ရယူနိုင်ခဲ့ပါတယ်။ ဒီပွဲမှာလည်း အမ်ပိုလီတို့ နိုင်ပွဲဆက်နိုင်ရေး အားစိုက်ကစားလာမှာ ဖြစ်ပေမယ့်လည်း အဝေးကွင်းဖြစ်နေတာကိုတော့ သတိပြုရမှာပါ။ ဒါ့အပြင် ဂျီနိုအာကလည်း အိမ်ကွင်းမှာနိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်ပြီး ခြေစွမ်းပိုင်းလည်းမဆိုးပါဘူး။ ဒါကြောင့် ဒီပွဲမှာတော့ ဂျီနိုအာပဲ အနိုင်ရမယ်။

## အင်တာ - တိုရီနို | နံနက် ၁း၀၀၊ ၂၇-၈-၁၈

အင်တာဟာ အဖွင့်ပွဲမှာ ဆာစူအိုလိုကို အရေးနိမ့်ခဲ့တာကြောင့် ဒီပွဲမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်ပါတယ်။ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဒါပေမယ့်တိုရီနိုကလည်း အသင်းကောင်း တစ်သင်းဖြစ်ပြီး အဖွင့်ပွဲမှာ ရိုးမားနဲ့ရင်ဆိုင်ခဲ့ရလို့သာ ရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။ ဒီပွဲကအဝေးကွင်းဖြစ်ပေမယ့် တိုရီနိုတို့ အမှတ်ရရှိအောင် ကစားလာမှာဖြစ်လို့ အင်တာ အခက်တွေ့နိုင်ပြီး သရေသာပဲရမယ်။

## အူဒီးနီးစ် - ဆမ်ဒိုးရီးယား | နံနက် ၁း၀၀၊ ၂၇-၈-၁၈

အူဒီးနီးစ်တို့အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်ပါတယ်။ အဖွင့်ပွဲမှာ အဝေးကွင်းပွဲအဖြစ် ကစားခဲ့ရပေမယ့်လည်း ပါးမားဆီက သရေတစ်မှတ် ရယူနိုင်ခဲ့ပါတယ်။ ဆမ်ဒိုးရီးယားကတော့ အသင်းကောင်းတစ်သင်းဖြစ်ပြီး ကစားသမားအင်အားပိုင်းပိုမိုတောင့်တင်းပေမယ့် အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်းကျဆင်းတတ်တာကိုသတိပြုရမှာ ဖြစ်ပါတယ်။ အူဒီးနီးစ်တို့ဒီပွဲမှာ အနိမ့်ဆုံး သရေလောက်ရမယ်။

## ရိုးမား - အတ္တလန်တာ | နံနက် ၁း၀၀၊ ၂၈-၈-၁၈

ရိုးမားကအဖွင့်ပွဲမှာ အဝေးကွင်းအဖြစ် ကစားခဲ့ရပေမယ့် တိုရီနိုကို အနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဒီပွဲက အိမ်ကွင်းဖြစ်လို့လည်း နိုင်ပွဲဆက်နိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အတ္တလန်တာကတော့ ခြေစွမ်းပိုင်းမဆိုးပေမယ့် အဝေးကွင်းမှာခြေစွမ်းကျဆင်းတတ်ပြီး ယူရိုပါလိဂ်ပွဲကြောင့်လည်း ပွဲပန်းမှုတွေရှိနေနိုင်ပါတယ်။ ရိုးမားတို့အိမ်ကွင်းမှာ ဂိုးမပြတ်ရင်တောင် နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေတယ်လို့ ယူဆမိပါတယ်။

# စစ်တောင်းမြစ်ရေ ဒုတိယအကြိမ်မြင့်တက်မှုကြောင့် ရွှေကျင်မြို့နယ်တွင် စာသင်ကျောင်းအချို့ပိတ်ထားရ

**ရွှေကျင် ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ဩဂုတ် ၁၇ ရက်မှစတင်၍ စစ်တောင်းမြစ်ရေ ဒုတိယအကြိမ်မြင့်တက်ခဲ့ပြီး ယနေ့အထိ အိမ်ထောင်စု ၁၅၈ စု၊ လူဦးရေ ၈၃၀ ကျော်အား ရေဘေးကယ်ဆယ်ရေးစခန်း လေးခုသို့ ရွှေ့ပြောင်းနေထိုင်ကြရပြီး မူလွန်စာသင်ကျောင်း ငါးကျောင်း ယာယီပိတ်ထားရကြောင်း သိရသည်။

ပထမအကြိမ် ရေကြီးရေလျှံမှုဖြစ်ပွားစဉ်က ရွှေကျင်မြို့နယ်တွင် အိမ်ထောင်စု ၅၇၆၈ စု၊ လူဦးရေ ၂၇၂၆၆ ဦးတို့အား ရေဘေးကယ်ဆယ်ရေးစခန်း ၄၇ သို့ ယာယီရွှေ့ပြောင်းပေးခဲ့ရပြီး ဖြစ်သည်။ စစ်တောင်းမြစ်ရေ ပြန်လည်ကျဆင်းပြီးနောက် ရေဘေးကယ်ဆယ်ရေးစခန်းအသီးသီးမှ ယာယီခိုလှုံနေထိုင်သူများ မိမိတို့နေထိုင်ရာဒေသအသီးသီးသို့ ပြန်လည်နေထိုင်ကြချိန်တွင် ကယ်ဆယ်ရေးစခန်းနှစ်ခု၌ အိမ်ထောင်စု ၁၁၃ စု၊ လူဦးရေ ၅၇၁ ဦးသာကျန်ရှိတော့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

ယခုတိုင် စစ်တောင်းမြစ်ရေအခြေအနေမှာ ရွှေကျင်မြို့နယ်တွင် စိုးရိမ်ရေအမှတ်အထက်တွင်ရှိနေခြင်းကြောင့် အနိမ့်ပိုင်းရပ်ကွက်နေ ဒေသခံများ အနေဖြင့် မြစ်ရေများမြင့်တက်လာခြင်းကြောင့် ဒုတိယအကြိမ် ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ထပ်မံပြောင်းရွှေ့နေထိုင်ကြရကာ သက်ဆိုင်ရာတာဝန်ရှိသူများက နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ဩဂုတ် ၂၁ ရက် ညနေ ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် ၁၀၄၇ စင်တီမီတာသို့ ရောက်ရှိနေပြီး ရွှေကျင်ချောင်းရေမှာ ၆၆၁ စင်တီမီတာသို့ ရောက်ရှိနေသည်။

**ကိုလွင်(ဆွာ)**

# မူးယစ်ဆေးရောင်းချသူနှစ်ဦး တူမီးသေနတ်နှင့်အတူ ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**မိုးကောင်း ဩဂုတ် ၂၂**

မိုးကောင်းမြို့နယ် ပွဲနှံသုံးလုံးကျေးရွာ အနောက်မြောက်ဘက် ခါးတုံးကွင်းအတွင်းရှိ တောထဲနေထိုင်သည့် မူးယစ်ဆေးရောင်းချသူနှစ်ဦးအား ယနေ့နံနက် ၆ နာရီခွဲတွင် တူမီးသေနတ်နှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းမိခဲ့သည်။



တောထဲတွင်နေပြီး မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းအရ ဒုရဲအုပ်သိန်းမြင့်နှင့် ဦးစီးတပ်ဖွဲ့ဝင်များ သွားရောက်ရှာဖွေရာ မူးယစ်ဆေးရောင်းချသူ အေးဝင်း(ခ)သစ်မွှေးနှင့် ဇနီး ဒေါ်အုန်းမြင့်(ခ)ဒေါ်ခင်အုန်းမြင့်တို့ကို ၃ ပေ ၅ လက်မ သစ်သားကိုယ်ထည်ပြောင်းတိုက်တံပါ တူမီးသေနတ်တစ်လက်၊ ယမ်းကတ် ငါးကတ်၊ ခဲတောင့် ခြောက်တောင့်၊ ခပ်ပုံချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ဘိန်းဆီများ၊ ငွေသားကျပ်သိန်း ၈၀၊ ခြံဝင်းအတွင်း ရပ်ထားသည့် အဖြူရောင်ကိုရိုလာဗင်တစ်စီးနှင့်အတူတွေ့ရှိကြောင်း သိရသည်။

ယင်းအမှုကြောင့် အေးဝင်း(ခ)သစ်မွှေးနှင့် ဒေါ်အုန်းမြင့်(ခ)ဒေါ်ခင်အုန်းမြင့်တို့အား မိုးကောင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းလွင်ဦး**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၂**

**ကသာမြို့နယ်**

မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီတွင် ကသာမြို့နယ် ပင်းမလွတ်ကျေးရွာ ကသာ-အင်းတော်သွားကားလမ်း မီးရထားသံလမ်းကူးအနီးတွင် ခင်မောင်ဇော်(ခ) မောင်ဇော် မောင်းနှင်ပြီး ကျော်ဇင်ထွန်း(ခ)အငယ် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကို လည်းကောင်း။



နန်းစမ်နှင့် နန်းလှခင်(ခ)အေးဆွေခင်တို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

**မဟာအောင်မြေမြို့နယ်**

အလားတူ ဩဂုတ် ၂၀ ရက် ည ၁၀ နာရီ ၄၅ မိနစ်က မူးယစ်တပ်ဖွဲ့စု (၁၈) မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်(၂) ၆၂ လမ်း၊ ၄၂ လမ်းနှင့် ၄၃ လမ်းကြား၊ မနော်ရမ္မ ကလေးကစားကွင်းရှေ့၌ ဟန်ထွန်းဦး(ခ)မဲကြီးနှင့် စောယုမွန်(ခ)အငယ်မတို့အားရှာဖွေရာ ဟန်ထွန်းဦး(ခ)မဲကြီး၏ မီးအားထိန်းစက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း။

**တာမွေမြို့နယ်**

ဩဂုတ် ၂၁ ရက် နံနက် ၁၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၄၁ ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာမွေမြို့နယ် မာန်အောင်ရပ်ကွက် လေးထောင့်ကန်လမ်း စူပါဝမ်းစင်တာရှိ ကားပါကင်အနီးတွင် နောင်နောင်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၊ အိုက်စ် လေးဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ ၂၉ ရပ်ကွက် ကောက်လျှင်လမ်းရှိ လင်းမြင့်အောင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၄၀၊ အိုက်စ် ၄၃ ဂရမ်၊ မူးယစ်ဆေးဝါး ၁၆၈ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

**လားရှိုးမြို့နယ်**

ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် လားရှိုး-တန့်ယန်းသွားလမ်း သတ္တုစက်ရုံအနီးတွင် ခရီးသည်တင်မော်တော်ယာဉ်အားရှာဖွေရာ ခရီးသည် နန်းလှခင်(ခ)အေးဆွေခင်ထံမှ ဘိန်းစိမ်း ခြောက်ကီလိုနှင့် နန်းစမ်၏ လက်ဆွဲအိတ်အတွင်းမှ ဘိန်းစိမ်း သုံးကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အလုံမြို့နယ် ဆိပ်ကမ်းဝင်းအတွင်း ယာဉ်နောက်ဆုတ်ရာမှ လူတစ်ဦးသေဆုံး

**ရန်ကုန် ဩဂုတ် ၂၂**

ရန်ကုန်မြို့ အလုံမြို့နယ် သစ်တောရပ်ကွက် အလုံအပြည်ပြည်ဆိုင်ရာအမှတ်(၁) ဆိပ်ကမ်းဝင်းအတွင်း ဩဂုတ် ၂၂ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့်က ရွှေထူး မောင်းနှင်သည့် KALMAR-RS01 အနီရောင်ယာဉ်သည် ကားနောက်ဆုတ်ရာမှ ဦးသိန်းလွင်(မြန်မာစီးပွားရေးကော်မရှင်အေးဂျင့်)အား ဘီးဖြင့်ကြိတ်မိပြီး နေရာတွင်သေဆုံးခဲ့သဖြင့် ယာဉ်မောင်းရွှေထူးအား အလုံမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**

# အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ဂ)ရပ်ကွက်နေ ဦးမြင့်လွင် ၄၁းရမ်းဖွင့်လှစ်ထားသည့် ရွှေကုံ့ကော်(SKK Fashion)စတိုးဆိုင်တွင် ယနေ့နံနက် ၂ နာရီ ၁၀ မိနစ်က မီးကြိုးအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့၍ မြောက်ဥက္ကလာပ မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ငြိမ်းသတ်ခဲ့ရာ မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဦးမြင့်လွင်အား အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# မြန်မာ့ရုပ်မြင်သံကြား

**၂၃-၈-၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | NRC အစီအစဉ် "ကျေးလက်တေးသံနားဆင်ဖို့ ရိုးရာတူရိယာဖန်တီးစို့" |
| ၈း၃၅ | စီးပွားရေးစကားဝိုင်း "မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စိန်ခေါ်မှုများ" (တတိယပိုင်း) |
| ၉း၂၅ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၉း၄၀ | ASEAN Spotlight (40) |
| ၁၀း၃၀ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၁း၀၀ | မြစ်မခမီဒီယာ (သဘာဝပတ်ဝန်းကျင်မှ လေ့လာသင်ယူခြင်း) |
| ၁၁း၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "အကြော်သည်နှင့် သူ၏စားသုံးသူများ"(ဦးဇော်မှိုင်း၊ ကောင်းဟိန်း၊ ဆုမိုးမခ၊ ဦးမျိုးအောင်၊ မာမာကြည်၊ မကြည်ဌေး၊ ဝတ်ရည်နှင်း) [ဒါရိုက်တာ-သိမ်းစိုး(သီဟရတနာ)] |
| ၁၂း၃၀ | မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၇) (ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ)(ဒါရိုက်တာ-အောင်ဩဘာ) |
| ၁၄း၀၀ | "ထူးချွန်သူတို့လျှောက်သောလမ်း" |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | "ရတနာထဲကရတနာ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်" |
| ၁၇း၀၅ | NHK အစီအစဉ် "Laboratory Apparatus Seaond Series" (စမ်းသပ်စက္ကူ) |
| ၁၇း၁၅ | "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက်ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၇၂) |
| ၁၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၈း၂၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၁၈း၅၅ | "CHOICE" (အပိုင်း-၇၈) |
| ၁၉း၁၅ | မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၈)(ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | "မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသောအခက်အခဲနှင့် ရှေ့ခရီးလမ်း ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခြင်း" (စင်ကာပူနိုင်ငံ Grand Hyatt ဟိုတယ်) |
| | - Britain's Got Talent (13) |
| | - မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၃)(ဒါရိုက်တာ-ကြည်စိုးထွန်း၊ စန်းစန်းဝင်း) |
| | -အစီအစဉ်ပြီး၏။ |

# မရမ်းချောင်စစ်ဆေးရေးစခန်းတွင် အကောက်ခွန်မဲ့သကြားအိတ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၈၅၄ စီး၊ သွင်းကုန် ၆၀၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၆၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၇၄၁ သန်းခန့် စုစုပေါင်းတားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၇၄၁ သန်းခန့် ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၂၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင် လှည့်ကင်းသွားရောက်စစ်ဆေးရာ ပျဉ်းကတိုးကုန်းကျေးရွာအနီး ရှောင်ကွင်းလမ်းဘေးတွင် စုပုံထားသည့် တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ Sugar (50Kg) (43 Bags) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၃၇၆ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သူတို့နှစ်ဦးနှင့် ကျွန်တော်

မြင့်ထွေး | ဟိုတယ်နှင့်ခရီး

"ဒီကို.......ကျွန်တော်မိသားစုနဲ့ ပြန်လာဦးမယ် ဗျာ"

မှိုင်းညို့ညို့ရှမ်းတောင်တန်းကြီးနှင့် ကြည်လင်သော အင်းလေးရေပြင်အကြား ငုံ့ဆင်းနေသော တိမ်စိုင်များကို ငေးကြည့်နေရင်း Mr. Ehlers က ကျွန်တော့်အား မကြည့်ဘဲ ဆိုင်းမဆင့်ဗုံမဆင့် ပြောလိုက်သော စကားကြောင့် ကြောင်တောင်တောင်ဖြစ်သွားသည်။

အမ် . . . ဘာများဖြစ်လို့လဲဟု အမေးအပေါ် သူက. . .

"ခင်ဗျားကြည့်ဗျာ၊ အခုကျွန်တော်တို့ မိုင်ပေါင်း ၅၅၀ ကျော်ရှည်လျားတဲ့ တနင်္သာရီကမ်းရိုးတန်းရဲ့ လှပတဲ့ကမ်းခြေအချို့ကို ရောက်ခဲ့တယ်။ ဒေသက ပြည်သူလူထုတွေနဲ့ ထိတွေ့ခွင့်ရခဲ့တယ်။ ရန်ကုန်မြို့တော်ကိုလည်းရောက်တယ်၊ နာမည်ကြီးလှတဲ့ ဗိုလ်ချုပ်ဈေးကိုလည်းပတ်ခဲ့တယ်၊ ဗိုလ်တထောင်ကောလိပ်က B.A Tourism ကျောင်းသားတွေနဲ့ စကားပြောခွင့်ရခဲ့တယ်။ နောက်ပြီး အေဒီ (၁၁) ရာစုက တည်ဆောက်ခဲ့တဲ့ ပုဂံဘုရားတွေကိုလည်း လေ့လာခဲ့ရတယ်။ ဘယ်နိုင်ငံမှ မရှိတဲ့ ရှေးဟောင်းအမွေအနှစ်တွေကို တစ်နေရာတည်းမှာ စုံလင်စွာကြည့်ရှုရတဲ့အပြင် ခေတ်အဆက်ဆက် ပြောင်းလဲလာမှုတွေကို လေ့လာခဲ့ရတယ်။ မန္တလေးကောလိပ်က B.A Tourism ကျောင်းသား၊ ကျောင်းသူတွေနဲ့လည်း အမှတ်တရဓာတ်ပုံရိုက်ခဲ့ရတယ်။

## ငယ်ပေါင်းမိတ်ဆွေ

စကားအနည်းငယ်ရှည်သွား၍ သူခေတ္တနားလိုက်ပြီးနောက် ဆက်၍ ပိုပြီးထူးခြားတာက တွေ့လိုက်တဲ့လူတိုင်းက ပြုံးပြီးဖော်ရွေနေတာဗျ၊ သူတို့အပြုံး၊ သူတို့ရဲ့ အမူအရာတွေက ငယ်ပေါင်းမိတ်ဆွေတွေပြန်တွေ့ရလို့ ဝမ်းသာတဲ့ပုံ၊ ကူညီဖို့ စောင့်ကြိုနေတဲ့ပုံတွေလို့ အဓိပ္ပာယ်ဖော်လို့ရတယ်။

မိမိ၌ သူ့အားပြောရန်စကားများ အစီအရီရှိသော်လည်း သူ့ရဲ့စိတ်အားထက်သန်စွာ ပြောဆိုမှုအပေါ် အနှောင့်အယှက်မပြုလို၍ သူပြောစကားများကို ဆက်လက်နားထောင်နေမိသည်။

မန္တလေးရောက်တုန်းကလည်း မင်းတုန်းမင်းတည်ထားခဲ့ပြီး သီပေါမင်း နောက်ဆုံးနန်းထိုင်ခဲ့တဲ့ မြနန်းစံကျော်၊ မန္တလေးတောင်၊ ကမ္ဘာကျော် ဦးပိန်တံတား၊ မဟာမြတ်မုနိဘုရားတို့ကို လေ့လာတဲ့အခါ မြန်မာ့အငွေ့အသက်ကို ခံစားမိတယ်ဗျ။

"အခု အင်းလေးကန်ကြီးကတော့ အထူးခြားဆုံး၊ အလှပဆုံး၊ အအေးချမ်းဆုံးနေရာပဲဗျာ၊ လောကနိဗ္ဗာန်ပါပဲ" ဟု မနားတမ်းပြောသည်။

Mr. Ehlers အနေဖြင့် အမှန်တကယ်ပင် သူ့ရင်ထဲ၊ နှလုံးသားထဲက ခံစားရမှုကို ဖွင့်ဟဝန်ခံနေမှန်း သိသာလွန်းလှသည်။ အာရှနိုင်ငံများသို့ တစ်ကြိမ်တစ်ခါမျှ မရောက်ခဲ့ဖူးသော သူ့အဖို့ တွေ့သမျှ၊ မြင်သမျှအထူးအဆန်းကြီးပဲဖြစ်သမို့ သူ့မိသားစုကိုလည်း ဒီလိုဒေသမျိုးရောက်ဖူးစေချင်သည်ထင်ပါသည်။ နောက်တစ်ကြိမ်မက ထပ်မံပြန်လာဖို့လည်း အခွင့်အလမ်းရှိနေပါသည်။ ပြန်လာနိုင်ရန်အတွက်လည်း မြန်မာနိုင်ငံအတွက် ဆောင်ကြဉ်းပေးရမည့် တာဝန်များသူ့ဆီမှာရှိနေသည်။

သူ့စကားဆုံးပြီးချိန်မှာတော့ ကျွန်တော်ပြောချင်သောစကား၊ သူ့နှလုံးသား၊ သူ့ရင်ထဲအထိ ရောက်အောင် တိုက်ရိုက်ပစ်ခတ်လိုသော စကားများကို စတင်မိသည်။

Ehlers ရေ တို့မြန်မာနိုင်ငံဟာ ထိုင်း၊ လာအို၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယစတဲ့ နိုင်ငံတွေနဲ့ ဘူမိပထဝီအခြေအနေများအရရော၊ ပထဝီနိုင်ငံရေးအခြေအနေများအရရော ဆက်စပ်နေပြီး မဟာဗျူဟာကျတဲ့ ဒေသတစ်ခုဖြစ်နေတယ်။

## တိုင်းရင်းသား ၁၃၅ မျိုး

တို့မြန်မာနိုင်ငံမှာ အရှေ့တောင်အာရှနိုင်ငံတွေမှာ တောင်မရှိတဲ့ မြောက်ဖျားက နှင်းခဲဖုံးလွှမ်း တောင်တန်းတွေကနေ Virgin Land လို့အခေါ်ခံရတဲ့ တောင်ဖျားက မြိတ်ကျွန်းစုတွေအကြားမှာ ဓလေ့ထုံးတမ်းအစဉ်အလာ၊ ဝတ်စားဆင်ယင်မှု၊ ဘာသာစကားမတူညီတဲ့ တိုင်းရင်းသား ၁၃၅ မျိုး စုပေါင်းနေထိုင်ကြတယ်။

ထူးခြားဆန်းကြယ်ပြီး အံ့ဩဖွယ်ကောင်းလှစွာ သာယာလှပတဲ့ မြင်ကွင်းတွေဟာ မြန်မာနိုင်ငံမှာ မရေမတွက်နိုင်လောက်အောင် များပြားလှသလို၊ ရာသီအလိုက်ပွင့်တဲ့ ရှားပါးတဲ့ပန်းတွေလည်း အရောင်အသွေးစုံအောင် ပေါက်ရောက်နေကြတယ်။

ကျွန်တော့်ပြောဆိုမှုအပေါ် Mr. Ehlers စူးစိုက်စွာ နားထောင်နေကြောင်း သတိထားမိသည်။ မြန်မာနိုင်ငံ၏ အနောက်ပိုင်းအခြေအနေများအပေါ် မီဒီယာများက ရည်ရွယ်ချက်ရှိရှိ မှားယွင်းစွာ ပုံဖော်ဆောင်ရွက်ခဲ့ကြခြင်းကြောင့် မြန်မာနိုင်ငံသို့ လာရောက်လိုသော၊ လာရောက်လျက်ရှိသော အနောက်ဥရောပနိုင်ငံသားများ၏ ခရီးစဉ်များပျက်သွားခြင်း၊ ရွှေ့ဆိုင်းခြင်း၊ အခြားနိုင်ငံများသို့ ပြောင်းရွှေ့ရောက်ရှိသွားခြင်းများကို ကြုံတွေ့နေရသဖြင့် ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုမှာ အတန်ငယ်ကျဆင်းသွားခဲ့ရသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအပေါ် ဝန်ကြီးဌာနနှင့် မိတ်ဖက်အသင်းအဖွဲ့များမှ ပြည်တွင်း၊ ပြည်ပမျှတစွာ မြှင့်တင်ကြိုးစားဖော်ဆောင်လျက်ရှိသဖြင့် ခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်မည်ဟု ယုံကြည်ခဲ့သော်လည်း ရခိုင်ပြည်နယ်အရေးကြောင့် အရိုက်ထိုးခံရသလိုရှိလှသည်။ ပြည်တွင်းမီဒီယာများက မှန်မှန်ကန်ကန် ကျယ်ကျယ်ပြန့်ပြန့် လွှင့်ထုတ်ဆောင်ရွက်လျက်ရှိသော်လည်း ပြည်ပမီဒီယာများ၏ နည်းပညာ၊ ငွေကြေးနှင့် အထောက်အပံ့များအပေါ် လွှမ်းမိုးနိုင်မှု မရှိခဲ့ချေ။

သို့အတွက် မီဒီယာအပိုင်းသာ အားကိုး၍ မရတော့ဘဲ အာရှနိုင်ငံများအပေါ်ပိုမိုစွဲဆောင်ခြင်း၊ အနောက်နိုင်ငံများမှ မြန်မာနိုင်ငံအပေါ် အကောင်းရှုမြင်သော ခရီးသွားမိတ်ဖက်နိုင်ငံများအား ရှာဖွေဖော်ထုတ်၍ ပကတိအခြေအနေမှန်များကို ဖိတ်ခေါ်ပြသအသိပေးခြင်း၊ ဗီဇာစနစ်များ ဖြေလျှော့ကာ စွဲဆောင်ခြင်းများကို အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူ ပိုမိုပူးပေါင်းဆောင်ရွက်ကာ ၂၀၁၈ ခုနှစ် ခရီးသွားရာသီအတွက် နည်းလမ်းမျိုးစုံဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

အကြောင်းအားလျော်စွာ ဥရောပနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဂျာမနီနိုင်ငံမှ မြန်မာနိုင်ငံတွင် ဟိုတယ်နှင့် ခရီးသွားဘာသာရပ်ဒီပလိုမာသင်တန်းကျောင်း တည်ထောင်နိုင်ရန် ထောက်ပံ့ကူညီပေးမည်ဖြစ်၍ သင်တန်းကျောင်းဖြစ်မြောက်ရေးအတွက် မြေပြင်ကွင်းဆင်းကာ ဖြစ်နိုင်ခြေ ရှိ၊ မရှိ ကနဦးလေ့လာရန် ဂျာမနီနိုင်ငံမှ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် Senior Experten Services (SES) အဖွဲ့မှ ကျွမ်းကျင်ပညာရှင် ဂျာမနီနိုင်ငံသား Mr. Helmut Lindthaler နှင့် Mr. Hajo Eike Ehlers တို့နှစ်ဦးအား မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့ပါသည်။ အဆိုပါဂျာမန်လူမျိုး နှစ်ဦးအား သင်တန်းကျောင်းတည်ဆောက်မည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ လိုက်လံပို့ဆောင်ရန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်တွေ့ဆုံရန်နှင့် မြန်မာနိုင်ငံတွင် သင်တန်းကျောင်းများ ဖွင့်လှစ်ပို့ချနေမှုများပြသရန် တာဝန်ပေးအပ်ခံရပါသည်။ သို့အတွက် အခွင့်အခါ တိုက်ဆိုင်စွာ မြန်မာနိုင်ငံ၏ သာယာလှပသော ရှုခင်းများနှင့် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို ပြသနိုင်ခွင့်ရရှိခဲ့ပါသည်။

ဤသို့ မြန်မာနိုင်ငံတွင် ဂျာမနီနိုင်ငံ၏ နည်းပညာ၊ ငွေကြေးအထောက်အပံ့ဖြင့် ဟိုတယ်နှင့် ခရီးသွားသင်တန်းကျောင်းတစ်ခုဖြစ်ပေါ်စေရန် အစပြုခဲ့ခြင်းမှာ ၂၀၁၆ ခုနှစ် ဘာလင်မြို့တွင်ကျင်းပသော Internationale Tourismus-Börse Berlin(ITB-Berlin-2016) သို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတက်ရောက်ခဲ့စဉ် ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ ဟမ်းဘတ်မြို့ Constituency မှ ရွေးချယ်ခံရသော ဝါရင့်လွှတ်တော်အမတ် Mr.Jurgen Klimke အား တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံသို့ အကူအညီပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြရာမှ ထွက်ပေါ်လာခဲ့သည့် အကျိုးရလဒ် ဖြစ်ပါသည်။

သို့အတွက် မိမိနိုင်ငံ၊ မိမိဒေသနှင့် ဝန်ကြီးဌာနအတွက် အကျိုးကို ယူဆောင်ပေးလာမည့် ဂျာမနီနိုင်ငံသား ပညာရှင်နှစ်ဦးအား အနီးကပ်လိုက်ပါပို့ဆောင်၍ လိုအပ်သည့်ကိစ္စများ ဆောင်ရွက်ပေးရန် တာဝန်များအပြင် ရခိုင်ပြည်နယ်အရေးနှင့်ဆက်နွှယ်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအပေါ် အမြင်လွဲမှားနေမှုများကိုလည်း ၎င်းတို့နှင့်အတူ လိုက်ပါဆောင်ရွက်ရင်း အဖြစ်မှန်များကို ရှင်းပြခွင့်ရရှိခဲ့ခြင်းဖြစ်ပါသည်။ သူက ကျွန်တော်ဆက်လက်ပြောဆိုမည့် စကားကို စောင့်မျှော်နေသည်ထင်သည် ကျွန်တော့်ကို စောင်းငဲ့ကြည့်နေသဖြင့် . . .



## အေးချမ်းစွာလည်ပတ်နိုင်

Ehlers, အခုခင်ဗျားရောက်ခဲ့တဲ့ ရန်ကုန်၊ တနင်္သာရီ၊ ပုဂံ၊ မန္တလေး၊ ညောင်ရွှေ၊ အင်းလေး ဒေသတွေကို အချိန်ကန့်သတ်ချက်အရ ဒီလောက်ပဲပြနိုင်သေးတာ။

စကားမဆက်သေးဘဲ သူ့ကိုကြည့်လိုက်ရာ အလေးအနက် အာရုံစိုက်နားထောင်မှုကိုတွေ့ရသည်။ ဆက်၍. . .

တို့နိုင်ငံမှာ တိုင်းဒေသကြီးခုနစ်ခု၊ ပြည်နယ် ခုနစ်ခု၊ နေပြည်တော်ကောင်စီနယ်မြေ တစ်ခု စုစုပေါင်း ၁၅ ခုရှိတယ်။ ဒီ ၁၅ ခုစလုံးကို အေးချမ်းစွာလည်ပတ်နိုင်တယ်။ လုံခြုံရေးအခြေအနေအရ အချို့နေရာလေးတွေမှာတော့ ကန့်သတ်မှုလေးတွေရှိတယ်။ ဒါကလည်း ဘယ်နိုင်ငံမှာမဆို ရှိတာပဲ။

ရခိုင်ပြည်နယ်မြောက်ဘက်မှာ ဖြစ်ပွားခဲ့တဲ့နေရာဟာ ကမ္ဘာလှည့်ခရီးသွားတွေ သွားလာလည်ပတ်တဲ့နေရာမဟုတ်ဘူးဗျ။ မတည်မငြိမ်ဖြစ်ပွားခဲ့တဲ့ နေရာအဝန်းအဝိုင်းလေးကလွဲလို့ ကျန်တဲ့ ရခိုင်ပြည်နယ်၊ စစ်တွေ၊ မြောက်ဦး၊ ကျောက်တော်၊ ငပလီနေရာအစုံသွားလာလည်ပတ်လို့ရတယ်၊ ကမ္ဘာလှည့်ခရီးသည်တွေ သွားလာလည်ပတ်လျက်လည်းရှိတယ်။

ကျွန်တော်စကားဆက်ရန် ပြင်ဆင်နေစဉ်မှာပင် Mr. Ehlers က ဟုတ်တယ်၊ အခုကျွန်တော်တို့ သွားရောက်ခဲ့တဲ့ ဒေသတိုင်းမှာ လူတွေအားလုံးဟာ သူတို့ရဲ့လုပ်ငန်းဆောင်တာတွေကို အေးအေးချမ်းချမ်း လုပ်ကိုင်နေကြသလို ပျော်ပျော်ရွှင်ရွှင်ဖြစ်နေကြတာ သတိထားမိတယ်ဗျ။

သူက ဆက်၍. . . .

## အထင်နဲ့အမြင်တခြားစီ

မြန်မာနိုင်ငံမှာ ဒီပလိုမာသင်တန်းကျောင်း တည်ထောင်ဖို့အတွက် Feasibility Study သွားဖို့ SES က တာဝန်ပေးတော့ ကျွန်တော်တို့ ဒီမလာခင် မြန်မာနိုင်ငံအကြောင်း မိတ်ဆွေတွေကို မေးမြန်းတဲ့အခါ မြန်မာနိုင်ငံကို တစ်ယောက်မှ မသိကြဘူး။ စာတွေလိုက်ရှာဖတ်ကြည့်တော့လည်း ရခိုင်ပြည်နယ်အခြေအနေတွေကို ဆိုးဆိုးရွားရွားရေးထားတာကိုဖတ်ရတော့ လာရောက်ရမယ့် ရည်မှန်းချက်တာဝန်ဟာ လုံးဝမဖြစ်နိုင်ဘူး (၀) ဇီးရိုးလို့ မှတ်ယူထားခဲ့တယ်။ အခုရောက်တဲ့အခါကျမှ အထင်နဲ့အမြင်တခြားစီဆိုတာ တွေ့မြင်ရတယ်။

ခရီးစဉ်တစ်လျှောက်လုံး၏ အနှစ်သာရနှင့် ရည်ရွယ်ရာများချက်က ပကတိအခြေအနေမှန်များကို သူ့ကို သိစေချင်သော၊ သူ့ရင်ထဲအထိ ဝင်ရောက်စေချင်သော ဆန္ဒဖြစ်၍ ကျွန်တော့်ဘက်သို့ ပါလာပြီဟု ယုံကြည်လိုက်သည်။ ယခုခရီးစဉ်မှသာ ဂျာမန်လူမျိုးနှစ်ဦးနှင့် ပထမဦးဆုံးအကြိမ် ရက်ရှည်ခရီး သွားရောက်ရခြင်းဖြစ်၍ သူတို့၏ စိတ်ဓာတ်နှင့် လူမှုကျင့်ဝတ်အပေါ် တန်ဖိုးထားမှုများကို သိရှိခဲ့ရသည်။

ခရီးစဉ်တွင် ပါလာသော ဂျာမန်ပညာရှင်တစ်ဦးဖြစ်သူ Mr. Helmut မှာ အသက် ၇၅ နှစ် အရွယ်ရှိသော်လည်း မည်သူတစ်ဦးတစ်ယောက်၏ ဖေးမဆွဲထူ၊ တွဲကူခြင်းကိုလက်မခံ၊ ယဉ်ကျေးစွာ ငြင်းဆန်သည်။ သူ့အိတ်ကို သူ့ဘာသာသယ်ယူသည်။ သူ့ထီးသူဖွင့်ဆောင်းသည်။ ကျွန်တော်တို့၏ ဧည့်ခံမှုများ၊ ဂရုစိုက်မှုများက အပန်းမကြီးလှသော်လည်း ဂျာမန်နှစ်ဦးက ကျေးဇူးတင်ကြောင်း ထပ်ကာထပ်ကာ ပြောကြားနေမှုမှာ ကျွန်တော်ပင် ပြန်အားနာလှသည်။

မထင်မှတ်စွာ Mr.Helmut ကျန်းမာရေးမကောင်း၍ ဆေးခန်းပြရသည်။ မြန်မာနိုင်ငံမှ ဆရာဝန်ကလေးဖြစ်စေကာမူ အဆိုပါဆရာဝန်၏ ဆေးကုသမှုကို လေးစားစွာလိုက်နာဆောင်ရွက်သည်။ ဆေးခန်းမှ သောက်ဆေးများကို ထည့်ရန် ပလတ်စတစ်အိတ်ပေးရာ လုံးဝမယူ။ ဆေးများကို လက်ထဲတွင် ဆုပ်ကိုင်ပြီး ၎င်း၏ဘေးလွယ်အိတ်ထဲသို့ ထည့်သည်။ ကျွန်တော်တို့ အတုယူ၍ အလေ့အထဖြစ်နိုင်ရန် နှစ်ကာလအတန်ကြာ လေ့ကျင့်ယူရပါဦးမည်။

မြန်မာလူမျိုးတို့၏ စိတ်ရင်းနှင့်အညီ ဧည့်ဝတ်ကျေပွန်ခြင်း၊ ဂရုတစိုက်ရှိခြင်းများကြောင့် ဂျာမန်နှစ်ဦးအတွက် သီးခြားစီစဉ်ပေးထားသော ဧည့်လမ်းညွှန်၏ ဧည့်ဝတ်ကျေပွန်မှုအပေါ်တွင်လည်း 'အမေနဲ့ တူလိုက်တာ' ဟု မကြာခဏ ပြောတတ်သည်။

ကျန်းမာရေး အခြေအနေအရ Mr. Helmut မှာ ညောင်ရွှေ၊ အင်းလေးသို့ ဆက်လက် မလိုက်ပါတော့ဘဲ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံ၊ ထိုမှတစ်ဆင့် ဗီယက်နမ်နိုင်ငံမှ ဂျာမနီနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

စာမျက်နှာ ၁၈ သို့

# ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး

**လွိုင်ကော် ဩဂုတ် ၂၂**

ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ဌာနတာဝန်ရှိသူများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှု စိတ်ဓာတ်ဖြင့် စီမံကြပ်မတ်ပေးသွားရန် မှာကြားလိုကြောင်း၊ အားနည်းချက်များ တွေ့ရှိရပါက ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ကောင်းမွန်သည့် အနေအထားအဖြစ် ဆောင်ရွက်ရာတွင် မိမိတစ်ယောက်တည်း လုပ်ယူ၍ မရကြောင်း၊ အားလုံးက ဌာနအကျိုးကို ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အစိုးရသစ်ကာလတွင် နယ်မြေ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အားနည်းချက်များ တွေ့ရှိရသဖြင့် ဌာနအကြီးအကဲများအနေဖြင့်လည်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အောင်ထွန်းလေး**



# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

**ဘားအံ ဩဂုတ် ၂၂**

နေပြည်တော်တွင် ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တရားရေး ဦးစီးမှူးများ၏ (၁၅) ကြိမ်မြောက် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကို ဩဂုတ် ၂၁ ရက် မွန်းလွဲ ၁ နာရီက ဘားအံမြို့ ကရင်ပြည်နယ်တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်းက ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။ ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများက တရားစီရင်ရေးဆိုင်ရာအချက်များကိုလည်းကောင်း၊ ပြည်နယ်တရားရေးဦးစီးမှူးက တရားရုံး စီမံခန့်ခွဲရေး လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသော ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများက တရားစီရင်ရေးနှင့် ရုံးလုပ်ငန်းဆိုင်ရာများကို တင်ပြခဲ့ကြောင်းနှင့် အဆိုပါ အခမ်းအနားသို့ ပြည်နယ်အတွင်းရှိ တရားရေးအရာရှိများနှင့် တရားသူကြီးများ စုစုပေါင်း ၂၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်**

# ဟိုပင်မြို့၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်

**ဟိုပင် ဩဂုတ် ၂၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့ အမှတ် (၉၃) စက်မှုလယ်ယာစခန်းခွဲ စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ဒေသခံတောင်သူပညာပေး လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းကို ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီက စက်မှုလယ်ယာဦးစီးဌာန အမှတ် (၉၃) စက်မှုလယ်ယာစခန်းခွဲ၌ ဖွင့်လှစ်ခဲ့သည်။

ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်း တက်ရောက်အမှာစကား ပြောကြားခဲ့ပြီး သင်တန်းတွင် တစ်လုံးထိုးလက်တွန်းထွန်စက် အင်ဂျင်အမျိုးမျိုး၊ ဂီယာဘောက် အမျိုးမျိုး၊ Sonalika လေးလုံးထိုး၊ မြင်းကောင်ရေ - ၉၀၊ KUBOTA- Cobige DC-70 G စပါးရိတ်စက်တို့ဖြင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို ရက်သတ္တနှစ်ပတ်ကြာ မြို့ပေါ် လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၂ အုပ်စုတို့မှ သင်တန်းသား ၃၀ တို့အား စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

ပြည်နယ် စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဆန်းက စက်မှုလယ်ယာစနစ် အသွင်ကူးပြောင်းရေးဆိုင်ရာများနှင့် ပတ်သက်၍ ကျေးရွာများတွင် လယ်ယာလုပ်သားအင်အားရှားပါးပြီး ရာသီဥတုဖောက်ပြန်လာခြင်းတို့ကြောင့် သီးနှံများအချိန်မီ ထွန်ယက် စိုက်ပျိုးနိုင်ရန်၊ လယ်ယာသုံး စက်ကိရိယာများအား ကျွမ်းကျင်စွာကိုင်တွယ်မောင်းနှင်နိုင်ရန်နှင့် ပြုပြင်ထိန်းသိမ်းနိုင်ရေးတို့အတွက် လိုအပ်သော ကျွမ်းကျင်စက်မောင်းနှင့် စက်ပြင်လုပ်သားများ တိုးပွားလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**ဟိုပင် (ပြန်/ဆက်)**

# အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် တက်ရောက်

**နေပြည်တော် ဩဂုတ် ၂၂**

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် နေပြည်တော် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီတို့၏ ညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၁ နံနက် ၉ နာရီခွဲက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နေပြည်တော် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ နာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွေမှာ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုတွေ ဖြစ်ပေါ်လာဖို့ ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အချိန်ဖြစ်ပါကြောင်း၊ ထို့အပြင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုစီးပွားဘဝတည်ငြိမ်အေးချမ်းရေးတို့အတွက် အဓိကကျပါကြောင်း၊ အလုပ်အကိုင်နှင့် အခွင့်အလမ်းများဖန်တီးပေးနိုင်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေခြင်းနှင့် ပုဂ္ဂလိကကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကို များစွာအထောက်အကူပြုမှာဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီအဖွဲ့၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။



ယင်းနောက် နေပြည်တော် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက အေဂျင်စီအဖွဲ့၏ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီအဖွဲ့ဝင်များ၊ နေပြည်တော် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ အဖွဲ့ဝင်များက အပြန်အလှန် ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**




ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဩဂုတ် ၂၁ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိသည့် ၂၀၁၈ ခုနှစ် အာရှသက်ငယ်တန်း အားကစားပြိုင်ပွဲ (Asian Junior Sports Exchange Games -2018) တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးအောင်နှင့် အုပ်ချုပ်/နည်းပြများ၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်နှင့် မသန်စွမ်းစားပွဲတင်တင်းနစ် အားကစားသမား စုစုပေါင်း ၂၂ ဦးတို့သည် ဩဂုတ် ၂၀ ရက် ည ၁၀ နာရီ ၃၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မိဘဆွေမျိုးများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **(နေသစ်ဦး)**

# တောင်ပုံ(၅)ပေါက်တွဲ ရေတံခါးမြေထိန်းနံရံအဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီး

**မုံရွာ ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ထနောင်းတောတောင်ကျေးရွာအနီးရှိ တောင်ပုံ (၅) ပေါက်တွဲ ရေတံခါးကြီး ကြံ့ခိုင်မှုရှိစေရန်အတွက် လုပ်ဆောင်လျက်ရှိသော ကျောက်စီခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း မုံရွာမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ချင်းတွင်းမြစ်၏ ရေကြီးရေလျှံမှုကြောင့် စိုးရိမ်ရေအမှတ်အောက်ရှိ မုံရွာမြို့ပေါ်ရှိ ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာ ၁၁ ရွာ၊ ချောင်းဦးမြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာတို့အတွက် ရေကြီးရေလျှံမှုမှ ကာကွယ်ပေးရန်နှင့် မုံရွာမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေ ၅၁၅၄ ဧကနှင့် ချောင်းဦးမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေ ၂၇၄၇ ဧက တို့ကို ရေကြီးချိန်များတွင် ရေနစ်မြုပ်မှုမှကာကွယ်နိုင်ရန်၊ ရေလိုအပ်ချိန်တွင် ရေတံခါးမှ ထိန်းညှိပေးသွင်းနိုင်ရန်အတွက် တည်ဆောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"ရေတံခါးက မုံရွာနဲ့ ချောင်းဦးမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာ ၂၀ နဲ့ စိုက်ပျိုးမြေဧက ၃၂၀၀၀ ကျော်ကို ရေကြီးနစ်မြုပ်ခြင်းကနေ ကာကွယ်ပေးနိုင်တဲ့ ရေတံခါးပါ၊ ဘဏ္ဍာနှစ်အလိုက် ရေတံခါးကြံ့ခိုင်ရေးအတွက် ပြုပြင်မှုတွေ လုပ်ဆောင်ပေးခဲ့တာ အခုဘဏ္ဍာနှစ်မှာတော့ ရေထိန်းတံခါးအတွင်းပိုင်း ကြံ့ခိုင်ရေးအတွက် လုပ်ဆောင်ပေးတာပါ" ဟု မုံရွာမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ တောင်ပုံ (၅) ပေါက်တွဲရေတံခါးအတွင်းပိုင်း ကျောက်စီခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် အလျား ၁၀၄ ပေ၊ အနံ ၂၂ ပေ ကျောက်ရိုးစီလုပ်ငန်းကို ယခုနှစ်ဇွန် ၂၀ ရက်မှ စတင်လုပ်ဆောင်ခဲ့ရာ ဩဂုတ် ၁၄ ရက်တွင် ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း မုံရွာမြို့နယ် ဆည်မြောင်းနှင် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# သရက်စိုက်ပျိုးထုတ်လုပ်ထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲကျင်းပ

**မြစ်ကြီးနား ဩဂုတ် ၂၂**
ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ သရက်စိုက်ပျိုးထုတ်လုပ်နည်း သင်တန်းဖွင့်လှစ်ခြင်းအခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၇ နာရီက မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ကချင်ပြည်နယ် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်းက မြန်မာနိုင်ငံအတွင်း သီးနှံ ၁၆ မျိုးတွင် သရက်ပါဝင်ပါကြောင်း၊မြန်မာနိုင်ငံအတွင်း သရက်အမျိုးပေါင်း ၁၉၃မျိုးရှိသည့်အနက် စီးပွားဖြစ်စိုက်ပျိုးမှုအား စိန်တစ်လုံး၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ ပတ္တမြားငမောက်မျိုးများသာ စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးသည့် သရက်များအား အောင်မြင်ဖြစ် ထွန်းစွာစိုက်ပျိုးထုတ်လုပ်နိုင်ရန် သင်တန်းဖွင့်လှစ်ကြောင်း ပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာန မြစ်သားမြို့နယ် မြနဒီ သရက်စိုက်ပျိုးရေးခြံ ဦးစီးအရာရှိ ဦးစောဇော်ဇော်ဂျိမ်းနှင့် တာဝန်ရှိသူများက သရက်မျိုးကောင်းမျိုးသန့် ရွေးချယ်ခြင်း၊ ကိုင်းကူးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဘာသာရပ်များအား စာတွေ့လက်တွေ့ ဆွေးနွေးသင်ကြားသွားမည်ဖြစ်ကာ ပြည်နယ်အတွင်းရှိ မြစ်ကြီးနား၊ မိုးညှင်းနှင့် ဗန်းမော်ခရိုင်များအတွင်းမှ သရက်စိုက်ပျိုးသူ တောင်သူ ၆၅ ဦး တက်ရောက်ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

# မျိုးဆက်ပွားကျန်းမာရေး မြှင့်တင်ခြင်းဆိုင်ရာစီမံချက်အသိပညာပေးဆွေးနွေးပွဲ နေပြည်တော်တွင်ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၂**
မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် IPPF တို့ပူးပေါင်းကျင်းပသော မျိုးဆက်ပွားကျန်းမာရေး မြှင့်တင်ခြင်းဆိုင်ရာစီမံချက် အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီခွဲက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သုခမလမ်းရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာလှမြသွေးအိန္ဒြာက မျိုးဆက်ပွားကျန်းမာရေးနှင့် ထောင်စုနှစ်ရည်မှန်းချက်များ ဆက်စပ်မှုအကြောင်း ပညာပေးဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း IPPF စီမံချက်ဌာနမှ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာမေချမ်းဦးက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် IPPF တို့ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မျိုးဆက်ပွားကျန်းမာရေးမြှင့်တင်ခြင်းလုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**သူရိန်ထွန်း (ပဲခူး)**

# စေတုတ္တရာမြို့နယ်၌လူငယ်တို့၏စာရိတ္တ၊စည်းကမ်းနှင့် ခေါင်းဆောင်မှုခေါင်းစဉ်ဖြင့် စကားဝိုင်းကျင်းပ

**စေတုတ္တရာ ဩဂုတ် ၂၂**
မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့ အခြေခံပညာအထက်တန်းကျောင်းအစည်းအဝေးခန်းမ၌ ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီခွဲက လူငယ်တို့၏ စာရိတ္တ၊ စည်းကမ်းနှင့် ခေါင်းဆောင်မှုခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပသည်။

စေတုတ္တရာမြို့နယ် မဲဆန္ဒနယ်မြေ (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦးက ပြည်သူ့စကားဝိုင်းစီစဉ်ကျင်းပပေးမှုအပေါ် ဂုဏ်ပြုစကားပြောကြားပြီး စေတုတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သိမ့်သိမ့်လွင်က ဒီမိုကရေစီခေတ်တွင် အစိုးရနှင့် ပြည်သူများအကြား ဆွေးနွေးတိုင်ပင်နိုင်ရန်၊ ပြည်သူ့တို့၏ ဘဝဖြတ်သန်းမှုအကြောင်းကိစ္စများ ဆွေးနွေးပြောကြားနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊ လူထု၏ စဉ်းစားတွေးခေါ်မှုမြင့်မားလာစေရန်နှင့် အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သောအလေ့အကျင့်ကောင်းများ လေ့ကျင့်ပေးနိုင်ရန်ရည်ရွယ်၍ ပြည်သူ့စကားဝိုင်း ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် “လူငယ်တို့၏ စာရိတ္တ၊ စည်းကမ်းနှင့် ခေါင်းဆောင်မှု” ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးသော စေတုတ္တရာမြို့နယ် မဲဆန္ဒနယ်မြေ(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦး၊ စေတုတ္တရာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၊ မြို့နယ်ဥပဒေအရာရှိ ဦးကျော်သိန်းဝင်း၊ မြို့နယ် လ. ဝ. က ဦးစီးမှူး ဦးဖေမောင်တင်၊ မြို့နယ်ပညာရေးမှူး ဦးသောင်းစိန်နှင့် စေတုတ္တရာ အထကကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာသက်တို့က ကျောင်းသား ကျောင်းသူများ အကျင့်စာရိတ္တကောင်းမွန်သော လူရည်မွန်ကောင်းများဖြစ်လာစေရန် စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ၊ လူနေမှုစနစ်မြင့်မားစေရန် စည်းကမ်းရှိရှိနေထိုင်ပြောဆို ပြုမူနေထိုင်သွားရန်အချက်များနှင့် ခေါင်းဆောင်မှုကောင်းအရည်အချင်းပြည့်ဝစေရန် ကျင့်ကြံလုပ်ဆောင်ရမည့်နည်းစနစ်များကို ပညာပေးရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း နာရေးထောက်ပံ့ငွေပေးအပ်



**ရန်ကုန် ဩဂုတ် ၂၂**
သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း နာယကကြီး ဗိုလ်မှူးကြီး ခင်မောင်အေး (ငြိမ်း )အသက် ၈၈ နှစ်၊ စာရေးဆရာ ခင်မောင်အေး(မန္တလေး) (သတင်းနှင့်စာနယ်ဇင်း ကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း) ကွယ်လွန်သည့်အတွက် ကျန်ရစ်သူမိသားစုနေအိမ်သို့ ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက အသင်း ဥက္ကဋ္ဌဦးမြင့်ဆွေ (စာတည်းမှူးချုပ်-ငြိမ်း၊ ကြေးမုံ)နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက သွားရောက်၍ အားပေးစကားပြောကြားကာ အသင်းမှ ထောက်ပံ့ငွေကျပ်တစ်သိန်းအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

တိုတိုထွာထွာဖတ်စရာ

## ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် သတိပြုမောင်းနှင်

**ရေတာရှည်**
မိုးရွာသွန်းမှုများပြားသော ဇူလိုင်လအတွင်း ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် ယာဉ်မတော်တဆမှုများဖြစ်ပွားရာတွင် မိုးရွာနေချိန်နှင့် မိုးရွာပြီးစအချိန်များ၌ အဖြစ်များကြောင်း အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လမ်းကြောင်းတစ်လျှောက် မိုးများလွန်းသည့်အခါ ယာဉ်မောင်းနှင်စဉ် ရေဝပ်သည့်နေရာများကို ဖြတ်မိသည့်အခါ လမ်းကြောင်းပြောင်းကာ ရွှေ့လျားတတ်သည့်အတွက် ယာဉ်မောင်းများအနေဖြင့် အထူးဂရုပြုကြရန်လိုအပ်ကာ လတ်တလောယာဉ်မတော်တဆမှုဖြစ်စဉ်များတွင် မိုးရွာပြီးစအချိန်များဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ကိုလွင်(ဆွာ)**

## ကျောက်ပန်းတောင်း၌ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးစနစ် ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏စီစဉ်မှုဖြင့် ကျေးရွာစွန့်ပစ်အမှိုက်များစီမံခန့်ခွဲရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာများကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ကျေးရွာအတွင်း အိမ်ထောင်စုတစ်စုလျှင် အမှိုက်ကျင်းတစ်ကျင်းတူးဖော်ထားရှိမှုအခြေအနေနှင့် မဆွေးမြည့်နိုင်သော အမှိုက်များအား ခွဲခြားသိမ်းဆည်းပြီး ကျေးရွာအပြင် အမှိုက်ကျင်းသို့ ပို့ဆောင်စွန့်ပစ်မှုအခြေအနေနှင့် စွန့်ပစ်အမှိုက်များအား ပြန်လည်အသုံးပြုနိုင်ရန် ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## မိုင်းဆတ်မြို့ လူထုအခြေပြုဗဟိုဌာန၌ ဉာဏ်စမ်းပြိုင်ပွဲကျင်းပ

**မိုင်းဆတ်**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်လာစေရန် အလယ်တန်းအဆင့် ဉာဏ်စမ်းပြိုင်ပွဲကို ဩဂုတ် ၂၁ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။ အဆိုပါဉာဏ်စမ်းပြိုင်ပွဲတွင် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကျိုက်မရော၌ ကျွဲကောသီးများလှိုင်လှိုင်ထွက်သော်လည်း ဈေးကွက်မရှိ

**ကျိုက်မရော**
မွန်ပြည်နယ် ကျိုက်မရောဒေသထွက် ကျွဲကောသီး (ကျောက်စိမ်း) အမျိုးအစားများ ယခုလ မိုးကောင်းသဖြင့် အသီးလှိုင်လှိုင်ထွက်နေသော်လည်း ဝယ်ယူမည့်ဈေးကွက်မရှိ၍ ခြံချုပ်ပြီး ရောင်းနေရကြောင်း၊ အသီးများကို ရန်ကုန်-မန္တလေး စသည့်မြို့ကြီးများသို့ ကားဖြင့်ကိုယ်တိုင်သွားရောက်ရောင်းချရာတွင် အနည်းငယ်အဆင်ပြေကြောင်း ခြံပိုင်ရှင်ဦးစိုးမြင့်က ပြောသည်။

ကျိုက်မရောကျွဲကောသီးတွင် အဖြူသီးနှင့် ပန်းရောင်သီးနှစ်မျိုးရှိပြီး အဖြူသီးမှာ အချိုစူး၍ လူကြိုက်များကြောင်း၊ သို့သော် ယခုနှစ်တွင် ဈေးကွက်မရှိ၍ ယခုလို ခြံချုပ်ပြီး ရောင်းချရကြောင်း၊ တစ်ရာသီခြံချုပ်လျှင် သိန်းရာနှင့်ချီရသော်လည်း အကျိုးအမြတ်နည်းကြောင်း ခြံပိုင်ရှင်ထံမှ သိရသည်။ **ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**

## သုံးခွမြို့နယ်တွင် ကျောင်းအခြေပြု မီးဘေးလုံခြုံရေးအသိပညာပေး

**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဇွဲထော်ကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများအား ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီက ကျောင်းအခြေပြုမီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

မြို့နယ်လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝေယံအောင်က မီးဘေးအန္တရာယ်သည် ပေါ့ဆစွာအသုံးပြုပါက ရာသီမရွေးဖြစ်ပွားနိုင်သဖြင့် မီးဘေးလုံခြုံရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးဘေးအန္တရာယ်မဖြစ်ပွားအောင် ကြိုတင်ကာကွယ်နိုင်မည့်နည်းလမ်းများကိုလည်းကောင်း၊ မီးလောင်မှုဖြစ်ပွားပါက ဆောင်ရွက်ရမည့်အချက်များကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**



ဩဂုတ် ၂၁ ရက်က လသာမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းနိုင်က အမှတ် (၁၀) ရပ်ကွက် အထက (၂) ကျောင်းသူ ၄၅၀ ခန့်ကို သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် မှုခင်းအသိပညာပေး ဟောပြောနေစဉ်။

မီးမီး(လှိုင်)

# အကောင်းဆုံးမျက်နှာသစ်တေးသံရှင်ဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ ကာဒီဘီ



အမျိုးသမီးရက်ပ်တေးသံရှင်တစ်ဦးဖြစ်သူ ကာဒီဘီကတော့ လတ်တလောမှာ ကျင်းပခဲ့တဲ့ "MTV Video and Music Awards" ဆုပေးပွဲကြီးမှာ ယခုနှစ်အတွက် အကောင်းဆုံးမျက်နှာသစ်တေးသံရှင်ဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် သူဟာ အဆိုပါဆုပေးပွဲကို မကြာသေးမီကမှ မွေးဖွားခဲ့တဲ့ သမီးလေးကိုပါ အတူခေါ်ဆောင်လာခဲ့ကြောင်း အမ်တီဗွီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ကာဒီဘီဟာ အနုပညာခရီးအစမှာပင် အချိန်တိုအတွင်း အောင်မြင်လာခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ လူသိများတဲ့တေးသံရှင်တစ်ဦးဖြစ်လာခဲ့ပြီးနောက် ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာချိန်မှာတော့ အဆိုးမြင်တဲ့ ဝေဖန်မှုတွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အချို့ပရိသတ်တွေက တေးသံရှင်ဟာ အနုပညာလမ်းကြောင်းပေါ် ကောင်းစွာခြေမချရမီမှာပင် ကလေးမွေးဖို့ရာ စဉ်းစားနေကြောင်း၊ ဒီလိုအပြုအမူဟာ သူ့ရဲ့ အနုပညာခရီးကို ဖျက်ဆီးရာရောက်ကြောင်း ပြောဆိုခဲ့ကြပါတယ်။ ဒီလို သူ့ကို ဝေဖန်ခဲ့သူတွေကို ကာဒီဘီက ဆုလက်ခံရယူအပြီး အမှတ်တရစကားပြောကြားစဉ်မှာ ပြန်လည်ချေပခဲ့တာကိုလည်း တွေ့ရပါတယ်။

တေးသံရှင် ကာဒီဘီက ဆုပေးပွဲစင်မြင့်ထက် အမှတ်တရစကားပြောကြားချိန်မှာ မကြာသေးမီကမှ မွေးဖွားခဲ့တဲ့ သမီးဖြစ်သူကို စင်မြင့်ထက်ဆီ ချီလာကာ သူက "လွန်ခဲ့တဲ့ နှစ်လလောက်က လူတွေက ကျွန်မကို အနုပညာခရီးကို အလောင်းအစားလိုမျိုး လုပ်နေတာလား၊ မင်းကလေးတစ်ယောက် ရတော့မယ်၊ ဘာလုပ်မှာလဲ စသဖြင့် ဝေဖန်ခဲ့ကြပါတယ်။ ဒါပေမယ့် ဒီလိုပြောကြားခဲ့တဲ့သူတွေ သိစေဖို့က ကျွန်မမှာ ကလေးတစ်ယောက်ရှိနေပါပြီ၊ ကျွန်မ ကလေးကို စင်မြင့်ပေါ်လည်း ခေါ်ဆောင်လာခဲ့ပါပြီ။ ဒ့ါအပြင် အခုတော့ ကျွန်မ ထူးချွန်ဆုကိုလည်း သိမ်းပိုက်နိုင်ခဲ့ပါပြီ"လို့ ထည့်သွင်းပြောကြားသွားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

အခမ်းအနားကို ကာဒီဘီရဲ့ ခင်ပွန်းဖြစ်သူ တေးသံရှင် အော့ဖ်ဆက်လည်း အတူတက်ရောက်ခဲ့ပြီး ကာဒီဘီက အထက်ပါအတိုင်း ပြောကြားခဲ့ရာမှာတော့ လူအုပ်ကြားထဲမှာရှိနေတဲ့ ခင်ပွန်းဖြစ်သူကလည်း လက်ခုပ်တီးကာ အားပေးခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ကာဒီဘီက သူ့ရဲ့ အောင်မြင်မှုအတွက် မိသားစုဝင်တွေ၊ သူငယ်ချင်းတွေ၊ ပရိသတ်တွေကို ကျေးဇူးတင်ကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

အေးပြည့် ရေးသားသည်

# လူတွေဟာ ဝေဖန်ဆုံးဖြတ်တာ မြန်လွန်းတယ်လို့ ဆိုလိုက်တဲ့ မက်ဒေါနား



အသက် ၆၀ ပြည့်ခဲ့ပြီဖြစ်တဲ့ ပေ့ါပ်ကြယ်ပွင့် မက်ဒေါနားက လတ်တလောမှာ ကျင်းပခဲ့တဲ့ တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ "MTV Video and Music Awards"မှာ သူပြောကြားခဲ့တဲ့ အမှတ်တရဂုဏ်ပြုစကားနဲ့ပတ်သက်ပြီး ဝေဖန်ခဲ့ကြတဲ့အပေါ် လတ်တလောမှာတော့ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေ ပြန်လည်တုံ့ပြန်ခဲ့တာဖြစ်ပါတယ်။ ဒီလို ပြန်လည်ရှင်းလင်းရာမှာတော့ တေးသံရှင်က လူတွေဟာ အကြောင်းအရာတစ်ခုအပေါ် ဝေဖန်တာမြန်လွန်းတယ်လို့ ထည့်သွင်းရေးသားဖော်ပြခဲ့ကြောင်း မစ်ရာဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ် ၂၀ ရက် ညပိုင်းမှာ အမေရိကန်နိုင်ငံမှာကျင်းပခဲ့တဲ့ "MTV Video and Music Awards" ဆုပေးပွဲမှာ မက်ဒေါနားဟာ ဂန္ထဝင်တေးသံရှင်တစ်ဦးဖြစ်သူ အရီသာဖရန်ကလင်အတွက် အမှတ်တရဂုဏ်ပြုစကားပြောကြားပေးခဲ့ရတာ ဖြစ်ပါတယ်။ ဒီလိုပြောကြားရာမှာ မက်ဒေါနားဟာ အရီသာဖရန်ကလင်ကို ချီးကျူးပြောဆိုခြင်းထက် သူ့ရဲ့အကြောင်းတွေကိုသာ ပြောကြားသွားကြောင်း ဆုပေးပွဲအပြီးမှာ ပရိသတ်တွေက ဝေဖန်ကြကာ လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြတာ ဖြစ်ပါတယ်။

ဒီလိုဝေဖန်ခံခဲ့ရပြီးတဲ့နောက် မက်ဒေါနားက သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ပြန်လည်ရှင်းလင်းခဲ့ပါတယ်။ သူက ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ပန်းကရိယကင်ဆာရောဂါဖြင့် ကွယ်လွန်သွားသူ အရီသာဖရန်ကလင်အတွက် အမှတ်တရ ဂုဏ်ပြုစကားပြောကြားပေးရမှာကို ကြိုတင်သိရှိထားခြင်းမရှိကြောင်း၊ ဆုပေးပွဲကျင်းပသူတွေက ဆုပေးပွဲညမှာ ယခုနှစ်ရဲ့ အကောင်းဆုံးဗီဒီယိုဆုရရှိသူကို ဆုချီးမြှင့်ပေးဖို့ရာ ကမ်းလှမ်းခဲ့ပြီး တစ်ဆက်တည်းမှာပင် အရီသာဖရန်ကလင်နဲ့ပတ်သက်တဲ့ သူ့ရဲ့အမှတ်တရတွေကို မျှဝေပေးစေလိုကြောင်း ကမ်းလှမ်းလာခဲ့ကြောင်း၊ ဒါကြောင့် သူ့အနေနဲ့ အရီသာဖရန်ကလင်နဲ့ပတ်သက်ပြီး မှတ်မှတ်ရရရှိခဲ့သည်များနဲ့ သူ့ရဲ့ ခံစားချက်တွေကို ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းလင်းခဲ့ပါတယ်။

ဒ့ါအပြင် မက်ဒေါနားက အချို့သောလူတွေဟာ သေချာလေ့လာခြင်းမရှိဘဲ ဝေဖန်ဆုံးဖြတ်ရာမှာတော့ အလွန်ကို မြန်ဆန်လွန်းတယ်လို့လည်း ထည့်သွင်းရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။ ဒီလိုဖော်ပြပြီး အချိန်တိုအတွင်းမှာပင် ဒီရေးသားဖော်ပြမှုကို ကြိုက်နှစ်သက်မှုအကြိမ်ပေါင်း ၈၅၀၀၀ ခန့် ရှိခဲ့ပြီး အကောင်းမြင်တဲ့ဘက်က ဝေဖန်မှုတွေကိုလည်း အောက်မှာ ပြန်လည်ရေးသားဖော်ပြခဲ့ကြကြောင်းလည်း သိရပါတယ်။

## သူတို့နှစ်ဦးနှင့် ကျွန်တော်

စာမျက်နှာ ၁၅ မှ

Mr. Helmut အား မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ လိုက်လံ ပို့ဆောင်နှုတ်ဆက်ပြီး သူနှင့် သူ့ဇနီးအတွက် အမှတ်တရကျောက်စိမ်းလက်ကောက်နှစ်ကွင်း ပေးအပ်ရာ ချက်ချင်းပင် သူ၏ လက်ကောက်ဝတ်တွင် ဝတ်ဆင်ပြီး ကျွန်တော့်အား ကျန်းမာရေးကောင်းမွန်ပါက နောက်တစ်ခေါက်မိသားစုနှင့် ပြန်လာဦးမည်ဖြစ်ကြောင်း၊ လှိုက်လှိုက်လှဲလှဲ အထပ်ထပ်အခါခါပြောဆိုသည်။ ကျွန်တော်ကလည်း မြန်မာနိုင်ငံအပေါ် အမြင်လွဲမှားနေသော အမြင်များအပေါ် ယခုလာရောက်သော ခရီးစဉ်များအရ မျက်မြင်တွေ့ကြုံရပြီဖြစ်၍ မိသားစု၊ သူငယ်ချင်း၊ မိတ်ဆွေများနှင့် တပည့်များကို ထပ်ဆင့်ပြောပြပေးဖို့ လေးလေးနက်နက်မေတ္တာရပ်ခံလိုပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားဒီပလိုမာသင်တန်းကျောင်း ဖြစ်မြောက်ရေးအတွက် ထပ်မံလာရောက်နိုင်မယ်လို့ ယုံကြည်ပါကြောင်း၊ ကြိုဆိုပါကြောင်း၊ ပြန်လည်ဆုံတွေ့ကြမည်ဖြစ်ကြောင်း၊ လမ်းခရီးဖြောင့်ဖြူးပါစေကြောင်း ပြောကြားရင်း နှုတ်ဆက်ခွဲခွာခဲ့ကြသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံ၏ အေးချမ်းသာယာလှပမှု၊ မြန်မာလူမျိုးတို့၏ စိတ်သဘောထား ဖြူစင်ဖော်ရွေမှု၊ ဧည့်သည်အပေါ် ဧည့်ဝတ်ကျေပွန်မှုများအပေါ် အသိအမှတ်ပြုဝန်ခံလာခြင်းနှင့် ဟိုတယ်နှင့် ခရီးသွားဘာသာရပ်ဒီပလိုမာသင်တန်းကျောင်းတည်ဆောက်နိုင်ရေးအတွက် (၀) ဇီးရိုးအဆင့်မှ (+) အပေါင်းလက္ခဏာဆောင်လာရုံသာမက တည်ထောင်သင့်သည်ဟု Mr. Ehlers က မှတ်ချက်ပြုဝန်ခံလာပြီဖြစ်၍ တနင်္သာရီတိုင်းဒေသကြီးတွင် ဖြစ်ထွန်းလာမည့် ဟိုတယ်နှင့် ခရီးသွားဘာသာရပ် ဒီပလိုမာသင်တန်းကျောင်းအတွက် ကြိုတင်ရင်ခုန်မိသလို Mr. Ehlers နှင့် Mr. Helmut တို့မှတစ်ဆင့် ၎င်းတို့၏ မိသားစု၊ မိတ်ဆွေ၊ တပည့်များထံသို့ ထပ်ဆင့်ရောက်ရှိသွားမည့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာလှပမှုသတင်းကောင်းများအတွက်လည်း ကျေနပ်မိသည်။

Mr. Ehlers က ဟိုတယ်နှင့်ခရီးသွားဘာသာရပ်ဆိုင်ရာ ဒီပလိုမာသင်တန်းကျောင်း၏ အခွင့်အလမ်းအခြေအနေကို ပြောနေရင်းတစ်ဆက်တည်းပင် . . .

အခု အင်းလေးကန်ထဲက Inlay Heritage ကို လေ့လာတဲ့အခါ လူငယ်တွေရဲ့ ဘဝရှေ့ရေးအတွက် အခိုင်အမာပြင်ဆင်ပေးထားတဲ့ ရေရှည်စီမံကိန်းချမှတ်ထားရှိမှုကို တွေ့ရတယ်။ စနစ်တကျ စီမံခန့်ခွဲမှုနဲ့အတူ သင်တန်းသားတွေကို စာတွေ့၊ လက်တွေ့အပြင် စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်ပျိုးထောင်မှု၊ တစ်ဦးချင်းစီရဲ့ ဖန်တီးနိုင်မှု၊ စိတ်ကူးစိတ်သန်းပုံဖော်ခွင့်တွေကို ဆောင်ရွက်နိုင်ခွင့်ပေးထားတာတွေဟာ တကယ့်ကို အတုယူစရာကောင်းတယ်ဗျာ၊ နောက်တစ်ကြိမ် ဒီပလိုမာသင်တန်းကျောင်းကိစ္စအတွက် ထပ်မံလာရောက်တဲ့အခါ ကျွန်တော့်ကျောင်းသားတွေကိုလည်း ဒီကိုခေါ်လာပြီး လေ့လာစေဦးမယ်ဗျာ။

မြန်မာနိုင်ငံထက်များစွာသာလွန်တိုးတက်ဖွံ့ဖြိုးသော ဂျာမနီနိုင်ငံမှပင် အင်းလေးကန်ထဲမှ သင်တန်းကျောင်းလေးသို့ လာရောက်လေ့လာရန် ဖြစ်ပေါ်လာသော သူ၏စိတ်ဆန္ဒများက ကျွန်တော်တို့နိုင်ငံအတွက် ဂုဏ်ယူစရာပင်။

Feasibility Study ပြီးဆုံး၍ ကွင်းဆင်းလေ့လာဆောင်ရွက်မှု တွေ့ရှိချက်များအား Mr. Ehlers က ပြည်ထောင်စုဝန်ကြီးအား တွေ့ဆုံကာ ထားဝယ်မြို့တွင် ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း ဖွင့်လှစ်ရန်အတွက် ကူညီထောက်ပံ့ပေးနိုင်မည့်ကိစ္စများကို အသေးစိတ်တင်ပြသွားပြီး နေပြည်တော်မှ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံမှတစ်ဆင့် ဂျာမနီနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။

ကျွန်တော်မအားလပ်သဖြင့် Mr. Ehlers အား လေယာဉ်ကွင်းသို့ လိုက်ပါမပို့ဆောင်နိုင်သော်လည်း လေယာဉ်ကွင်းသို့ မထွက်ခွာမီ ကျွန်တော့်ရုံးခန်းတွင် သူနှင့် စကားပြောဖြစ်ကြသည်။

Mr. Ehlers က မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာလှည့်ခရီးသည်များ လာရောက်ရန် အခြေခံကောင်းတွေအများကြီးရှိကြောင်း၊ လူ့စွမ်းအားအတွက် အရင်းအမြစ်များ အလုံအလောက်ရှိကြောင်း၊ နေထိုင်ခဲ့ရသော ကာလအတွင်း မြန်မာလူမျိုးများ၏ စိတ်ရင်းစေတနာများကို အနီးကပ်လေ့လာခွင့်ရရှိခဲ့ကြောင်း၊ သို့အတွက် ဂျာမနီနိုင်ငံအနေဖြင့် ဟိုတယ်နှင့်ခရီးသွားဘာသာရပ် ဒီပလိုမာသင်တန်းကျောင်းတည်ထောင်နိုင်ရန် ငွေကြေး၊ နည်းပညာများကို အထောက်အပံ့ပြုနိုင်ရန် အစွမ်းကုန်ကြိုးစားပြီး ၎င်းတို့ကိုယ်တိုင်လည်း အဆိုပါသင်တန်းကျောင်းအတွက် ထပ်မံလာရောက်ဦးမှာဖြစ်ကြောင်း အထပ်ထပ်အခါခါ ပြောကြားပါသည်။

ကျွန်တော်လည်း သူနှင့်သူ့ဇနီးအတွက် အမှတ်တရလက်ဆောင်ကို ပေးအပ်ရင်း ကျွန်တော် သိချင်သော မေးခွန်းတစ်ခုကိုမေးမိသည်။ မေးရသည်ကလည်း အကြောင်းရှိသည်။ ပုဂံရောက်စဉ် မိတ်ဆွေတစ်ယောက်က ဗူးဘုရားအနားရှိ ဧရာဝတီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားသော သူ၏ Erawati Raft တွင် Sunset ကြည့်ရှုရန် ဖိတ်ကြားသဖြင့် Mr. Helmut နှင့် Mr. Ehlers တို့နှင့်အတူ Sunset ကြည့်ရှုရင်း ညစာအတူစားဖြစ်ကြသည်။

"Ehlers ခင်ဗျားတို့နဲ့ ကျွန်တော်ဧရာဝတီမြစ်ကမ်းစပ် Erawati Raft မှာ Sunset ကြည့်ကြတယ်။ ခင်ဗျားတို့ ဥရောပနိုင်ငံသားတွေဟာ ဘာဖြစ်လို့များ Sunset နဲ့ Sun Rise ကို အရမ်းနှစ်သက်ကြတာလဲ" ဟုဖြစ်သည်။

Mr. Ehlers က ကျွန်တော်မေးတာကို မဖြေသေးဘဲ ပြုံးပြီး ကျွန်တော်လက်ဆောင်ပေးတဲ့ ကျောက်စိမ်းလက်ကောက်ကို သူ့လက်မှာအရင်စွပ်သည်။ ပြီးမှ . . . "ဒါဟာ Romantic ပဲလေ" တဲ့။

သူ့ရင်ထဲဝင်အောင် ခရီးစဉ်တစ်လျှောက်လုံး ကျွန်တော်ပစ်ခဲ့သော မြားချက်များကမနည်း။ ကျွန်တော်ပစ်ခဲ့သော မြားချက်က ထိရောက်ခဲ့သလို သူပြန်ပစ်ခဲ့သော မြားကလည်း ထိရောက်ပါပေသည်။

နှုတ်ဆက်ကာ ထွက်ခွာသွားသော သူ့အားခေါ်ဆောင်သွားသည့် ကားလေးက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်ဆီသို့ တူရူသွားနေပြီ ဖြစ်သည်။

မိုးသည်းထန်မှုကြောင့် မကြာမီမြင်ကွင်းက ပျောက်ကွယ်တော့မည့် ကားနောက်ပိုင်းမီးအား ဝိုးတဝါးလှမ်းကြည့်ရင်း . . .

မြန်မာပြည်အတွက် ကောင်းကျိုးများ ဆောင်ကြဉ်းယူဆောင်ကာ Erawati Raft တွင် Romantic ခံစားဖို့ Mr. Helmut နှင့် Mr. Ehlers တို့နှစ်ဦး မိသားစုများနှင့်အတူ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်လည်ရောက်ရှိလာမည်ဟု ယုံကြည်လိုက်ပါသည်။ ။




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## EVERYDAY ENGLISH




ကျောင်းသား၊ ကျောင်းသူများ နေ့စဉ် အင်္ဂလိပ်စာလေ့ကျင့်ခန်းများကို လွယ်လင့်တကူ သင်ယူလေ့ကျင့်နိုင်ရန်အတွက် EVERYDAY ENGLISH Vol . 1 တတိယတန်းမှ အဋ္ဌမတန်းအထိ စာအုပ်များထွက်ရှိလာသည်။

ယနေ့ပညာသင်ကြားနေသည့်လူငယ်လူရွယ်များ အင်္ဂလိပ်ဘာသာတွင် အခက်အခဲမရှိစေဘဲ လွယ်လင့်တကူ လေ့ကျင့်သင်ယူနိုင်ရန် The New Light of Myanmar သတင်းစာ အယ်ဒီတာများက စနစ်သစ် သင်ရိုးညွှန်းတမ်း၊ အမှတ်ပေးစည်းမျဉ်းနှင့်အညီ ပြုစုထားသည်ကို တွေ့ရသည်။ Vol . 1 တွင် တတိယတန်းနှင့် စတုတ္ထတန်း၌ လေ့ကျင့်ခန်း (၆) အထိပါဝင်ပြီး ပဉ္စမတန်းမှ အဋ္ဌမတန်းအထိ လေ့ကျင့်ခန်း (၄) အထိကို ဖြေဆိုနည်း၊ ကိုယ်တိုင်လေ့ကျင့်နည်း၊ အထောက်အကူပြုသဒ္ဒါနှင့် အဖြေများကိုပါ ထည့်သွင်းထားသည်။ ကိုယ်တိုင်သော်လည်းကောင်း၊ ဆရာနှင့်သော်လည်းကောင်း နေ့စဉ် တစ်ခန်းချင်း ပေါ့ပေါ့ပါးပါး လေ့ကျင့်သင်ယူနိုင်သော စာအုပ်များဖြစ်သည်။

**အဆိုပါစာအုပ်များကို မာကျူရီပညာရေးဝန်ဆောင်မှုသမဝါယမအသင်း အမှတ်(၂၄၁)၊ (၃၆)လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၁– ၃၈၃၆၀၃၊ ၃၇၇၅၃၅၊ EVERYDAY ENGLISH ရုံး ဖုန်း–၀၉ ၇၃၁၀၂၃၁၃၊ ၀၉ ၃၃၆၄၄၂၀၉ က တစ်နိုင်ငံလုံးသို့ဖြန့်ချိထားပြီး အမှတ်(၅၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ မြန်မာ့အလင်းသတင်းစာ မြန်လင်းအောင်စာအုပ်ဆိုင်တွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။**

## ထိုင်ဝမ်သားများပြောတဲ့ရှီကျင့်ဖိန်




ခေါင်းဆောင်တစ်ဦးဖြစ်သော်လည်း အခွင့်ထူးခံမဟုတ်သည့် ရှီကျင့်ဖိန်အကြောင်းကို စာရေးသူ မန်းဖိုးအေး(ဝါးခယ်မ) မြန်မာပြန်ဆို စီစဉ်ထားသည့် ထိုင်ဝမ်သားများပြောတဲ့ ရှီကျင့်ဖိန်စာအုပ် ထွက်ရှိလာသည်။

ကမ္ဘာ့ခေါင်းဆောင်များ၏ လုပ်ဆောင်ချက်များအကြောင်းကို ပြောဆိုကြသည့်အခါ လက်ရှိတရုတ်နိုင်ငံခေါင်းဆောင် ရှီကျင့်ဖိန်အကြောင်းသည် ထိပ်ဆုံးက ပါဝင်နေသည်။ ရှီကျင့်ဖိန်သည် ပြည်သူလူထုအသံကို နားထောင်သည်။ ပြည်သူတို့၏ လိုအင်ဆန္ဒကို လေ့လာဖြည့်ဆည်းပေးသည့်သူတစ်ဦးဖြစ်ကာ တရုတ်ပြည်ကြီးတွင် ရင့်ကျက်နေပြီဖြစ်သည့် အကျင့်ပျက်ခြစားမှုပပျောက်စေရန် ဉာဏ်ကိုလွှာပြီး တိုက်ဖျက်သည်။ ရှီကျင့်ဖိန် ရှန်ဟိုင်းတွင် ရာထူးလက်ခံသည့်အခါ သူရမည့်အိမ်ခြံဝင်းထက် အဆမတန်ကြီးမားသည့် ခြံဝင်းတိုက်တာကြီးကိုပေးသော်လည်း လက်မခံ၊ အစစအရာရာတွင် မိမိခံစားခွင့်ကိုမခံစားဘဲ အခွင့်ထူးခံမဟုတ်သည့် ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

**စာအုပ်ကို ရတနာတင့်စာပေတိုက်၊ ခြံအမှတ်–၂၅၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၁– ၅၇၁၃၅၂၄မှ တန်ဖိုးငွေကျပ် ၆၅၀၀ ဖြင့် ဖြန့်ချိသည်။**

## အသုံးအများဆုံးစကားပြောပုံစံများ




ဆရာကြီး ဦးသန်းဖေ (ဧည့်လမ်းညွှန်) ရေးသားပြုစုထားသည့် အသုံးအများဆုံး စကားပြောပုံစံများ Most Widely Used English Dialogues အင်္ဂလိပ်စကားပြောစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် နိုင်ငံတကာသို့ သွားလာရာတွင်ဖြစ်စေ၊ ပြည်တွင်းတွင်ဖြစ်စေ အလာပ သလ္လာပ နှုတ်ဆက်စကားပြောပုံမှအစ ကျကျနန စကားပြောပုံစံတို့ကို ရေးသားထားသည်။ လူမှုဆက်ဆံရေးနယ်စုံမှ စကားပြောအကြောင်းအရာ ၅၈ မျိုးပါဝင်ပြီး ပုံမှန် တစ်ဦးနှင့်တစ်ဦး စကားပြောပုံစံသာမက အင်္ဂလိပ်စာနှင့် လုပ်ငန်းသဘာဝနှင့် သက်ဆိုင်သည့် အင်္ဂလိပ်စကားပြောဗဟုသုတများကိုပါ ရရှိစေမည်ဖြစ်သည်။ လုပ်ငန်းအရဖြစ်စေ၊ ခရီးသွားဟန်လွှဲဖြစ်စေ အလွယ်တကူလေ့လာနိုင်မည့် စာအုပ်ဖြစ်သည်။ ယင်းစာအုပ်သည် နိုင်ငံခြားသွားမည့်သူများ၊ ဧည့်လမ်းညွှန်ဖြစ်လိုသူများနှင့် အင်္ဂလိပ်စကားပြောကို အမှန်တကယ်တတ်ကျွမ်းလိုသူများအတွက် ရည်ရွယ်ပြုစုထားသော စာအုပ်ဖြစ်သည်။

**စာအုပ်ကို အောင်ပိုင်မင်းစာပေ၊ အမှတ် ၂၂၂၊ စက်ရုံလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉၂၆၀၅၄၉၀၈၅မှ ဖြန့်ချိထားသည်။**

## ကျွန်တော်လေယာဉ်ပျံမောင်းခွင့်ရပြီ




လေယာဉ်မှူးကြီးသိန်းဇော် ရေးသားပြုစုထားသည့် ကျွန်တော်လေယာဉ်ပျံမောင်းခွင့်ရပြီနှင့် အမှတ်တရ ရသစာစုများ စာအုပ်ထွက်ရှိလာသည်။

ထိုစာအုပ်တွင် သဘောကောင်း မနောကောင်း တောကျောင်းက ကျွန်တော်၊ နေတတ်ထိုင်တတ် ပြောတတ်ဆိုတတ်လျှင်၊ သံသရာခရီးသည်၊ ကာလဒေသ အမြင်အသိ၊ ဆုံခဲ့ဖူးသည့် စားတော်ကဲကြီးတစ်ယောက်အကြောင်း၊ ကမ်းခြေမှာ အပန်းဖြေရာဝယ်၊ ဆိုးရွားသောရာသီဥတုကို ရှောင်ရှားခြင်းနှင့် ကန့်သတ်ချက် စသည်ဖြင့် အမှတ်တရစာစု ၂၇ ပုဒ် ပါရှိသည်။ အဆိုပါစာအုပ်ကို လေယာဉ်မှူးကြီးသိန်းဇော်က သူ၏ဘဝအတွေ့အကြုံ၊ သူ၏ဘဝခံစားချက်များကို ပေါင်းစပ်ကာ ပေါ့ပေါ့ပါးပါး အသိအမြင်ဗဟုသုတများနှင့် ခံစားမှုရသများ ရရှိစေရန်ရည်ရွယ်၍ ဝတ္ထုတို၊ ဆောင်းပါးအသွင် စာစုများအဖြစ် တစ်ပုဒ်တစ်မျိုး မရိုးနိုင်ဘဲ ဖတ်ရှုနိုင်ရန် ရေးသားထားသည်။ မြေပြင်တွင် ပျော်ပျော်ရွှင်ရွှင် အေးအေးဆေးဆေး နေထိုင်တတ်သလောက်၊ ကောင်းကင်တွင် သိမ်းငှက်တစ်ကောင်ကဲ့သို့ သွက်လက်လှုပ်ရှား မာန်ဟုန်ပြင်းသော ခံစားမှုများပါရှိသည်။

**စာအုပ်ကို ပထမအကြိမ်အဖြစ် ရန်ကုန်မြို့နှင့် အမြို့မြို့အနယ်နယ်စာအုပ်ဆိုင်များတွင် အလွယ်တကူ ဝယ်ယူနိုင်အောင် ဖြန့်ချိထားသည်။**

## လူငယ့်အားမာန် စာစီစာကုံးများ




ကျောင်းပညာသင်ကြားနေကြသည့် ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးသူ ယောနကဘိုးထောင်စီစဉ်ရေးသားသည့် လူငယ့်အားမာန် စာစီစာကုံးများစာအုပ် ထွက်ရှိလာသည်။

လူငယ်များသည် ဖြူစင်ခြင်း၊ ရိုးသားခြင်း၊ တက်ကြွခြင်း၊ ရဲရင့်ခြင်း၊ ဇွဲရှိခြင်း စသည့် ကောင်းမြတ်သောအရည်အသွေးများ ရှိကြသည်။ယနေ့ခေတ်လူငယ်တို့သည် နောင်တစ်ချိန်တွင် လူကြီးများဖြစ်လာကာ နေရာဒေသအသီးသီးတွင် တာဝန်ယူကြရမည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များသည် အရည်အချင်းများရှိရန် လိုသည်။ အရည်အချင်းများပြည့်စုံမှသာ နိုင်ငံ့တာဝန်များကို မှန်ကန်တိုးတက်အောင် လုပ်ဆောင်နိုင်ကြမည် ဖြစ်သည်။ လူငယ်များ တိုးတက်လျှင် အနာဂတ်ကာလသည် တိုးတက်မည်ဖြစ်ပြီး နိုင်ငံတော်ကြီးသည်လည်း တိုးတက်မည်ဖြစ်သည်။ ယနေ့မြန်မာနိုင်ငံနှင့် ကမ္ဘာကြီးတို့၏ တိုတက်ပြောင်းလဲမှုများကို မျက်ခြည်မပြတ် လေ့လာသင်ယူနေကြရမည်ဖြစ်သည်။

**စာအုပ်ကို မိတ်ဆွေစာပေ၊ အမှတ်–၆၁၊ ဘုရင့်နောင်လမ်း၊ ရတနာလမ်းထိပ်၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း–၀၉–၂၅၀၆၆၁၃၀၃ နှင့် ၀၉–၇၉၉၇၄၃၃၉၃ တို့မှ ဖြန့်ချိထားသည်။**

## နိုင်ငံသားတိုင်း စဉ်းစားစွမ်းရည်ဖွံ့ဖြိုးရေး




ဦးသန်းဖေ (ဧည့်လမ်းညွှန်) ရေးသားပြုစုထားသည့် နိုင်ငံသားတိုင်း စဉ်းစားစွမ်းရည်ဖွံ့ဖြိုးရေး စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် စဉ်းစားစွမ်းရည်ဆိုတာ၊ သန္ဓေသားရဲ့ အာဟာရ၊ သတိ-တမံ ဉာဏ်မြေကတုတ်၊ ချွေတာခြင်းနှင့် ကပ်စေးနှဲခြင်း၊ လယ်သမားဘဝအကြွေးကင်းရေး၊ ပညာမဲ့လက်မှတ် ပိုင်ရှင်ကြီးများ စသည့် အကြောင်းအရာ ၃၈ ခု ပါရှိသည်။ ယင်းစာအုပ်သည် အသိဉာဏ်ပညာ တိုးပွားရေးအတွက် လေ့လာဆည်းပူးနေကြသောသူများ စဉ်းစားစွမ်းရည်ဖွံ့ဖြိုးရေး၊ အသုံးချမှုနှင့် တန်ဖိုးဆိုင်ရာတို့ကို သိရှိနားလည်နိုင်ရန် စနစ်တကျတင်ပြထားသော စာအုပ်ဖြစ်သည်။ လက်ဆင့်ကမ်းပေးဝေ စာနာတတ်သောလူကြီးများ၊ သားသမီးချစ်သော မိဘများ၊ တပည့်အကျော်အမော် မွေးထုတ်ချင်သော ဆရာများနှင့် ကျောင်းသား၊ ကျောင်းသူ လူငယ်များအတွက် လက်စွဲအဖြစ် သုံးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း စာရေးသူက ဖွင့်ဆိုထားသည်။

**စာအုပ်ကို ဆုစာအုပ်တိုက်၊ အမှတ် ၂၄၄– ၂၄၆၊ အခန်း ၃၀၅ ဘီ၊ ပင်လုံထိပ်ထားတာဝါ၊ ပန်းဆိုးတန်းလမ်း (အထက်) ရန်ကုန်၊ ဖုန်း–၀၉ ၅၁၃၀၃၃၀ မှ ဖြန့်ချိလိုက်ကြောင်းသိရသည်။**

## လွယ်ကူလေ့လာဖုန်းရွှေပညာ




လူမှုဘဝတွင် ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ အောင်မြင်ကျော်ကြားခြင်း၊ ပျော်ရွှင်ခြင်းများရရှိနိုင်စေရန် စာရေးသူဟိန်းလတ် စီစဉ်ရေးသားသည့် လွယ်ကူလေ့လာ ဖုန်းရွှေပညာ စာအုပ်ထွက်ရှိလာသည်။

စာရေးသူသည် ဖုန်းရွှေပညာကို မြန်မာနိုင်ငံတွင် ပထမဆုံး စတင်မိတ်ဆက်ပေးသူဖြစ်ပြီး ဖုန်းဆိုသည်မှာ ဘုန်းသမ္ဘာကိုဆိုလိုခြင်းဖြစ်ပြီး ရွှေဆိုသည်ကား မွန်မြတ်တန်ဖိုးရှိသည့် နိမိတ်ကိုဆောင်သောကြောင့် ဖုန်းရွှေဟု နာမည်ပေးခြင်းဖြစ်ကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။ ယုံကြည်မှုဆိုသည့်စကားသည် ယုံမှကြည်သည်ဆိုသည့် သဘောတရားပင်ဖြစ်သည်။ မိမိပြုလုပ်မည့် အလုပ်တစ်ခုကို မယုံမကြည် သံသယဖြင့် မလုပ်သင့်ကြောင်း၊ ချမ်းသာခြင်း၊ ချစ်ခြင်းမေတ္တာ၊ ကံကောင်းပျော်ရွှင်ခြင်း၊ ကျန်းမာရေးစသည့် ကုထုံးတွေကို အပိုင်းလေးပိုင်းခွဲထားပြီး ဆယ်မိနစ် သို့မဟုတ် ဆယ်မိနစ်မပြည့်မီ လုပ်ဆောင်နိုင်သောကုထုံးများကို ရေးသားထားသောကြောင့် အိမ်တိုင်းဆောင်ထားသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို မချိုမစာပေ၊ အမှတ်–၃၂၇(ပထမထပ်–ဝဲ)၊ ၃၉လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၁–၈၃၉၂၈၃၅ နှင့် ၀၉–၇၇၃၇၇၄၇၃၃ တို့မှ ဖြန့်ချိသည်။**

## လက်တွေ့အသုံးချ ဂျပန်စကားပြော




ဂျပန်စကားပြောလေ့လာလိုသူများအတွက် စာရေးသူ တအိချောစံ (Taichosan) စီစဉ်ရေးသားသည့် လက်တွေ့အသုံးချ ဂျပန်စကားပြော စာအုပ် ထွက်ရှိလာသည်။

ဂျပန်နိုင်ငံသို့ သွားရောက်မည့် ဝန်ထမ်းများ၊ သင်္ဘောသားများ၊ ဂျပန်ဘာသာစကားကို လေ့လာလိုသော ကျောင်းသား၊ ကျောင်းသူများနှင့် အလည်အပတ်ခရီးအဖြစ် သွားရောက်လိုသူများအတွက် အဆိုပါစာအုပ်တွင် ဂျပန်အသံထွက်၊ လမ်းမှားပြီးအခက်တွေ့နေလျှင်၊ ပိုက်ဆံ၊ စားစရာ သောက်စရာ၊ ရောင်းဝယ်ခြင်း၊ လမ်းညွှန်၊ အပန်းဖြေခြင်း၊ ကြည့်ရှုခြင်း၊ တယ်လီဖုန်း၊ စာတိုက်ရုံး စသည့်အခန်းကဏ္ဍပေါင်း ၁၆ ခုဖြင့် ဖော်ပြထားသည်။ ဂျပန်စကားပြောခြင်းကို လွယ်ကူစွာလေ့လာနိုင်စေရန် MP3 အသံခွေကိုပါထည့်သွင်းပေးထားသဖြင့် လေ့လာလိုသူများ ဆောင်ထားသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို မချိုမစာပေ၊ အမှတ်–၃၂၇ (ပထမထပ်–ဝဲ)၊ ၃၉လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၁–၈၃၉၂၈၃၅ နှင့် ၀၉–၇၇၃၇၇၄၇၃၃ တို့မှ ဖြန့်ချိသည်။**

## မဟာဗောဓိမဏ္ဍရိပ်သာ၌ တရားစခန်း ဖွင့်လှစ်မည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ မဟာဗောဓိမဏ္ဍရိပ်သာကျောင်းတိုက်တွင် (၇)ရက်အဓိဋ္ဌာန် တရားစခန်းပွဲ ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၀၉-၄၂၁၁၅၅၉၃၄ သို့ စာရင်းပေးသွင်းနိုင်ပါပြီ။

တရားစခန်းဝင်ရမည့်ရက် - ၇-၉-၂၀၁၈ ရက် (သောကြာနေ့)

တရားစခန်းပြီးဆုံးမည့်ရက် - ၁၃-၉-၂၀၁၈ ရက် (ကြာသပတေးနေ့)

## ဖခင်အမည်မှန်

မြောင်းမြမြို့၊ တောင်ပေါ်စု အထက၊ ဒသမတန်း၊ အတွဲ(၂)၊ တန်းခွဲ(D)မှ မောင်ခန့်ကြည်လင်း၏ ဖခင်အမည်မှန်မှာ ဦးချစ်ကိုကို[၁၄/မမန(နိုင်)၁၉၇၆၃၈] ဖြစ်ပါသည်။

**ဦးချစ်ကိုကို**

## ဖခင်အမည်မှန်

မြောင်းမြမြို့၊ တောင်ပေါ်စု အထက၊ ဒသမတန်းမှ နန့်ငုဝါဦး၏ ဖခင်အမည်မှန်မှာ ဦးစာကလေး[၁၄/မမန(နိုင်)၁၁၅၁၇၄]ဖြစ်ပါသည်။

**ဦးစာကလေး**

## ဖခင်အမည်မှန်

မြောင်းမြမြို့၊ တောင်ပေါ်စု အထက၊ အဋ္ဌမတန်းမှ စရှာဖန်ပွား၏ ဖခင်အမည်မှန်မှာ မန်းစဘစ်[၁၄/မမန(နိုင်) ၂၇၅၁၅၀] ဖြစ်ပါသည်။

**မန်းစဘစ်**

## လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ

အထက်ဖော်ပြပါ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်ပါ၍ ရန်ကုန်မြို့ပေါ်ရှိ လေးမျက်နှာမြို့နယ်ဖွား သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပါမည်။ ၎င်းနေ့တွင် ၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဝိဇ္ဇာဘာသာတွဲ မြန်မာတစ်နိုင်ငံလုံး စတုတ္ထအဆင့်ရရှိသူ မသဲသဲဇော်နှင့် ဂုဏ်ထူးရ ကျောင်းသူ/သားများအား ဆုချီးမြှင့်ပါမည်။ သို့ဖြစ်ပါ၍ အသင်းသူ/သား ဇာတိနွယ်ဖွားများ ကြွရောက်ကြည်ညိုသဒ္ဓါပွား လှူဒါန်းနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂-၉-၂၀၁၈ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ ၁း၀၀ နာရီ
ကျင်းပမည့်နေရာ - အောင်ဆန်းတောရတပ်ဦးကျောင်းတိုက်၊ စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊

မှတ်ချက် - Aung Gyi Group မိသားစုမှ နို့စိမ်းခေါက်ဆွဲနှင့် ဧည့်ခံပါမည်။
ဆက်သွယ်ရန် ဖုန်း(ဥက္ကဋ္ဌ) ၀၉-၅၀၈၀၈၅၅၊ (ဒု-ဥက္ကဋ္ဌ-၁) ၀၉-၄၂၁၀၉၄၄၇၉၊ (ဒု-ဥက္ကဋ္ဌ-၂)၀၉-၂၆၁၀၀၉၈၅၅၊ (ဒု-ဥက္ကဋ္ဌ-၃) ၀၉-၅၄၀၁၀၉၆၊ (အတွင်းရေးမှူး) ၀၉-၂၅၀၇၃၀၃၁၀

**အလုပ်အမှုဆောင်အဖွဲ့**

(၁၉၆၅)ခု စာပေနိုဘယ်ဆုရ ရုရှစာရေးဆရာ *Mikhail Sholokhov* ၏
**AND QUIET FLOWS THE DON**




အမြှာညီနောင်စာပေ
၀၁ ၉၀၀၀၉၂၉
၀၉၂၅၀၄၉၅၅၆၉
၀၉၄၂၅၀၉၈၀၂၅

**တသိမ့်သိမ့်ဒွန်**
**အတွဲ(၁/၂/၃/၄)**
**တက္ကသိုလ်နန္ဒမိတ်၊ မြတ်ငြိမ်း**
**ထွက်ပြီ။**
အတွဲ(၅/၆/၇/၈)
တင်မောင်မြင့်
ဆက်လက်ထွက်ရှိမည်။

## SPECIFIC PROCUREMENT NOTICE
## PROCUREMENT OF NON-CONSULTANCY SERVICES

Country : Myanmar
Project : Ayeyarwady Integrated River Basin Management (AIRBM) Project
Credit No. : 5559-MM
Contract Title : River Surveys and Very High Resolution Satellite data for Central and Upper Myanmar
Reference No. : S2.3

The Government of Myanmar has received financing from the World Bank toward the cost of the Ayeyarwady Integrated River Basin Management (AIRBM) Project, and intends to apply part of the proceeds toward payments under the contracts for River Surveys and Very High Resolution Satellite data for Central and Upper Myanmar.

The non-consultancy services include **Local topographic survey services to support river hydraulic modelling and flood hazard mapping in central and upper Myanmar**. Ministry of Transport and Communications, Directorate of Water Resources and Improvement of River Systems (DWIR), AIRBM Project, Project Management Unit (PMU) now invites sealed bids from eligible bidders for the non-consultancy services under *River Surveys and Very High Resolution Satellite data for Central and Upper Myanmar contract package.*

To be considered eligible and qualified a firm must:

a) Have completed within the last 5 years at least three contracts each with at least 50% of the total value of the bid in both topographic and hydrographic surveys, operating in Myanmar or in the region with some experience of delivering projects in Myanmar .

b) Have project experience in the application of satellite remote sensing to produce very high resolution Digital Elevation Models, GIS, AutoCAD and manipulation of survey data similar to the outputs required in Section 4. Description of the Services.

c) Have a survey team with minimum qualification as stipulated in Section 4. Description of the Services.

d) Be a registered company in Myanmar or abroad.

e) Not be under any notice of disbarment issued by the Government, or the World Bank.

Bidding will be conducted through the Shopping procedures as specified in the World Bank's *Guidelines: Procurement of Goods, Works and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers* dated January 2011 (revised July2014) ("Procurement Guidelines"), and is open to all eligible bidders as defined in the Procurement Guidelines.

Interested eligible bidders may obtain further information from:

Ms. Ei Kyipyar Soe or Mr. Aung Min, National Procurement Officers
No.400, DWIR Compound, Building (7), Lower Pazuntaung Road, Postal Code 11171, Pazuntaung Township, Yangon, Myanmar.
Telephone: +95 0959263657191, +95 095058307,
E-mail: procurement-unit@airbm.org; eikyipyarsoe@gmail.com; aungminaung1977@gmail.com; component2director@airbm.org; wittyisoe@gmail.com

and inspect the bidding documents during office hours *0900 to 1600 hours* at the address given above.

A complete set of bidding documents in English may be obtained free of charge by interested eligible bidders from the address above.

Bids must be delivered to the address above on or before on *1st October 2018 at 14:00 hours.* Late bids will be rejected. Bids will be publicly opened in the presence of the bidders' designated representatives and anyone who choose to attend at the address above on *1st October 2018 at 14:00 hours.* All bids must be accompanied by a Bid-Securing Declaration.

## ဒါရိုက်တာအဖွဲ့ဝင်ပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

ပထမမြန်မာ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့ဝင်(၆)ဦးမှ ၁၉-၆-၂၀၁၇ရက် ပုံစံ(င)အရ အောက်ပါ ဒါရိုက်တာအဖွဲ့ဝင်(၄)ဦးသို့ ပြောင်းလဲဖွဲ့စည်းလိုက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(၁) ဦးမျိုးနိုင်(ခ)ကော်ရှင်းလူ မန်နေဂျင်းဒါရိုက်တာ
(၂) ဦးလောဆန်(ခ)ဦးကျော်စိုး ဒါရိုက်တာ
(၃) ဒေါ်ရန်ဆီဝေ ဒါရိုက်တာ
(၄) ဦးလင်းအောင် ဒါရိုက်တာ

**ဦးမျိုးနိုင်(ခ)ကော်ရှင်းလူ**
**မန်နေဂျင်းဒါရိုက်တာ**
**ပထမမြန်မာအသေးစားငွေရေးကြေးရေးအဖွဲ့အစည်း**
**ဖုန်း-၀၉-၉၆၅၁၃၃၉၀၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၃၉)ရှိ RC (၂)ခန်းတွဲ(၆)ထပ်တိုက်၏ ဒုတိယထပ်(၃)လွှာ၊ ခြေရင်းဘက်အခန်း၊ ဧရိယာ(၅၄၀. ၅) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးညီညီ[၁၂/သဃက(နိုင်)၀၁၄၉၄၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးဝင်း[၁/ကမန(နိုင်)၀၃၁၇၁၈]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးအေးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းမင်းစိုး** | **ဒေါ်သူဇာကျော်** | **ဒေါ်ဝေဖြိုးအောင်** |
| **LL.B,WIPO(Switzerland)** | **LL.B,D.B.L,D.I.L,** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **WIPO(Switzerland)** | |
| **(စဉ်-၁၂၆၆၄)** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **Ph:09-450023651** | **(စဉ်-၄၆၀၅၁)** | **(စဉ်-၄၄၀၀၃)** |
| | **Ph-09 254508917** | **Ph-09-421157856** |

**Level (၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မမှ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ တိုက်အမှတ်(၂၃၂)၊ ဒါဘာ(ဘီ)ဟုခေါ်တွင်သည့် ဦးသီဟဇော်[၁၄/မမက(နိုင်)၂၉၃၄၁၅]ပိုင်ဆိုင်သော တိုက်ခန်းအား ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်မေမော်အေး**
**[၁၄/ဝခမ(နိုင်)၁၅၅၇၆၃]**
**ဖုန်း-၀၉-၄၂၀၀၉၁၁၉၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၃

DONGPENG PLASTIC MOULD AND MACHINE TRADING CO.,LTD
(၎င်း၏ကိုယ်စားမန်နေဂျာဦးရန်နိုင်ဝင်း)
**(တရားလို)**

နှင့်

Light Drinking Water Factory
၁။ ဦးမျိုးအောင်
၂။ ဒေါ်ဖြိုးပပအောင်
**(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း-၃၆၊ (၁)ရပ်ကွက်၊ ကျောက်ခွဲစက်ဘေး၊ ရတနာမိုးလမ်းသွယ်၊ အမှတ်-၂၇နေ (၁) တရားပြိုင် ဦးမျိုးအောင် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ကုန်ပစ္စည်းဖိုးငွေရလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ်၊ ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် (၁၃၈၀ခုနှစ်၊ တော်သလင်းလဆန်း ၃ရက်)မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မောင်မောင်အေး)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## အမွေဆက်ခံပိုင်ဆိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၇၁)၊ ၂၂လမ်းတွင် နေထိုင်သော သမ်ရှုကွမ်[၁၂/လသန(နိုင်)၀၂၀၃၉၄]ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာဝင်များဖြစ်သော ကျွန်တော်၏ ဖခင်ဖြစ်သူ ဦးသမ်ယုတင်သည် ၆-၁၁-၉၂ ရက်တွင်လည်းကောင်း၊ မိခင်ဒေါ်မိုင်ရွှေကြည်သည် ၁၁-၆-၂၀၀၀ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ၎င်းတို့မှ (၁)ဒေါ်သမ်မေလင်း၊ (၂)ဒေါ်သမ်မေပင်း၊ (၃)ဒေါ်သမ်မေဟုန်(ခ)ဒေါ်လှိုင်လှိုင်ငွေး၊ (၄)ဒေါ်သမ်မေဖင်း၊ (၅)ဦးသမ်ရှုကွမ်တို့ မွေးဖွားခဲ့ပါသည်။ ယခုအခါ (အိမ်ထောင်မရှိသူအပျိုကြီး) ဒေါ်သမ်မေဟုန်မှာ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၁၃ရက်တွင်လည်းကောင်း၊ ဒေါ်သမ်မေဖင်းမှာ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၄ ရက်တွင် မကာအို၌လည်းကောင်း ကွယ်လွန်ခဲ့ပါသည်။ ယခုအခါ မြန်မာပြည်တွင် သက်ရှိထင်ရှားရှိသူ အစ်မ၊ ဒေါ်သမ်မေပင်းနှင့် မောင်ဖြစ်သူ ဦးသမ်ရှုကွမ်တို့သာ ကျန်ရှိပါသည်။ မြန်မာပြည်တွင် ကွယ်လွန်သော ဒေါ်သမ်မေဟုန်ပိုင်ဆိုင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၂၁-B)၊ မြေကွက်အမှတ်(၄၀) ပေါ်တွင်တည်ရှိသော အမှတ်(၇၁)၊ ၂၂လမ်း၊ လသာမြို့နယ်ရှိနေအိမ်မှာ ၎င်းကွယ်လွန်သွားသဖြင့် မောင်ဖြစ်သူ ဦးသမ်ရှုကွမ်သို့ အမွေသက်ဆင်းသွားပါသည်။ သို့ဖြစ်ပါ၍ အထက်တွင်ဖော်ပြသော နေအိမ်တိုက်ခန်းမှာ မောင်ဖြစ်သူ ဦးသမ်ရှုကွမ်ကသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်စင်သွင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၂၆)**
**(၆၈/၅)ပုလဲလမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၈၇၀၃၉၇၅၂၊ ၀၉-၅၀၂၀၀၆၆**

## ဖခင်အမည်မှန်

မြောင်းမြမြို့၊ တောင်ပေါ်စု အထက၊ နဝမတန်း၊ အတွဲ(၂)၊ တန်းခွဲ(D)မှ နန့်မြခ့ာညို၏ ဖခင်အမည်မှန်မှာ မန်းရဲထူး[၁၄/မမန(နိုင်)၁၇၇၆၄၂]ဖြစ်ပါသည်။

**မန်းရဲထူး**

## ဖခင်အမည်မှန်

မြောင်းမြမြို့၊ တောင်ပေါ်စု အထက၊ ဒသမတန်း၊ အတွဲ(၂)၊ တန်းခွဲ(D)မှ စမျိုးကျော်ကျော်၏ ဖခင်အမည်မှန်မှာ မန်းချစ်အေး[၁၄/မမန(နိုင်)၂၅၀၀၅၆] ဖြစ်ပါသည်။

**မန်းချစ်အေး**

## အမည်ပြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထခွဲ အလက(၇)၊ ဒသမတန်းမှ မအေးချမ်းမြင့်၊ သတ္တမတန်းမှ မောင်ရဲပိုင်၊ စတုတ္ထတန်းမှ မမြမြရွှေတို့၏ဖခင် ဦးမြင့်ဇော်[၁၂/တကန(နိုင်)၂၂၄၂၅၃]ကိုင်ဆောင်သူအား ဦးမြင့်အောင်ဟု ပြောင်းလဲခေါ်ဝေါ်ပေးပါရန်။

**ဦးမြင့်အောင်**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈,၁၁(ကမာရွတ်)၊ လူနေရပ်ကွက်အမှတ်-မြကန်သာအိမ်ရာ၊ မြေကွက်အမှတ်(၂၇၅/ခ)၊ ဧရိယာ(၀. ၀၅၂)ဧကနှစ်(၆၀)မြေငှားစာချုပ် အမည်ပေါက်မှာ ဦးစိုးနိုင်[၁၀/မလမ(နိုင်)၁၁၄၈၂၂]၊ ဒေါ်ကြည်မွေး [၁၀/မလမ(နိုင်)၁၁၄၅၄၂] ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမည်ပေါက်ဖြစ်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဝင်းမြင့်[၁၂/ဥကတ(နိုင်)၀၇၆၁၁၇]မှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၃၄၇)ရက်စွဲ၂၃-၂- ၂၀၀၅ နှင့် ကျမ်းကျိန်လွှာအမှတ်စဉ်-၂၂၀/၁၈၊ ရက်စွဲ ၃၁-၇-၂၀၁၈ တို့တင်ပြ၍ "အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်" မြေပုံမြေရာဇဝင် ရေးကူးလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရလပ-၂၃)၊ မြေကွက်အမှတ်(၁၁၅၆)၊ အလျားပေ(၄၀)×အနံ ပေ(၆၀)၊ ဧရိယာ(၀. ၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ဒေါ်မိုးသက်ခိုင် အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ ဒေါ်မိုးသက်ခိုင်က အဆိုပါမြေကွက်ကို ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ကျွန်ုပ်တို့၏မိတ်ဆွေအား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေက ဒေါ်မိုးသက်ခိုင်ထံမှ ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤသတင်းစာတွင် ကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစံမြ(ပုလော)** | **ဒေါ်ရီရီဝင်း** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၇၁)** | **အထက်တန်းရှေ့နေ(စဉ်-၃၂၉၁)** |

**အမှတ်(၈၃)၊ အခန်း(၁၀)၊ ဒု-ထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၈၆၁၃၃၅၉၊ ၀၉-၉၇၅၂၈၃၆၇၅**

# စစ်တွေမြို့ရှိ သက္ကေပြင် ကယ်ဆယ်ရေးစခန်း၌ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ ကွင်းဆင်းသတင်းယူ



ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ သက္ကေပြင်ကယ်ဆယ်ရေးစခန်း၌ သတင်းရယူနေစဉ်။

**စစ်တွေ ဩဂုတ် ၂၂**
ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့များပါဝင်သော သတင်းအဖွဲ့သည် ယနေ့ညနေပိုင်းတွင် မြန်မာအမျိုးသား လေကြောင်းလိုင်းဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် စစ်တွေမြို့ရှိ သက္ကေပြင်ကယ်ဆယ်ရေးစခန်းသို့ သွားရောက်သတင်းရယူကြသည်။

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့တွင် Kyodo News၊ TV Asahi၊ Asahi Shinbum၊ French 24၊ AFP၊ EPA၊ BBC သတင်းဌာနတို့မှ သတင်းသမားများ လိုက်ပါလာကြသည်။

သက္ကေပြင် ကယ်ဆယ်ရေးစခန်းသည် ၂၀၁၂ ခုနှစ်မှစတင်တည်ရှိခဲ့ပြီး လက်ရှိတွင် အိမ်ထောင်စု တစ်ထောင်ကျော်၊ လူဦးရေ ခြောက်ထောင်ခန့်ရှိကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မင်းထက်**

## ဝူရှူးပြိုင်ပွဲတွင် မြန်မာ ကြေးတံဆိပ်ရရှိ

**ဂျကာတာ ဩဂုတ် ၂၂**
အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၏ ဝူရှူးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြန်မာ့လက်ရွေးစင် ဝူရှူးကစားသမား ငြိမ်းချမ်းကိုကိုက ကြေးတံဆိပ်ရရှိခဲ့သည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ❖**



ငြိမ်းချမ်းကိုကို ပြိုင်ပွဲယှဉ်ပြိုင်နေစဉ်။

# မြန်မာအမျိုးသမီး ပိုက်ကျော်ခြင်းအသင်း ကြေးတံဆိပ်ရရှိ

**ဂျကာတာ ဩဂုတ် ၂၂**
အာရှအားကစားပြိုင်ပွဲ၏ ပိုက်ကျော်ခြင်း သုံးယောက်တွဲ အသင်းလိုက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို ပလန်ဘမ်မြို့၌ ယနေ့ကျင်းပရာ မြန်မာအမျိုးသမီးအသင်း ကြေးတံဆိပ်ရခဲ့ပြီး ထိုင်းအသင်းက အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲနှစ်ခုစလုံးတွင် ဗိုလ်စွဲခဲ့သည်။

အမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲကို နံနက်ပိုင်းတွင် ကျင်းပခဲ့ပြီး ထိုင်းအသင်းက မြန်မာအသင်းကို နှစ်ပွဲပြတ်၊ တောင်ကိုရီးယားအသင်းက ဗီယက်နမ်အသင်းကို နှစ်ပွဲပြတ် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ဗိုလ်လုပွဲတက်ရောက်နိုင်ရန် ကြိုးပမ်းသော်လည်း ပိုက်ကျော်ခြင်းအင်အားကြီး ထိုင်းအသင်းက နိုင်ပွဲရယူသွားခြင်းဖြစ်သည်။ ထိုင်းအသင်းသည် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲနှစ်ခုစလုံးတွင် ဗိုလ်စွဲခဲ့ပြီး အမျိုးသားပြိုင်ပွဲတွင် မလေးရှား၊ အမျိုးသမီးပြိုင်ပွဲတွင် တောင်ကိုရီးယားကို အနိုင်ရကာ ရွှေတံဆိပ်ဆုများရခဲ့သည်။



အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ မြန်မာနှင့် ထိုင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-အား/ကာ

အာရှအားကစားပြိုင်ပွဲ၏ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဒုတိယပြိုင်ပွဲအဖြစ် အမျိုးသားနှစ်ယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ ဩဂုတ် ၂၃ ရက်တွင် စတင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ထိုင်း၊ မလေးရှား၊ လာအိုအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး လာအိုအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။ မြန်မာအမျိုးသားအသင်းသည် ယခုမှ ပထမဆုံးပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၂**

**စစ်တောင်းမြစ်**
ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**
သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် အဆိုပါမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။ **မိုး/ဇလ**


" 30 % ပေးချေပြီးသည် နှင့် သော့ရရှိနိုင်မည့် အခွင့်အရေး "







(၃၆)လတိတိ အရစ်ကျပေးချေနိုင်သည့် အခွင့်အရေး.......
- လှိုင်သာယာမြို့နယ်စက်မှုဇုန်များ၏အနီးတွင်တည်ရှိသော ရွှေကမ်းသာယာ အိမ်ရာ
- ပန်းလှိုင်၊ ဘုရင့်နောင်၊ အောင်ဇေယျ၊ ရွှေပြည်သာ တံတား(၄)ခု၏အနီးတွင်တည်ရှိ၍လွယ်ကူစွာသွားလာနိုင်သောနေရာ ..........
- နေထိုင်ရန်နှင့်စီးပွားရေးလုပ်ရန်အတွက်ပေါင်းစုထားသောနေရာ ............
- နေထိုင်သူများအတွက်အဆင်ပြေကျေနပ်မှုရှိစေရုံသာမက စီးပွားရေးလုပ်ရန်၊ ဆိုင်ခန်းဖွင့်ရန် ကောင်းမွန်သောနေရာ ..........
- ခေတ်မှီကလေးကစားကွင်း၊ ဘောလုံးကွင်းနှင့်အားကစားလေ့ကျင့်နိုင်သည့် ပစ္စည်းများပါရှိမည်ဖြစ်သောကြောင့် လူကြီးလူငယ်အပန်းဖြေပျော်ရွှင်စေနိုင်မည့်နေရာ . . . .




ဖုန်း—၆၅၀၅၃၅၊၆၆၆၀၈၃၊၆၅၀၄၃၆၊၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။